# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၆ ရက် အင်္ဂါနေ့။ Tuesday, 3 January 2017 (၈၇၉၅)


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

# ပြည်သူ့ဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံ၏စီမံအုပ်ချုပ်ရေးယန္တရားကြီး အောင်မြင်စွာ လည်ပတ်နိုင်ရေး၊ ပြည်သူများအား ဝန်ဆောင်မှုပေးရေးအတွက် တာဝန်ယူဆောင်ရွက်ကြရမည်

**နေပြည်တော် ဇန်နဝါရီ ၂**

အစိုးရပြောင်းလဲခြင်း၊ ခေါင်းဆောင်ပြောင်းလဲခြင်းသည် ပါတီစုံဒီမိုကရေစီခေတ်တွင် ပုံမှန်ကိစ္စတစ်ရပ်ဖြစ်ကြောင်း၊ မည်သည့်ပါတီကပင် အစိုးရဖွဲ့စည်းသည်ဖြစ်စေ ဌာနအကြီးအမှူး၊ အဆင့်မြင့်အရာထမ်းများမှစ၍ အောက်ခြေအဆင့်အမှုထမ်းများအထိ ပြည်သူ့ဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံ၏ စီမံအုပ်ချုပ်ရေးယန္တရားကြီး အောင်မြင်စွာ လည်ပတ်နိုင်ရေး၊ ပြည်သူများအား ဝန်ဆောင်မှုပေးရေးအတွက် တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

ပြည်သူ့ဝန်ထမ်း အကယ်ဒမီ (Civil Services Academy-CSA) ဖွင့်ပွဲနှင့် အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂



ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်ပွဲနှင့် အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

## ဇဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်ပွဲ အခမ်းအနားကျင်းပ

စာမျက်နှာ - ၃

## (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့၌ ၎င်းနေ့ နံနက် ၆ နာရီ မိနစ် ၄၀ မှ စတင်၍ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လွတ်လပ်ရေးနေ့ဆန္ဒမွန်

စာမျက်နှာ - ၆

## ပြည်သူများအတွက် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ

စာမျက်နှာ - ၇




ကြေးမုံ

# လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေး

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်သည့် အစောပိုင်းကာလက လက်နက်စွဲကိုင်တော်လှန်ခြင်းမပြုနိုင်သေးဘဲ ဘာသာရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ လူမျိုးရေးတို့ဘက်တွင် စည်းလုံးညီညာခြင်းနည်းဖြင့် တိုက်ပွဲဝင်ခဲ့သည်။ လွတ်လပ်ရေးဆုံးရှုံး၍ ဝါးအစည်းပြေသကဲ့သို့ရှိနေသောလူမျိုးကို ဘာသာရေးနှင့်စည်းရုံးသည်။ မြန်မာ့ယဉ်ကျေးမှုကိုဂုဏ်ယူခြင်းဖြင့် စိတ်ဓာတ်တင်းထားသည်။ ခေတ်ပညာများနှင့် မြန်မာ့ရှေးဟောင်းပညာများ အစုံအလင်တတ်ကျွမ်းမှ နယ်ချဲ့ကိုအန်တုနိုင်မည်ဟု နားလည်ကြ၍ ပညာရေး၌ ကြိုးပမ်းကြသည်။

သို့သော် ကမ္ဘာ့အရေးသည် စစ်ပွဲအသွင်ဖြစ်ပွားနေသည့် စစ်မီးတောက်ပျံ့နှံ့နေချိန်ဖြစ်၍ လက်နက်စစ်ကူနိုင်ငံခြားမှယူကာ လွတ်လပ်ရေးအတွက် တိုက်ယူရန်ဆုံးဖြတ်ခဲ့ကြသည်။ ဤသို့ဖြင့် ရဲဘော်သုံးကျိပ်နှင့်ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး ပေါ်ပေါက်လာသည်။ ကျောင်းသား၊ ဆရာ၊ လယ်သမား၊ အလုပ်သမား၊ နိုင်ငံရေးသမား၊ ဖခင်နှင့်သား၊ မောင်နှင့်ရည်းစားမကျန် ထောင်သောင်းချီ၍ တပ်မတော်တွင် တစ်စိတ်တစ်ဝမ်းတည်း ပါဝင်ခဲ့ကြသည်။ လွတ်လပ်ရေးတပ်မတော်သည် မြန်မာ့စိတ်ဓာတ်ဖြစ်ခဲ့သည်။

တစ်မျိုးသားလုံးအောင်စိတ်၊ လွတ်လပ်လိုသောစိတ်တို့ စုပေါင်းထားသော စိတ်ဓာတ်ကို အသက်သွင်းပေးနိုင်ခဲ့သည်။ ထိုအောင်စိတ်၊ လွတ်လပ်ရေး ရရှိလိုသောစိတ်ဖြင့် ကျူးကျော်သူနယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ရာတွင် မျိုးချစ်မြန်မာများ အသက် သွေး ချွေးမြောက်မြားစွာ ရင်းနှီးပေးဆပ်ခဲ့ရသလို နယ်ချဲ့တို့၏အသက်ခန္ဓာ မြောက်မြားစွာတို့လည်း တစ်စစီကြေမွပျက်သုဉ်းခဲ့ရသည်။


မိမိနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် အသက်နှင့်ခန္ဓာအမြောက်အမြားကို ရင်းနှီးပေးဆပ်ရခြင်းသည် တရားသောစစ်ကိုဆင်နွှဲခြင်းဖြစ်၍ စွန့်လွှတ်ပေးဆပ်ထိုက်သည်။ တိုင်းရင်းသားပြည်သူများစွာတို့၏ အသက်ခန္ဓာများ ရင်းနှီးပေးဆပ်ထားသော လွတ်လပ်သောနိုင်ငံသည် အဖိုးအနဂ္ဃထိုက်တန်သည်။ တန်ဖိုးကြီးမားသည်။ ဤမျှ ရင်းနှီးပေးဆပ်ထားသောနိုင်ငံမှ ဘိုးဘွားတို့၏ သား၊ မြေး၊ မြစ်တို့ အသက်ခန္ဓာများ တန်ဖိုးရှိစွာရှင်သန်ရပ်တည်နိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်။

အမှန်တကယ်တွင် စစ်ပွဲဟူသည်မှာ လူ့အသက်များစွာကျေပြုန်းခြင်းဖြစ်၍ အနိဋ္ဌာရုံသက်သက်သာဖြစ်သည်။မိမိတို့နိုင်ငံလွတ်လပ်ရေးအတွက် စစ်ပွဲကိုမဖြစ်မနေဆင်နွှဲခဲ့ရခြင်းဖြစ်သည်။ မတရားနယ်ချဲ့ကျူးကျော်မှုကို မခံမရပ်နိုင်ဖြစ်ကြ၍ ပြည်ထောင်စုသားဘိုးဘွားများ၏ အားမာန်များဖြင့် ကျားကုတ်ကျားခဲခုခံတော်လှန်ရယူခဲ့ရသည့် ဤပြည်ထောင်စုကြီးကို မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများပက်ဖျန်းကာ ငြိမ်းချမ်းသာယာဖွံ့ဖြိုးသောနိုင်ငံဖြစ်အောင် ပြန်လည်တည်ဆောက်ကြရမည်။

လွတ်လပ်ရေးရပြီးသော်လည်း တိုင်းရင်းသားညီနောင်အချင်းချင်း အယူအဆ၊ ဝါဒကွဲပြားမှုတို့ကြောင့် နိုင်ငံအတွင်းစစ်ပွဲများ ဆင်နွှဲနေရဆဲဖြစ်သည်။ လွတ်လပ်ရေးရပြီးကတည်းကဆိုလျှင် နှစ်ပေါင်း ၇၀ ခန့်ရှိပြီဖြစ်သည်။ ယနေ့အချိန်အထိ သဘောတူညီမှု ငြိမ်းချမ်းရေးမရသေးသည်မှာ လွတ်လပ်သောနိုင်ငံများတွင် မရှိသလောက်ပင်။ ငြိမ်းချမ်းရေးအတွက် လက်နက်မကိုင်ဘဲ ငြိမ်းချမ်းသောအသွင်ဖြင့် ဆွေးနွေးခဲ့ကြသည်မှာလည်း အကြိမ်ကြိမ်ပင်ဖြစ်သည်။ ဤမျှကြာမြင့်သောအချိန်ကာလအတွင်း လွတ်လပ်ရေးကိုအရယူပေးခဲ့သော အဘိုးအဘွားများ၏ကျေးဇူးတရားနှင့်မျက်နှာများကိုထောက်ရှု၍ ဘိုးဘွားများ၏မြေး၊ မြစ်များ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်နိုင်ရေးအတွက် ညီညီညွတ်ညွတ်ရှိစေချင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး အမြင်မတူ ကွဲပြားခြားနားမှုများကိုလျှော့ချ၍ လောဘ၊ ဒေါသ၊ မောဟများ ပါးလျားအောင်ပြုလုပ်နိုင်မည်ဆိုလျှင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးလည်း မြန်မြန်ဆန်ဆန် အောင်မြင်လာမည်ဟု ယုံကြည်ပါသည်။ ။




## နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ပြည်သူများထံဖြန့်ဝေ

**တနသ်ာရီ ဇန်နဝါရီ ၂**

တနင်္သာရီမြို့နယ် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစိုးစိုးလွင် ဦးဆောင်သော ပူးပေါင်းအဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီခွဲမှစ၍ ဒေသခံပြည်သူများ၊ ကျေးရွာများမှ ခရီးသွားပြည်သူများ၊ တက္ကစီယာဉ်မောင်းများနှင့် ဈေးသူဈေးသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခြင်းနှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာများပါဝင်သော အသိပညာပေးလက်ကမ်းစာစောင် ၃၀၀ ကို ပြည်သူများထံသို့ ဖြန့်ဝေပေးကြကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့တွင် မြို့နယ်လဝကဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးအဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လက်ကမ်းစာစောင်၌ အသက်(၁၀)နှစ်(သို့မဟုတ်)အသက်(၁၈)နှစ်ပြည့်ကတ်ပြားလျှောက်ထားခြင်း၊ လဲလှယ်လျှောက်ထားခြင်းနှင့် ပျောက်ဆုံးပျက်စီး၍ မိတ္တူလျှောက်ထားခြင်းဆိုင်ရာများနှင့်ပတ်သက်၍ ပါရှိသည့် အထောက်အထားများနှင့် မြန်မာနိုင်ငံသား ဥပဒေပုဒ်မဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကို ဖော်ပြထားရှိသည်။

**ထိန်ဝင်း(ပြန်ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## လွတ်လပ်ရေးနေ့အကြို ကလေးပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၂**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ကလေးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေမိုးအေးက အမှာစကားပြောကြားပြီး မြောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်မိခင်နှင့်ကလေးဆရာဝန် ဒေါက်တာ အာကာချမ်းမင်းက ကလေးပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် Gold Power ကလေးအာဟာရအမှုန့် ကုမ္ပဏီ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်အိအိပိုက မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ရန်ပုံငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေမိုးအေးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် သုံးမြွာပူးမွေးဖွားသော မိခင် ဒေါ်ဖြူဖြူဝင်းအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွေမိုးအေးက ထောက်ပံ့ငွေကျပ် သုံးသိန်းပေးအပ်ပြီး (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ကလေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသည့် ကလေးများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။**(အောက်ပုံ)** **ဉာဏ်ဟိန်း(အင်းစိန်)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

### ❂ ပြည်သူ့ဝန်ထမ်းအဆင့်ဆင့်မှ

ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် အထက်ပါအတိုင်းထည့်သွင်းပြောကြားလိုက်ခြင်းဖြစ်သည်။

ဒုတိယသမ္မတက နိုင်ငံတော်အပေါ် သစ္စာရှိသည့်၊ မိမိအလုပ်အပေါ် တာဝန်ယူသည့်၊ လိုလားတက်ကြွစွာဖြင့် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင်ကြိုးစားပြီး ဝန်ထမ်းအဖွဲ့အစည်း၏ ရည်မှန်းချက်အောင်မြင်ပြီးမြောက်အောင် ပါဝင်ကူညီပေးကြရန်လိုကြောင်း၊ ဝန်ထမ်းသက်တမ်းတစ်လျှောက် အစဉ်လေ့လာသင်ယူပြီး ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သည့် အုပ်ချုပ်မှုယန္တရား လည်ပတ်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍမှပါဝင်ကြရန် ထပ်မံတိုက်တွန်းလိုကြောင်း၊ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးမဏ္ဍိုင်တည်ထောင်နိုင်ရေးနှင့် အနာဂတ်တွင် ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် ခေါင်းဆောင်များဖြစ်လာကြမည့် လူငယ်အရာထမ်းသင်တန်းသားများအနေဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားလေ့လာသင်ယူပြီး ယခုသင်တန်းမှ ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာအသုံးချကြစေလိုကြောင်း ပြောကြားသည်။

နိုင်ငံတစ်နိုင်ငံ၌ အုပ်ချုပ်ရေးကဏ္ဍသည် နိုင်ငံရေး၊ စီးပွားရေး စသည့် ကဏ္ဍအားလုံးနှင့် ဆက်စပ်နေကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မည်ဆိုပါက အဆိုပါအပြောင်းအလဲများကို လက်တွေ့ဖော်ဆောင်ပေးမည့် အုပ်ချုပ်ရေးကဏ္ဍကို အပြောင်းအလဲလုပ်ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရန် အရေးကြီးသလို ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်သည်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် အစိုးရ၊ ပုဂ္ဂလိက မည်သည့်ကဏ္ဍတွင်မဆို စီမံခန့်ခွဲ အုပ်ချုပ်မှု၊ ဝန်ဆောင်မှု၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် လူ့စွမ်းအားအရင်းအမြစ်သည် အဓိကကျသည့်အခန်းကဏ္ဍတွင် ပါဝင်ကြောင်း။

နိုင်ငံတော်တွင် အစိုးရအဆက်ဆက်၏ ခေါင်းဆောင်သူများ၊ ဦးဆောင်သည့်ပါတီများ ပြောင်းလဲမှုများရှိသော်လည်း နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန်အတွက် ဆောင်ရွက်နေကြသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအပေါ် မူတည်ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်များသည် အရည်အသွေးပြည့်မီသော ပြည်သူ့ဝန်ထမ်းကောင်းများသာမက ပုဂ္ဂလိကကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကိုပါ ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်အတွက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်အသီးသီး၏ ကွပ်ကဲမှုအောက်တွင် "ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA)" တစ်ခုစီ ဖွင့်လှစ်သွားရန် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့က လမ်းညွှန်မှုပြုခဲ့ကြောင်း။

ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၌ ယခင်က ပုံမှန်သင်တန်းများတွင် ပို့ချသည့် စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေးသိပ္ပံ၊ နိုင်ငံရေးသိပ္ပံ၊ ဥပဒေစသည့်ဘာသာရပ်ငါးခုအပြင် ယနေ့ နိုင်ငံ့ဝန်ထမ်းတိုင်း မဖြစ်မနေတတ်ကျွမ်းရန်လိုအပ်သည့် အင်္ဂလိပ်စာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဘာသာရပ်များကိုပါ ဖြည့်စွက်ပြီး စုစုပေါင်းဘာသာရပ် ခုနစ်ခုကို ပြည်သူ့ဝန်ထမ်းအကယ်ဒမီမှ နည်းပြဆရာ၊ ဆရာမများအပြင် ဘာသာရပ်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များကပါ ပို့ချပေးနိုင်ရန် စီစဉ်ထားရှိကြောင်း၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီကို တည်ထောင်ဖွင့်လှစ်နိုင်ခြင်းသည် ဗဟိုဝန်ထမ်းတက္ကသိုလ်စတင်တည်ထောင်သည့် ၁၉၆၅ ခုနှစ်မှ ယနေ့အထိ နှစ်ပေါင်း (၅၀)ကျော် ကာလအတွင်း အထင်ရှားဆုံး တိုးတက်မှုတစ်ခုဖြစ်ကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် "ခေတ်သစ်တစ်ခုကို အကောင်အထည်ဖော်ရာတွင် ပညာ၊ စေတနာ၊ သတ္တိဆိုသည့် အရာသုံးမျိုးလိုအပ်ကြောင်း၊ ပညာရှိမှသာ မှန်ကန်သည့် လမ်းမှန်ကိုရွေးချယ်တတ်ပြီး လမ်းမှန်ပေါ်ရောက်ရှိမည်ဖြစ်ကြောင်း၊ လမ်းမှန်ကိုသိသော်လည်း သွားချင်သည့်စေတနာရှိရန်လိုကြောင်း၊ မိမိအကျိုးစီးပွား၊ အဖွဲ့အစည်းအကျိုးစီးပွားသာမက နိုင်ငံ့အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးလိုသည့် စေတနာရှိမှသာ လမ်းမှန်ကို လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ သတ္တိရှိစွာဖြင့် လမ်းသစ်ကို လျှောက်လှမ်းရန်လည်း လိုကြောင်း" ကို လမ်းညွှန်ခဲ့ကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ပါမောက္ခချုပ် ဦးအောင်တင်စိုးတို့က ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ဆိုင်းဘုတ်ကျောက်စာတိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ဆိုင်းဘုတ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးခြင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားခြင်း၊ ဒုတိယသမ္မတနှင့်အဖွဲ့က ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ဖွင့်လှစ်တည်ထောင်ရန်ကြိုးစားမှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုပြီး ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ သင်တန်းသားသင်တန်းသူ အိပ်ဆောင် စားရိပ်သာ၊ စာသင်ဆောင်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်စာကြည့်တိုက်တို့ကို လိုက်လံကြည့်ရှုခြင်းများ ဆောင်ရွက်သည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် စစ်ပညာဘာသာရပ်အပါအဝင် လေ့ကျင့်ရေးကို အခြေပြုသောသင်ကြားမှုပုံစံမှ ယခုအခါ နိုင်ငံ့ဝန်ထမ်းများ၏ ပညာရည်တိုးတက်မြင့်မားမှုကိုအခြေပြုသော သင်ကြားမှုပုံစံများပြောင်းလဲရန်လိုအပ်လာသည့်အတွက် ပြည်သူ့ဝန်ထမ်းအကယ်ဒမီကို ဖွင့်လှစ်တည်ထောင်ရခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ဖွင့်လှစ်ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သမားရိုးကျလေ့ကျင့် သင်ကြားမှုအသွင်မှ နိုင်ငံတကာ ပြည်သူ့ဝန်ထမ်းကျောင်းများနည်းတူ အဆင့်မြင့်ပညာရပ်များကို စနစ်တကျလေ့လာသင်ကြားပေးနိုင်ရန်၊ နိုင်ငံ့ဝန်ထမ်းများ၏ ရာထူးအဆင့်အလိုက် အဆင့်မြင့်စီမံခန့်ခွဲမှုပညာရပ်များကို စာတွေ့သာမက လက်တွေ့နယ်ပယ်တွင် ကဏ္ဍအလိုက် အကျိုးရှိစွာ အသုံးချတတ်စေရန်ဖြစ်ပြီး ရာထူးအဆင့်အလိုက် အရာထမ်းလောင်းဝန်ထမ်းများအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်း၊ အလယ်အလတ်အဆင့်အရာထမ်းများအတွက် အဆင့်မြင့်ဒီပလိုမာသင်တန်း၊ အဆင့်မြင့်အရာထမ်းများအတွက် မဟာဘွဲ့သင်တန်းများဖွင့်လှစ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည့်အပြင် အဆင့်အလိုက် ဘွဲ့လွန်ဒီပလိုမာ၊ အဆင့်မြင့်ဒီပလိုမာနှင့် မဟာဘွဲ့တို့ကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်ပွဲအခမ်းအနားနှင့် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးပွားနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးညီညီစံတို့က ပြည်သူ့ဝန်ထမ်းအကယ်ဒမီကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများက ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ကျင်းပသည့် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းတို့ပြောကြားသည့်မိန့်ခွန်းကို ရုပ်ပုံသံလွှင့်ဗီဒီယိုဖြင့်ပြသသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများအား ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်လှစ်တည်ထောင်ခြင်းမှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်၊ EU Delegation မှ Programme Manager Mr. Patrick Mcclay တို့အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးဝင်းမော်နှင့် တာဝန်ရှိသူများက ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်လှစ်ခြင်းအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများပေးအပ်သည်။



ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများသည် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ဝင်းအတွင်းရှိ သင်တန်းသား သင်တန်းသူများ စာသင်ဆောင်၊ အိပ်ဆောင်နှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုသည်။

ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၁)ကို ဇန်နဝါရီ ၂ ရက်မှ မေ ၄ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၁ ဦး တက်ရောက်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ဖျာပုံတွင် မိုးစပါး(လာအိုကောက်ညင်း) စံကွက်ရိတ်သိမ်း

**ဖျာပုံ ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အေးသာယာကျေးရွာအုပ်စု ကွင်းအမှတ်(၄၁၉) ဦးပိုင်အမှတ်(၃က/၁)ရှိ တောင်သူ ဦးကျော်စိုးမင်း၏ ၃၈ ဒသမ ၀၀ ဧကရှိ လယ်မြေတွင် မိုးစပါး(လာအိုကောက်ညင်း) စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ကျော်လှိုင်၊ ခရိုင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ယခုနှစ် ဖျာပုံမြို့နယ်အတွင်း မိုးစပါးစံကွက်ရိတ်သိမ်းပြီးစီးမှုမှာ သုည ဒသမ ၁၀ ဧကကွက် ၁၇ ကွက်နှင့် အကွက်ငယ်ပေါင်း ၃၅၅ ကွက် ရိတ်သိမ်းပြီးဖြစ်ကြောင်းနှင့် ယနေ့ ရိတ်သိမ်းသည့် စံကွက်အထွက်နှုန်းမှာ တစ်ဧကလျှင်(အစိုတင်း) ၈၀ ဒသမ ၄၆ တင်း ထွက်ရှိကြောင်း ပြောကြားသည်။

**(သပြေထွန်း)**

# ထရန့်၏ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်

**နယူးယောက် ဇန်နဝါရီ ၂**

ပေါ်တူဂီဝန်ကြီးချုပ်ဟောင်း အန်သော်နျိုး ဂူးတဲရက်ရှ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးတာဝန်သစ်ကို စတင်ထမ်းဆောင်ပြီဖြစ်သည်။ ဂူးတဲရက်ရှ်အနေဖြင့် ဒေါ်နယ်ထရန့် ဦးဆောင်မည့် အမေရိကန်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ကြုံဖွယ်ရှိနေသည်။

ယခင်က ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဂူးတဲရက်ရှ်သည် ငါးနှစ်သက်တမ်းရှိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးကို ဇန်နဝါရီ ၁ ရက် တနင်္ဂနွေနေ့တွင် စတင်ထမ်းဆောင်ပြီဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဂူးတဲရက်ရှ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် အောက်တိုဘာလအတွင်းက မဲပေးရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ အမျိုးသမီးအခွင့်အရေးနှင့် ဒုက္ခသည်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းသွားမည်ဟု ဂူးတဲရက်ရှ်က ကတိပြုပြောကြားသည်။

ဂူးတဲရက်ရှ်သည် ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်သမ္မတဖြစ်လာမည့် ဒေါ်နယ်ထရန့်၏ အကဲဆတ်သည့် ရပ်တည်ချက်အချို့နှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။ ထရန့်က ၎င်း၏ အစိုးရအဖွဲ့တွင် ရာသီဥတုပြောင်းလဲလာမှုကို



လက်မခံသူအား ရွေးချယ်ထားပြီး ကုလသမဂ္ဂအဖွဲ့ကြီးက ရာသီဥတုပြောင်းလဲလာမှုပြဿနာကို တက်တက်ကြွကြွကိုင်တွယ်ဖြေရှင်းလျက်ရှိသည်။

ထို့ပြင် ထရန့်က အစ္စရေး-ပါလက်စတိုင်းပြဿနာတွင် အစ္စရေးနိုင်ငံ၏ အခြေချအိမ်ရာတည်ဆောက်မှုကို ထောက်ခံအားပေးခဲ့ပြီး သူသမ္မတဖြစ်လာချိန်တွင် လက်ရှိအနေအထားကို အပြောင်းအလဲပြုလုပ်သွားမည်ဟု ဆိုထားသည်။ လောလောဆယ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အစ္စရေးနိုင်ငံ၏ အနောက်ဘက်ကမ်းတွင် အခြေချအိမ်ရာတိုးချဲ့တည်ဆောက်မှုကို ရပ်တန့်ရန် ဆုံးဖြတ်ထားသည်။

အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ငါးနိုင်ငံတွင်ပါဝင်ပြီး ကုလသမဂ္ဂအဖွဲ့ကြီး၏ ဘက်ဂျက် ၂၀ ရာခိုင်နှုန်းကျော်ကို ထောက်ပံ့ပေးထားသည့် နိုင်ငံဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# သမ္မတပတ်၏ နိုင်ငံရေးအရှုပ်တော်ပုံနှင့် ပတ်သက်နေသူ၏သမီးကို ဒိန်းမတ်ရဲတပ်ဖွဲ့ ထိန်းသိမ်း

**ဆိုးလ် ဇန်နဝါရီ ၂**

တောင်ကိုရီးယားနိုင်ငံ၌ ရာထူးအာဏာသြဇာအရှိန်အဝါအသုံးပြုမှုနှင့်သက်ဆိုင်နေသော နိုင်ငံရေးအရှုပ်တော်ပုံတစ်ရပ်တွင် အဓိကပါဝင်ပတ်သက်နေရသူ အမျိုးသမီးတစ်ဦး၏ သမီးဖြစ်သူကို ဒိန်းမတ်ရဲတပ်ဖွဲ့က ထိန်းသိမ်းလိုက်ကြောင်း တောင်ကိုရီးယားအစိုးရရှေ့နေများက ဇန်နဝါရီ ၂ ရက်တွင် ပြောကြားသည်။

ဒိန်းမတ်နိုင်ငံ၌ ထိန်းသိမ်းခံလိုက်ရသူမှာ အသက် (၂၀) အရွယ်ရှိ ချွန်ယူရာဆိုသူဖြစ်ပြီး ယင်းနိုင်ငံ၌ တရားမဝင်နေထိုင်လျက်ရှိသည်ဟု စွပ်စွဲခံထားရကြောင်း၊ ၎င်းကို လွှဲပြောင်းပေးအပ်ရန် တောင်ကိုရီးယားရဲတပ်ဖွဲ့က ပန်ကြားထားကြောင်း အစိုးရရှေ့နေများက ပြောကြားသည်။

ချွန်ယူရာ၏ မိခင်ချွိုင်ဆွန်းစီမှာ တောင်ကိုရီးယားသမ္မတ ပတ်ကွန်ဟေးနှင့် ရင်းနှီးခင်မင်မှုကို အကြောင်းပြု၍ ပုဂ္ဂိုလ်ရေးအကျိုးအမြတ်ရရှိအောင် လုပ်ဆောင်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။ သမ္မတပတ်နှင့် ချွိုင်တို့က စွပ်စွဲချက်များနှင့်ပတ်သက်၍ ငြင်းဆိုခဲ့ကြသော်လည်း ပြည်သူတို့အား ဝန်ချတောင်းပန်ခဲ့ကြပြီးဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၌ သမ္မတ ပတ်အားဆန့်ကျင်သည့် ဆန္ဒပြပွဲများ ရက်သတ္တပတ်ပေါင်းများစွာကြာအောင် ဖြစ်ပွားခဲ့ပြီးနောက် သမ္မတအား ပါလီမန်တွင် စွပ်စွဲပြစ်တင်မှုပြုလုပ်ရန် ဒီဇင်ဘာ ၉ ရက်တွင် အမတ်များက မဲပေးဆုံးဖြတ်ခဲ့ကြသည်။

ဒိန်းမတ်၌ အဖမ်းခံရသူ ချွန်ယူရာသည် တောင်ကိုရီးယား မြင်းစီးလက်ရွေးစင်အသင်းမှ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ပြီး ဒိန်းမတ်နိုင်ငံ မြောက်ပိုင်း အယ်လ်ဘော့မြို့၌ ဇန်နဝါရီ ၂ ရက်တွင် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

**ရိုက်တာ။**




# အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ၊ ၂၄ ဦးသေဆုံး

**ဘဂ္ဂဒက် ဇန်နဝါရီ ၂**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ လူစည်ကားသောအရပ်တွင် အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး(အိုင်အက်စ်)အဖွဲ့၏ လက်ချက်ဟုဆိုသော ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၂၄ ဦး သေဆုံးရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘဂ္ဂဒက်ရှိ ဆာဒါးစီးတီးအရပ်၌ ရှီးယိုက်မွတ်စလင်အလုပ်သမားများ စုဝေးရောက်ရှိနေစဉ် ဆွန်နီမွတ်စလင်အစွန်းရောက်အဖွဲ့ဖြစ်သော အိုက်အက်စ်အဖွဲ့က ကားဗုံးခွဲကာ တိုက်ခိုက်ခဲ့ကြောင်း ယင်းအဖွဲ့ကို ထောက်ခံသောအေမက်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ထိုစဉ်အတွင်း မြို့တော်ဘဂ္ဂဒက်မှ မိုဆူးလ်မြို့သို့ ဦးတည်သော လမ်းမကြီးကို စစ်သွေးကြွတို့က ဖြတ်တောက်ခဲ့သည်။ မိုဆူးလ်မြို့သည် အိုင်အက်စ်စစ်သွေးကြွတို့၏ နောက်ဆုံးခြေကုပ်စခန်းမြို့ဖြစ်သည်။

အမေရိကန် ထောက်ခံသော အီရတ်တပ်ဖွဲ့များသည် အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုဆူးလ်မြို့မှ အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းနိုင်ရန် စစ်ဆင်နွှဲတိုက်ခိုက်လျက်ရှိသည်။ အိုင်အက်စ်စစ်သွေးကြွများကို အီရတ်တပ်ဖွဲ့က ပြောက်ကျားစစ်ပွဲပုံစံဖြင့် ခုခံတိုက်ခိုက်နေဆဲဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**



# ဟောင်ကောင်ကို အခြေစိုက်၍ နိုင်ငံရေးအရအဖျက်အမှောင့်ပြုမှုများကို တရုတ်အစိုးရက လက်မခံဟုဆို

**ပေကျင်း ဇန်နဝါရီ ၂**

တရုတ်အစိုးရအဖွဲ့အား နိုင်ငံရေးအရ အဖျက်အမှောင့်ပြုလုပ်နိုင်စေရန်လည်းကောင်း၊ နိုင်ငံရေးတည်ငြိမ်မှုပျက်ပြားစေရေးအတွက် လှုပ်ရှားဆောင်ရွက်နိုင်စေရန်လည်းကောင်း မည်သူတစ်ဦးတစ်ယောက်ကမျှ ဟောင်ကောင်ကို အခြေစိုက်ကာ လုပ်ဆောင်ခွင့်ပေးမည် မဟုတ်ကြောင်း ဟောင်ကောင်ရှိ တရုတ်အစိုးရအထက်တန်း တာဝန်ရှိသူတစ်ဦးက နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနသို့ ပြောကြားလိုက်သည်။

ဟောင်ကောင်၌ လွတ်လပ်ရေးလှုပ်ရှားမှုအားကောင်းလာမည့်အရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ပိုမိုပေါ်ထွက်လာချိန်တွင် ဟောင်ကောင်ရှိ တရုတ်အစိုးရဆက်သွယ်ရေးရုံးအကြီးအကဲ ကျန်ကျောက်မင်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဟောင်ကောင်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ထိပါးစေမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ တရုတ်အစိုးရအဖွဲ့က ကြားဝင်စွက်ဖက်မည် မဟုတ်ကြောင်း၊ တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် လုံခြုံရေးတို့ကို ထိခိုက်နစ်နာစေရေးအတွက် မည်သူတစ်ဦး တစ်ယောက်ကမျှ ဟောင်ကောင်ကို အသုံးချခွင့်ပေးနိုင်မည် မဟုတ်ကြောင်း ကျန်က နိုင်ငံပိုင်ရုပ်မြင်သံကြားဌာန၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

၁၉၉၇ ခုနှစ်တွင် အင်္ဂလိပ်ကိုလိုနီနယ်မြေဟောင်း ဟောင်ကောင်သည် တရုတ်ပြည်မကြီးနှင့် ပြန်လည်ပေါင်းစည်းခဲ့ချိန်မှစ၍ "တစ်နိုင်ငံ စနစ်နှစ်မျိုး"မူဝါဒအရ ဟောင်ကောင်ဒေသကို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် တရုတ်အစိုးရအဖွဲ့က အသိအမှတ်ပြုခဲ့သည်။

သို့ရာတွင် မကြာသေးမီကာလအတွင်း ဟောင်ကောင်တွင် တရုတ်အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ ဖြစ်ပွားခဲ့သည်။

ဗဟိုအစိုးရအဖွဲ့၏ အခွင့်အာဏာပိုင်စိုးမှုနှင့်ပတ်သက်၍ စိန်ခေါ်လာမှုများကို လက်ခံနိုင်မည်မဟုတ်ကြောင်း၊ ဟောင်ကောင်၏ အခြေခံဥပဒေနှင့်ပတ်သက်၍လည်း ထိပါးမခံနိုင်ကြောင်း၊ တရုတ်ဗဟိုအစိုးရအဖွဲ့အား ဆန့်ကျင်သည့် နိုင်ငံရေးအဖျက်အမှောင့်ပြုမှုများကို ဟောင်ကောင်၌ ပြုလုပ်ခွင့်ပေးနိုင်မည်မဟုတ်ကြောင်း ကျန်က ပြောကြားသည်။ **ရိုက်တာ။**

# ၂၀၁၆ ခုနှစ်အတွင်း အန်ကောနယ်မြေမှ ဝင်ငွေ ကန်ဒေါ်လာ ၆၂ သန်းကျော် ကမ္ဘောဒီးယား ရရှိ

**ဖနောင်ပင် ဇန်နဝါရီ ၂**

၂၀၁၆ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ နာမည်ကျော် အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်လည်ပတ်သော နိုင်ငံခြားသားများသို့ လက်မှတ်ရောင်းချခြင်းမှ ရရှိသောဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၅ သန်းထိ ရောက်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄ ဒသမ ၂၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

အဆိုပါရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြီးခဲ့သည့်နှစ်က ကမ္ဘာလှည့်ခရီးသွား ၂ ဒသမ ၂ သန်းနီးပါးဝင်ရောက်ခဲ့ပြီး ယခင်နှစ်ကထက် ၄ ဒသမ ၆၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း နိုင်ငံပိုင် အန်ကောလုပ်ငန်းက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားသည်။ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ အများဆုံးလာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသွားများမှာ တရုတ်၊ တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့မှဖြစ်သည်။

၁၉၉၂ ခုနှစ်တွင် ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းခဲ့သော ကမ္ဘောဒီးယားနိုင်ငံ အနောက်တောင်ပိုင်း ဆီရမ်ရိပြည်နယ်တွင် တည်ရှိသော အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာ ကမ္ဘောဒီးယားနိုင်ငံ၏ ထိပ်တန်းခရီးသွားနယ်မြေဖြစ်သည်။ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်လည်ပတ်သော နိုင်ငံခြားသားများအတွက် လက်မှတ်ဈေးနှုန်းကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ တိုးမြှင့်မည်ဟု အန်ကောလုပ်ငန်းက ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ထုတ်ပြန် ကြေညာခဲ့သည်။

ယင်းရှေးဟောင်းနယ်မြေသို့ တစ်နေ့တာ သွားရောက်လည်ပတ်မည့်ဝင်ကြေးမှာ လက်ရှိအမေရိကန်ဒေါ်လာ ၂၀ မှ အမေရိကန်ဒေါ်လာ ၃၇ သို့ တိုးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ။**

❐ မောင်တောမြို့နယ်မှ

သာမန်အချိန်တွေထက်ပိုပြီးတော့ လုံခြုံရေးအင်အားများများနဲ့ စနစ်တကျ အစီအမံတွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ခရိုင်ရဲတပ်ဖွဲ့မှူးက ပြောသည်။

လက်ရှိမောင်တောမြို့ပေါ် အခြေအနေမှာ တည်ငြိမ်လျက်ရှိပြီး နံနက် ၆ နာရီခွဲခန့်မှစ၍ လမ်းများ၊ ဈေးများနှင့် စားသောက်ဆိုင်များတွင် လူစည်ကားလျက်ရှိပြီး ယာဉ်များလည်း ပုံမှန်ဝင်/ထွက်သွားလာလျက်ရှိသည်ကိုမြင်တွေ့ရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**



မောင်တောမြို့မဈေးအနီး ကားဂိတ်တွင် ခရီးသည်များ ဝင်/ထွက်သွားလာနေမှုကို တွေ့ရစဉ်။ (သီဟစည်သူ)



# (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနား မောင်တောတွင် ကျင်းပမည်

**မောင်တော ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် မောင်တောမြို့တွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

"လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်နိုင်ငံတစ်ဝန်း စည်စည် ကားကား ကျင်းပလေ့ရှိသလို ကျွန်တော်တို့ မောင်တောမြို့နယ်မှာလည်း အစဉ်အလာမပျက် ကျင်းပနိုင်ဖို့အတွက် ဌာနဆိုင်ရာတွေ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေနဲ့ အစည်းအဝေးလုပ်တာဖြစ်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်က ပြောသည်။

လွတ်လပ်ရေးနေ့ အခမ်းအနားများကျင်းပချိန်တွင် လုံခြုံရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့များ၊ ခရိုင်ရဲတပ်ဖွဲ့နှင့် မိတ်ဖက်တပ်ရင်းများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် နယ်မြေခံတပ်ရင်းများက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောသည်။

အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၃ရက်မှ စတင်ကျင်းပမည်ဖြစ်ပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ အထူးအစီအစဉ်အနေဖြင့် ပြေးခုန်ပစ်ပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ တင်းနစ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲအတွက် ပထမဆု ငွေကျပ် ၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၀၀ ချီးမြှင့်မည်ဖြစ်ကာ ကလေးများအတွက် ပျော်ပွဲရွှင်ပွဲများအတွက် ပထမဆု ငွေကျပ် ၅၀၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၀နှင့် တတိယဆု ငွေကျပ် ၂၀၀၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း မြို့နယ်အား/ကာမှူးက ပြောသည်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ကိုမင်း**

# မင်းပြားမြို့၌ လက်လုပ်မိုင်းတစ်လုံးတွေ့ရှိ


**နေပြည်တော် ဇန်နဝါရီ ၂**

မင်းပြားမြို့ မေလွမ်းရွာ၏ မြောက်ဘက် သုံးမိုင်ခန့်တွင် ဇန်နဝါရီ ၁ ရက် မွန်းလွဲပိုင်းက လက်လုပ်မိုင်းတစ်လုံး တွေ့ရှိရကြောင်း သိရသည်။

မင်းပြားမြို့ ဈေးဟောင်းပိုင်းရပ်ကွက်နေ ဦးထွန်းအေးကျော်သည် ဇန်နဝါရီ ၁ရက် မွန်းလွဲ ၂ နာရီက မြေအောက်ကေဘယ်ကြိုးများ သွယ်တန်းရန် ဆက်သွယ်ရေးဝန်ထမ်းများနှင့် လမ်းကြောင်းရှင်းလင်းစဉ် ရန်ကုန်-စစ်တွေကားလမ်း မေလွမ်းရွာ၏ မြောက်ဘက် သုံးမိုင်ခန့်အကွာတွင် လက်လုပ်မိုင်းတစ်လုံးအားတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ လက်လုပ်မိုင်းအား အရှည်လေးပေခန့်၊ အချင်း နှစ်လက်မခန့်ရှိ သံပိုက်တွင် ကိုးဗို့ဓာတ်ခဲအား ဝါယာကြိုးဖြင့် ချိတ်ဆက်ထားပြီး သုံးပေခန့်ရှိ ငါးမူးလုံးသံချောင်း လေးချောင်းဖြင့် မြေကြီးတွင် ငုတ်ရိုက်တပ်ဆင်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါလက်လုပ်မိုင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**





# ပုဏ္ဏားကျွန်းမြို့နယ်၌ပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၂**

ပုဏ္ဏားကျွန်းမြို့နယ် ရန်ကုန်-စစ်တွေကားလမ်း မိုင်တိုင်အမှတ်(၁၆၀) အနီး၌ ဇန်နဝါရီ ၁ ရက် ညနေပိုင်းက ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာနှင့် သဲတက်ကျေးရွာအကြား ရန်ကုန်-စစ်တွေကားလမ်း မိုင်တိုင်အမှတ်(၁၆၀) အနီး၌ ဇန်နဝါရီ ၁ရက် ညနေ ၄ နာရီက ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ကားလမ်း၏အရှေ့ဘက် ၁၂ပေခန့်အကွာတွင် ပေါက်ကွဲပြီးစနက်တံအိမ်ခေါင်းတစ်ခု၊ ဓာတ်ခဲနှစ်လုံးဆံ့ ဓာတ်ခဲအိမ်နှစ်ခု၊ ဝါယာကြိုးများဖြင့် သွယ်တန်းထားသည့် ပလတ်စတစ်အိတ် တစ်ထုပ်၊ ယမ်းထည့်ထားသည်ဟု ယူဆရသည့် ပေါက်ကွဲပြီး ပလတ်စတစ်အစအနများကို တွေ့ရှိရကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူနာတင်ယာဉ်နှင့် အိမ်စီးယာဉ်တို့ တိုက်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော် သပြေကုန်းအဝိုင်းအနီး ယနေ့ညနေပိုင်းတွင် လူနာတင်ယာဉ်နှင့် အိမ်စီးယာဉ်တို့ တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ် သပြေကုန်းအဝိုင်းမှနေ၍ မြို့မဈေးဘက်သို့မောင်းနှင်လာသော Toyota Wish အိမ်စီးယာဉ်နှင့် မြို့မဈေးဘက်မှ သပြေကုန်းအဝိုင်းဘက်သို့ မောင်းနှင်လာသော လူနာတင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုသို့တိုက်မှုကြောင့် ယာဉ်နှစ်စီးစလုံး၏ဦးခေါင်းပိုင်းများ ကြေမွပျက်စီးခဲ့ပြီး Toyota Wish ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ နေပြည်တော် ခုတင်(၁၀၀၀)အထွေထွေရောဂါကုဆေးရုံသို့ ပို့ဆောင်ထားကြောင်းနှင့် လူနာတင်ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# ရဲအုပ်တစ်ဦး အသတ်ခံရမှု ကျူးလွန်သူများအား ၂၄ နာရီအတွင်း ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်အား သတ်ဖြတ်မှု ကျူးလွန်သူများအား ၂၄ နာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မိုးဝေလမ်းနှင့် သပြေ(၁၃)လမ်းဆုံအနီး ပုဆိုးဖြင့် လက်နောက်ပြန်တုပ်ခံထားရသော လူတစ်ဦး လဲကျနေကြောင်း ယမန်နေ့ နံနက် ၄ နာရီခွဲခန့်က ပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ဒက္ခိဏသီရိမြို့နယ် မြို့မရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ကွန်ကရစ်လမ်းမပေါ်တွင် Corolla ကားတစ်စီး သော့တန်းလန်းနှင့်တွေ့ရပြီး အနီးတွင် လူတစ်ဦး ပုဆိုးဖြင့် လက်ပြန်တုပ်လျက် ဒဏ်ရာများရရှိကာ သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရကြောင်း၊ သေဆုံးသူမှာ ဇမ္ဗူသီရိမြို့နယ်ရုံးမှ ရဲအုပ်ဇော်ဇော် (၄၈)နှစ် ပျဉ်းမနား မြို့မရဲစခန်းဝင်းနေသူဖြစ်ကာ အလောင်းအား နေပြည်တော် ခုတင်(၁၀၀၀)သို့ ပို့ဆောင်ပေးခဲ့ပြီး ဒက္ခိဏမြို့နယ် မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအမှုမှ လူသတ်မှု သံသယရှိသူများ၏ နေအိမ်များသို့ သွားရောက် ပိတ်ဆို့ရှာဖွေရာ ၎င်းတို့နေအိမ်များတွင် မတွေ့ရှိရဘဲ တိမ်းရှောင်သွားမှုကြောင့် ရဲတပ်ဖွဲ့ဝင်များက အဓိကပစ်မှတ်အဖြစ် အတည်ပြုပြီး လိုက်လံစုံစမ်းရှာဖွေခဲ့ရာ ပြစ်မှုကျူးလွန်သူ ပြည့်ဖြိုး(ခ)ကိုဖြိုး၊ ဝင်းကိုကို၊ ကိုမျိုး(ခ) မျိုးချစ်အောင်တို့အား ပြစ်မှုကျူးလွန်ပြီး ၂၄ နာရီအတွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**(ညီညီသန်း)**



ကိုမျိုး(ခ) မျိုးချစ်အောင်



ဝင်းကိုကို



ပြည့်ဖြိုး(ခ)ကိုဖြိုး

မူးယစ်အန္တရာယ် လူ့ရန်စွယ်
ကာကွယ်တိုက်ဖျက် လက်ချင်းဆက်

# လွတ်လပ်ရေးနေ့ ဆန္ဒမွန်

## ဒေါက်တာခင်စန်းမော်

လမ်းထဲမှ ရပ်မိရပ်ဖကြီးများက လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲအဖြစ် အားကစားပွဲငယ်များ ကျင်းပရန် အလှူငွေလာရောက်ကောက်ခံသည်။ ထိုအချိန်မှာ ဂျာနယ်ထဲတွင်ပါလာသော စစ်ဘေးရှောင်ပြည်သူများ၏ သတင်းကို ဖတ်ရှုနေဆဲဖြစ်သောကြောင့် စိတ်ထဲမှာခံစားမှုမျိုးစုံ ရောပြွမ်းသွားမိသည်။ သတင်းထောက်၏ကင်မရာကို မျက်နှာတူရူကြည့်နေသည့် ကလေးငယ်များ၏ အပြစ်ကင်းစင်သော မျက်ဝန်းလေးများက တစ်စုံတစ်ရာကိုမေးနေသည့်နှယ်ခံစားလိုက်ရ၍ ဖြစ်ပါသည်။

လွတ်လပ်ရေးနေ့နား နီးလာပြီဟူသော အသိက ကွယ်လွန်သွားပြီဖြစ်သော ဘွားအေကြီးဖြစ်သူကို သတိတရဖြစ်စေသည်။ သူရှိစဉ်က မနက်လေးနာရီမထိုးခင် အိပ်ရာထ၊ သောက်တော်ရေလဲ၊ ဆွမ်းတော်ကပ်၊ ဘုရားရှိခိုးပြီး တရားထိုင်တတ်သည်။ နံနက်စာစားပြီးသောအခါ တီဗွီမှလာသော ပရိတ်တရားတော်များကို တမော့်မော့် နာကြားရင်း ဆွမ်းခံကြွသော သံဃာများအား ဆွမ်း၊ ခဲဖွယ်များ လောင်းလှူလေ့ရှိသည်။ ထိုအလုပ်များပြီးသွားလျှင် သူစောင့်မျှော်နေသူမှာ သတင်းစာပို့သူပင်ဖြစ်သည်။ အဘွားသည် စာဖတ်ဝါသနာပါသူတစ်ဦးဖြစ်ပြီး သတင်းစာရောက်လာလျှင် ရှေ့ဆုံးစာမျက်နှာမှ နောက်ဆုံးစာမျက်နှာအထိ နှံ့နှံ့စပ်စပ်ဖတ်တတ်ပြီး မှတ်လည်းမှတ်မိသည်။

နှစ်ဖက်သော အဘိုးအဘွားများအနက် သူတစ်ယောက်တည်းသာ အသက်အရှည်ဆုံးနေရသည်။ အသက် (၉၁) နှစ်ကျော်မှ ကွယ်လွန်သွားသော အဘွားဖြစ်သူသည် မကွယ်လွန်ခင်လပိုင်းအလိုမှာ သတိအနည်းငယ်ချို့ယွင်းခဲ့သော်လည်း သူ့သက်တမ်းတစ်လျှောက်လုံး အလွန်မှတ်ဉာဏ်ကောင်းသူတစ်ဦး ဖြစ်ခဲ့သည်။ သူ့သမီးနှစ်ယောက် (မိခင်ဖြစ်သူနှင့်အဒေါ်ဖြစ်သူ) ထက်ပင် မှတ်ဉာဏ်ကောင်းသေးသည်။

မြေးများအတွက် အိပ်ရာဝင်ပုံပြင်ဆိုသည်မှာ အဘိုးအဘွားတို့၏ ရင်ခွင်ထဲသို့တိုးဝင်ငွေ့ပြီး နားထောင်ရသော စကားသံများသာဖြစ်ကြပါ၏။ ထိုပုံပြင်များထဲတွင် ဗုဒ္ဓဝင်ဇာတ်များ၊ ငါးရာ့ငါးဆယ်နိပါတ်တော်၊ ဓမ္မပဒဝတ္ထုများသာမက သူတို့ဖြတ်သန်းခဲ့ရသည့် သမိုင်းရုပ်စုံပန်းချီကားချပ်များလည်း ပါဝင်နေသည်။

အဘိုးအဘွားတို့သည် နယ်ချဲ့အင်္ဂလိပ်ခေတ်၊ ဖက်ဆစ်ဂျပန်ခေတ်၊ ရောင်စုံသူပုန်ခေတ်နှင့် သည်ဘက်ခေတ်များအထိ ခေတ်အဆက်ဆက်ကို ကျော်ဖြတ်ခဲ့ရသည်။ သူတို့ဇာတိဖြစ်သော ဧရာဝတီမြစ်ဝကျွန်းပေါ် မြို့ကြီးတစ်မြို့ကိုစွန့်ခွာပြီး စစ်ကိုင်းတောင်ရိုးအထိ စစ်ဘေးရှောင်ကာ ပြေးလွှားပုန်းခိုခဲ့ရသော အကြောင်းအရာများကို ပြောပြသောအခါမှာတော့ မြေးအားလုံး မျက်လုံးအဝိုင်းသားနှင့်။ အဘွားက လက်ဝတ်လက်စား အနည်းငယ်ကို ဘီးဆံပတ်ဆံထုံးထဲမှာထည့်ပြီး အချို့ကို ချွေးခံအကျႌအိတ်ထဲမှာထည့်ကာ တဘက်ကိုခေါင်းပေါင်းလျက်သွားခဲ့ရသည်ဟုဆိုပါသည်။ သမီးကလေးနှစ်ဦး၏ လက်ကိုကိုင်ဆွဲကာ တစ်ခါတစ်ရံ တောထဲတောင်ထဲမှာ လှည်းကြုံလိုက်ရသည်။ တစ်ခါတစ်ရံ ချောင်းရိုး၊ မြောင်းရိုးတစ်လျှောက် ရေသံမကြားအောင် လှော်သည့်လှေကို စီးခဲ့ရသည်။ ခြေကျင်လျှောက်ရသည့်ခရီးကတော့ မရေမတွက်နိုင်ပါ။

“ဒီကြားထဲ မြေးတို့မေမေက မီးရောင်မမြင်ရလို့ဆိုပြီး ငိုသေးတယ်။ အဲဒါနဲ့ မှန်အိမ်သေးသေးလေးကို ဖျာလိပ်ထဲထည့်ပြီး သူ့ကိုငုံ့ကြည့်ခိုင်းရတယ်”

“ဘာဖြစ်လို့လဲဟင်”

“ကျွဲညီနောင်လို့ခေါ်တဲ့ ဗုံးကြဲလေယာဉ်ကြီးနှစ်စင်းက မီးရောင်မြင်တာနဲ့ ဗုံးကြဲတာကွဲ့။ ဥသြဆွဲသံကြားရင် လူတွေဟာ ဗုံးခိုကျင်းထဲကို အတင်းဝင်ပြီး ပုန်းကြရတယ်။ တစ်ခါက မိန်းမဝဝကြီးတစ်ယောက်ဟာ ဗုံးခိုကျင်းထဲဝင်ပုန်းတော့ ကြောက်အားလန့်အားနဲ့ ဗုံးကျင်းထဲမရောက်ဘဲ သူ့ခန္ဓာကိုယ်က ဖင်ဘူးတောင်းကြီးထောင်ပြီး ခေါင်းကသာဝပ်နေတာ”

ထိုစကားမျိုးကြားရမှ စိတ်သက်သာစွာ ရယ်မောမိကြပေမယ့် ထိတ်လန့်တုန်လှုပ်စွာ ကိုယ်ကိုကျုံ့ထားမိသည်က ပိုမိုများပြားနေသယောင်။ ဖက်ဆစ်ဂျပန်ခေတ်မှာ ဘိုးဘိုးကို လက်ပြန်ကြိုးတုပ်ပြီး ခေါ်သွားကြသည့်အကြောင်းသို့ရောက်လျှင် ခြေဖျားလက်ဖျားတွေ အေးစက်ကာ ကြောက်ရွံ့လာမိသည်။ လူမှားပြီးခေါ်မိ၍ မကြာခင် ပြန်လွှတ်လာသည့်အကြောင်းကို အလျင်အမြန်ပြောပြမှ ထိတ်လန့်မှုပြေလျော့ရပါသည်။

ရောင်စုံသူပုန်ခေတ်မှာ ဘိုးဘိုးဘွားဘွားတို့ လျှို့ဝှက်စွာ မြှုပ်နှံထားခဲ့သောအတွင်းပစ္စည်းများကို မီးဖိုခန်းအင်္ဂတေထဲမှ တူးဖော်ယူသွားကြသည်ဟု သိရသောအခါ အစ်ကိုများက တက်တခေါက်ခေါက်နှင့် အတွင်းလူပါလို့ဖြစ်မှာဟု အဆောတလျှင် မှတ်ချက်ချကြသေးသည်။

တစ်ခါတစ်ရံ မေးငိုက်လိုက်၊ တစ်ခါတစ်ရံ ကြောက်ရွံ့ထိတ်လန့်လိုက်၊ တစ်ခါတစ်ရံ အံ့သြတကြီးဖြစ်လိုက်နှင့် နားထောင်ခဲ့ရသောအိပ်ရာဝင်ပုံပြင်များသည် ကျောင်းတက်ရသောအရွယ်မှာတော့ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်း ဘာသာရပ်များအဖြစ် ရောက်ရှိလာခဲ့ကြသည်။ ဟိုတချို့သည်တစ အကြောင်းအရာများအားလုံး စီကာစဉ်ကာ လေ့လာသင်ကြားလာရ၍ အမှန်တကယ် ရုပ်လုံးပေါ်လာခဲ့ပါသည်။

**အချုပ်အခြာတည်တံ့ခိုင်မြဲမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ငြိမ်းချမ်းမှုတို့သည် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားနိုင်ရန် အထောက်အပံ့ကောင်းများလည်း ဖြစ်ပါသည်။ ထို့ကြောင့် လူတန်းစားမရွေး၊ ဘာသာမရွေး၊ မြို့ပြ၊ ကျေးလက်မရွေး မြန်မာပြည်သူလူထု၏ ညီညွတ်မှုစွမ်းအားဖြင့် အသက်သွေးပေါင်းများစွာ စတေးပြီးမှ ရယူခဲ့ရသော "လွတ်လပ်ရေး" ဟူသည့် အဖိုးတန်ရတနာသည် မြန်မာပြည်တစ်နံတစ်လျား နယ်စပ်ဒေသများပါမကျန် အကျိုးသက်ရောက်ကာ အစွန့်ရှည်တည်တံ့ပါစေ၊ စစ်ဘေးရှောင် ပြည်သူလူထု၏ ဘဝများသည်လည်း ငြိမ်းအေးသာယာပါစေ . . .**

လွတ်လပ်ရေးနေ့ နီးကပ်လာသောအခါသမယတွင် အဘွားလုပ်လေ့လုပ်ထရှိသော အပြုအမူများကို ပြက်ပြက်ထင်ထင် မြင်ယောင်မိပါ၏။ လွတ်လပ်ရေးနေ့တစ်ခုတည်းသာမဟုတ်ပါ။ လွတ်လပ်ရေးနေ့နှင့် အာဇာနည်နေ့ဆိုသော နေ့ထူးနေ့မြတ်ကြီးနှစ်ခုသို့ရောက်လျှင် ပြုမြဲဝတ္တရားအတိုင်း ဘုရားဝတ်ပြုသည့်အပြင် အထူးတလည် မေတ္တာပို့နေသည်မှာ အချိန်ကြာမြင့်လှသည်။ အာဇာနည်နေ့တွင် ဥသြဆွဲသံကြားရတိုင်း အိမ်ထဲ၌မတ်တတ်ရပ်ပြီး ဆုတောင်းမေတ္တာပို့တတ်သည်။ သူ့အပြုအမူမှာ လိုက်လွဲလွန်းသောကြောင့် တစ်ခါက မေးမြန်းကြည့်ခဲ့ဖူးပါသည်။

“နိုင်ငံ့လွတ်လပ်ရေးဆိုသည်မှာ နိုင်ငံသားတိုင်းအတွက် အဖိုးတန်ရတနာဖြစ်သည်။ လူသိရှင်ကြားဖြစ်စေ၊ လူမသိသူမသိဖြစ်စေ လွတ်လပ်ရေးရဖို့အတွက် စတေးခဲ့ကြသော အသက်ပေါင်းများစွာတို့၏ ကျေးဇူးတရားကို အောက်မေ့သတိရသဖြင့် မေတ္တာပို့အမျှဝေပါသည်”ဟု အဖြေပေးပါသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဆန့်ကျင်တိုက်ဖျက်ရေးတို့ကို မြန်မာပြည်သူလူထု၏ အသက်၊ သွေး၊ ချွေးပေါင်းများစွာ စတေးပြီးမှ ရလာခဲ့သောကြောင့် တန်ဖိုးကြီးမားနေရခြင်းဖြစ်သည်။ ထိုလွတ်လပ်ရေးမဆုံးရှုံးအောင်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရန် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပေသည်။

မြို့ပြဒေသတွင် လွတ်လပ်ရေးနေ့ရောက်တိုင်း အားကစားပွဲများကို ပျော်ပွဲရွှင်ပွဲအဖြစ် သိုက်သိုက်ဝန်းဝန်း ကျင်းပလေ့ရှိကြ၏။ ယခင်ကတော့ လူထုအားကစားကွင်းများမှာ ကျင်းပကြပြီး နောက်ပိုင်းတွင် မြေနေရာကျဉ်းမြောင်းလာသည့်အလျောက် လမ်းသွယ်များကို ခေတ္တခဏပိတ်၍ ကျင်းပစေခြင်း၊ လမ်းမကြီးများကို တစ်ခြမ်းပိတ်ကာပြီး တစ်နေ့တာ ကျင်းပစေခြင်းတို့ ဖြစ်လာသော်လည်း စည်စည်ကားကား အင်တိုက်အားတိုက်အားပေးကြပါသည်။ တပျော်တပါး အားပေးသံများကို ကြားရသည်မှာ စိတ်တက်ကြွစရာပင်။

သို့ရာတွင် လွတ်လပ်ရေး၏အရသာသည် မြို့ပြဒေသများတွင်သာမက မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ နယ်စပ်ဒေသများပါမကျန် ခံစားသက်ရောက်ခွင့်ရှိပါသည်။ မနေ့တစ်နေ့ကပင် သတင်းထဲမှာ ဖတ်လိုက်ရသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားများ၏ လုံခြုံရေးအရ သွားခွင့်ပိတ်ပင်လိုက်သော နယ်မြေစာရင်းထဲ၌ တိုက်ပွဲများဖြစ်ပွားနေသော ကချင်ပြည်နယ်အတွင်းမှ မြို့နယ်များ၊ ရှမ်းပြည်နယ်အတွင်းမှ မြို့နယ်များ၊ ရခိုင်ပြည်နယ်အတွင်းမှ ဒုက္ခသည်စခန်းများ၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်မှ မြို့နယ်အချို့ ပါဝင်ပါသည်။

ဘွားအေကြီးသာ သက်ရှိထင်ရှားရှိနေသေးလျှင် စစ်ဘေးရှောင်ပြည်သူပြည်သားများ၏ သတင်းဓာတ်ပုံများကိုကြည့်ကာ စိတ်မချမ်းမြေ့ဖြစ်မည်မှာ အမှန်ပါ။ လွတ်လပ်ရေးနှင့် အချုပ်အခြာတည်တံ့ခိုင်မြဲရေးအတွက် ငြိမ်းချမ်းရေးသည် အလွန်အရေးပါလှသည်။ ပြည်တွင်းငြိမ်းချမ်းရေးရှိမှ လုံခြုံမှုလည်းရှိပေမည်။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်မှုကို တံ့ဆွဲထားနိုင်သည့် ကြိုးစများပင်ဖြစ်ကြသည်။

အချုပ်အခြာတည်တံ့ခိုင်မြဲရေးအတွက် တရားဥပဒေစိုးမိုးရေးကလည်း အရေးကြီးသော အခန်းကဏ္ဍမှာ ပါဝင်နေပါသည်။ နိုင်ငံရပ်ခြားသို့ အလည်အပတ်သွားရောက်လိုလျှင် မသွားမီကတည်းက သူ့နိုင်ငံမှ ချမှတ်ထားသော စည်းကမ်းဥပဒေများကို လိုက်နာရသည်။ လုပ်ငန်းလိုင်စင်၊ ပညာအရည်အချင်း၊ အထောက်အထားပြသက်သေခံလက်မှတ်၊ ဘဏ်မှာရှိသော ငွေစာရင်းပိုင်ဆိုင်မှု အထောက်အထား (အိမ်ဂရန်၊ မြေဂရန် စသည်) သူတို့သတ်မှတ်ထားသည့် ဗီဇာကြေးအားလုံးပါဝင်ရသည်။ ဗီဇာကြေးပေးပြီးကာမှ ဝင်ခွင့်မပြုလျှင် ပြန်အမ်းလိမ့်မည်မဟုတ်ပါ။

လူအဝင်အထွက်ကို ကြပ်မတ်သည်က ထားပါဦး။ တိရစ္ဆာန်များကို နိုင်ငံအတွင်း သယ်ဆောင်ခွင့်ထုတ်ပေးရာတွင်လည်း တင်းကျပ်သော စည်းကမ်းများချမှတ်ထားသည်။ ထိုစည်းမျဉ်းစည်းကမ်းများကို တစ်သဝေမတိမ်းလိုက်နာကြအောင် အစဉ်တစိုက် ကြပ်ကြပ်မတ်မတ် လုပ်ဆောင်ပေးသည်။

သာဓကပြရလျှင် လွန်ခဲ့သော ခြောက်လခန့်က ဆေးခန်းသို့လာနေကျ အိမ်မွေးကြောင်ပိုင်ရှင် နိုင်ငံခြားသားတစ်ဦးသည် သူ၏ကြောင်ကို သွေးဖောက်ပေးရန်ကိစ္စနှင့် ဆေးခန်းသို့ရောက်လာပါသည်။ သူတို့ဇာတိဖြစ်သော ဗြိတိန်နိုင်ငံသို့ အပြန်တွင် ကြောင်ကိုသယ်ဆောင်သွားနိုင်ရန် ကြောင်၏ သွေးထဲမှာ ခွေးရူးရောဂါအတွက် ကိုယ်ခံအား (Rabies Immunity) ရှိ၊ မရှိ ဗြိတိန်နိုင်ငံသို့ ပို့ပြီး စစ်ဆေးရန်အတွက်ဖြစ်ကြောင်း ရှင်းပြပါ၏။ ထိုကြောင်သည် ဗြိတိန်နိုင်ငံမှပင် သယ်ဆောင်လာသော British Shorthair အမျိုးအစား ကြောင်တစ်ကောင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရှိနေစဉ်နှစ်များအတွင်း လိုအပ်သော ကာကွယ်ဆေးအားလုံးကို နှစ်စဉ်မှန်မှန်ထိုးပေးခဲ့သော်လည်း ဗြိတိန်နိုင်ငံသည် နိုင်ငံ၏ပြင်ပမှ ယူဆောင်လာမည့် တိရစ္ဆာန်များနှင့်ပတ်သက်လျှင် အလွန်စည်းကမ်းတင်းကျပ်ကြောင်း သူကပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံတွင် ကျင့်သုံးသော Pet Travel Scheme (PETS) သို့ ဝင်ရောက်ရန် တိရစ္ဆာန်ကို မှတ်ပုံတင်လျှောက်ထားရပြီး မှတ်ပုံတင်နံပါတ်ကို Microchip ဖြင့် ထည့်ကာ တိရစ္ဆာန်၏ခန္ဓာကိုယ်အတွင်း ထည့်သွင်းပေးထားသည်။ ထိုစနစ်၏ရည်ရွယ်ချက်မှာ ဗြိတိန်နိုင်ငံတွင်းသို့ ခွေးရူးရောဂါမဝင်နိုင်အောင် တားဆီးပေးရုံသာမက သန်ပြားကောင်စွဲကပ်ခြင်းနှင့် မွှားမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကိုလည်း ကာကွယ်တားဆီးပေးရန် ဖြစ်ပါသည်။

ထိုကြောင်ကို သွေးစစ်သောအခါ ခွေးရူးရောဂါအတွက် သတ်မှတ်ထားသော ကိုယ်ခံအား (Rabies Immunity) ပြည့်မီခြင်းမရှိသောကြောင့် ယူဆောင်ခွင့်မပြုခဲ့ပါ။ မြန်မာမိတ်ဆွေတစ်ဦး၏ အိမ်တွင်သာ ထားရစ်ခဲ့ရတော့သည်။ ထိုဖြစ်ရပ်အရ နိုင်ငံရပ်ခြားတိုင်းပြည်များသည် စည်းကမ်းကို လေးစားလိုက်နာကြပြီး သတ်မှတ်ချက်နှင့် မကိုက်ညီသောခွေးတစ်ကောင်၊ ကြောင်တစ်မြီးကိုမှ အဝင်မခံကြောင်း သိရှိခွင့်ရခဲ့သည်။ ‘လူ’ ဆိုလျှင်တော့ ပြောဖွယ်ရာမရှိပြီ။

ဆေးကုသသောသက်တမ်းတစ်လျှောက်တွင် ယခင်က မကျယ်လောင်သော်လည်း ယခုအခါ တစ်စထက်တစ်စ ကျယ်လောင်လာသော “ကိုယ့်ဘာသာ ကိုယ့်ခွေးကို ဆေးထိုးပေးလိုက်တယ်။ ကိုယ့်ဘာသာကိုယ့်ကြောင်ကို ခွဲစိတ်ပေးလိုက်တယ်”ဆိုသော လူများသည် တိရစ္ဆာန်ဆေးကုဆရာဝန်မဟုတ်ဘဲ ဆရာဝန်တို့၏ လုပ်ပိုင်ခွင့်ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လာသူများဖြစ်ကြသည်။ “ဘာဆေးကို ဘယ်လောက်ပမာဏ ဘယ်လိုထိုးရမယ် ဆိုတာသာပြောပါ။ ကိုယ့်ဘာသာထိုးပါ့မယ်”ဟု စည်းကျော်လာသူများကို ယဉ်ကျေးစွာ ငြင်းပယ်ရသော အလုပ်က တိုးလာသည်။ တည်တည်တင်းတင်း တုံ့ပြန်ရခြင်းမျိုးလည်းရှိသည်။ သူတို့၏ အပြုအမူက ဥပဒေကို ချိုးဖောက်နေကြောင်း မသိဘဲလုပ်နေခြင်းမျိုးမဟုတ်ပါ။

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးများကို လေ့လာကြည့်လျှင် လူအများစုက ဥပဒေကို လေးစားလိုက်နာကြသည်။ ဒုတိယကမ္ဘာစစ်ပြီးစ ဂျပန်နိုင်ငံသည် စစ်လျော်ကြေးများပေးရန်လည်းရှိ၊ နိုင်ငံ့စီးပွားရေးကလည်း ချွတ်ခြုံကျနေသောကြောင့် ထမင်းတစ်နပ်သာစားရမည်ဟု ဥပဒေထုတ်သောအခါ ပင်လယ်သမုဒ္ဒရာထဲရောက်နေသည့် သင်္ဘောကပ္ပတိန်နှင့် သင်္ဘောသားများကပါ ထမင်းတစ်နပ်သာ စားကြသည်။ အမေရိကန်နိုင်ငံ၏ အစွန်အဖျားပြည်နယ်တစ်ခုတွင် လူတစ်ယောက်က ကဏန်းဖမ်းသောအခါ ဖမ်းမိသည့် ကဏန်းများကို ပေတံတစ်ချောင်းနှင့်တိုင်းပြီး အချို့ကို ရေထဲပြန်လွှတ်ပေးသည်။ ဥပဒေအရ ခြောက်လက်မအောက်အရွယ်ရှိသော ကဏန်းများကိုမဖမ်းရဟု သတ်မှတ်ထားသောကြောင့်ဖြစ်သည်တဲ့။ “ဖမ်းပြီးယူသွားရင်လည်း ဘယ်သူကမှ သိမှာမဟုတ်ပါဘူး”ဟု ဆိုသောအခါ “တောင်ပေါ်မှာဖြစ်စေ၊ ဝေးလံခေါင်ဖျား ပင်လယ်ကမ်းစပ်မှာဖြစ်စေ ဥပဒေက ဥပဒေပါပဲ၊ လိုက်နာရမှာပေါ့”ဟု ပြန်ဖြေသည်။

ဥပဒေကို လေးစားလိုက်နာခြင်းသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သကဲ့သို့ ချိုးဖောက်သူနှင့် ချိုးဖောက်ခံရသူတို့ကြားရှိ ပဋိပက္ခများကို ငြိမ်းအေးစေပါသည်။

အချုပ်အခြာတည်တံ့ခိုင်မြဲမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ငြိမ်းချမ်းမှုတို့သည် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားနိုင်ရန် အထောက်အပံ့ကောင်းများလည်း ဖြစ်ပါသည်။ ထို့ကြောင့် လူတန်းစားမရွေး၊ ဘာသာမရွေး၊ မြို့ပြကျေးလက်မရွေး မြန်မာပြည်သူလူထု၏ ညီညွတ်မှုစွမ်းအားဖြင့် အသက်သွေးပေါင်းများစွာ စတေးပြီးမှ ရယူခဲ့ရသော “လွတ်လပ်ရေး”ဟူသည့် အဖိုးတန်ရတနာသည် မြန်မာပြည်တစ်နံတစ်လျား နယ်စပ်ဒေသများပါမကျန် အကျိုးသက်ရောက်ကာ အစွန့်ရှည်တည်တံ့ပါစေ၊ စစ်ဘေးရှောင် ပြည်သူလူထု၏ ဘဝများသည်လည်း ငြိမ်းအေးသာယာပါစေဟု (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဆန္ဒမွန်ပြုအပ်ပါသည်။ ။

# ပြည်သူများအတွက် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ



အုတ်လှော့ယယ်

နိုင်ငံတစ်ခု၊ အဖွဲ့အစည်းတစ်ခု၏ ရည်ရွယ်ချက်၊ ဦးတည်ချက်များ တိုးတက်အောင်မြင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးတို့အတွက် ချမှတ်ထားသော ရည်မှန်းချက်များနှင့် မူဝါဒများကို အကောင်အထည်ဖော်ရာ၌ အဓိကကျသော လူ့စွမ်းအားအရင်းအမြစ်တွင် ပြည်သူ့ဝန်ထမ်းများသည်လည်း အပါအဝင်ဖြစ်ပါသည်။ ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်အောင် ရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်း၊ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများ သတ်မှတ်ခြင်း၊ ပြည်သူ့ဝန်ထမ်းများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများအတွက် အကာအကွယ်ပေးခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ သတ်မှတ်ချက်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ သီးခြားချမှတ်ပေးသော မူဝါဒများနှင့်အညီ နိုင်ငံတော်သမ္မတအား တာဝန်ခံ၍ ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရအက်ဥပဒေ အရ ၁၉၃၇ ခုနှစ်၊ ဧပြီလ(၁) ရက်နေ့တွင် ရာထူးဝန်အဖွဲ့ကို ဖွဲ့စည်းကာ စတင်သန္ဓေတည် ပေါက်ဖွားလာခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် ရာထူးဝန်အဖွဲ့ဟူ၍လည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥပဒေကို ပြဋ္ဌာန်း၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဟူ၍လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကိုထုတ်ပြန်ခဲ့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ (Union Civil Service Board)ဟူ၍ လည်းကောင်း အသီးသီးပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် အဖွဲ့ဥက္ကဋ္ဌအဖြစ် ဒေါက်တာဝင်းသိမ်းနှင့်အဖွဲ့ဝင်များအဖြစ် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွား၊ ဦးစောဗယ်လင်တိုင်းတို့ ပါဝင်ဖွဲ့စည်းထားရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အစိုးရအဆက်ဆက်၏ ခေါင်းဆောင်များ၊ ဦးဆောင်သော ပါတီများ ပြောင်းလဲမှုရှိသော်လည်း နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရား အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန်အတွက် ဆောင်ရွက်သူများမှာ ပြည်သူ့ဝန်ထမ်းများဖြစ်ပါသည်။ ပေါ်ပေါက်လာသော အစိုးရအဖွဲ့နှင့် နိုင်ငံတော်အကြီးအကဲများ၏ မူဝါဒ၊ ရည်မှန်းချက်၊ လမ်းညွှန်ချက်တို့နှင့်အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအပေါ် မူတည်ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် အရည်အသွေးပြည့်မီသော ပြည်သူ့ဝန်ထမ်းကောင်းများသာမက ပုဂ္ဂလိကကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကိုပါ ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလကစပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်အသီးသီး၏ ကွပ်ကဲမှုအောက်တွင် “ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA)” တစ်ခုစီ ဖွင့်လှစ်သွားရန် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့မှ လမ်းညွှန်မှုပြုခဲ့ပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် အစိုးရသစ်၏ အုပ်ချုပ်ပုံ ပုံစံသစ်အရ Old Public Administration မှသည် New Public Administration သို့ ပြောင်းလဲရာတွင် နိုင်ငံတော်ကကျင့်သုံးမည့် ဒီမိုကရေစီစနစ်နှင့် လျော်ညီသော New Public Management၊ New Public Governance တို့ကို အထောက်အကူပြုသည့် New Public Service Delivery လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်သူများအား ကောင်းမွန်သောဝန်ဆောင်မှုများ ပိုမိုပေးနိုင်ရေးအထောက်အကူဖြစ်စေမည့် လေ့ကျင့်ရေးဆိုင်ရာ မူဝါဒများကို ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဦးတည်ချက်ကိုလည်း “နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်၍ စွမ်းရည်ပြည့်ဝသော၊ ယှဉ်ပြိုင်မှုရှိ၍ စည်းကမ်းကောင်းသော နိုင်ငံ့ဝန်ထမ်းဖြစ်စေရေး တည်ဆောက်ပျိုးထောင်ရန်” “To Build an Independent, Efficient, Competent and Disciplined Civil Service for Sustainable All-round Development Nation”အဖြစ် သတ်မှတ်ခဲ့ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ လေ့ကျင့်သင်ကြားပေးသည့် ပုံစံများကိုလည်း နိုင်ငံတကာ ပြည်သူ့ဝန်ထမ်းကျောင်းများနည်းတူ ခေတ်နှင့်လျော်ညီအောင် ပြုပြင်ပြောင်းလဲရေးအတွက်အဓိကထားပြီး အစိုးရသစ်၏ရက်(၁၀၀)စီမံချက်တွင် အောက်ပါအတိုင်း ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်-

(၁) ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၏ အမည်ကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဟု ပြင်ဆင်ခြင်း၊
(၂) ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် Civil Services Academy-CSA ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ခြင်း၊
(၃) တက္ကသိုလ်၏ အမှတ်တံဆိပ်များ ပြင်ဆင်ခြင်း၊
(၄) တက္ကသိုလ်များ၏ ဆောင်ပုဒ်ပြင်ဆင်ခြင်း၊
(၅) တက္ကသိုလ်တွင် သတ်မှတ်တူညီဝတ်စုံများအစား မြန်မာဝတ်စုံများဖြင့် ဝတ်ဆင်ရန်ပြောင်းလဲခြင်း။

ပြည်သူ့ဝန်ထမ်းများ လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော ဗဟိုဝန်ထမ်းတက္ကသိုလ်များအနေဖြင့် ဆိုရှယ်လစ်လူ့ဘောင်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ချမှတ်ထားရှိခဲ့သော လုပ်ငန်းတာဝန်များနှင့်အညီ တာဝန်ထမ်းဆောင်နိုင်မည့် ပြည်သူ့ဝန်ထမ်းကောင်းများ လေ့ကျင့်မွေးထုတ်ပေးရန်၊ နိုင်ငံတော်၏ အခြေအနေအရ အရေးကြုံလာပါက နိုင်ငံတော်ကာကွယ်ရေးအတွက် အရန်အင်အားများ မွေးထုတ်ပေးရန်



စသည်ဖြင့် စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် ဥပဒေဆိုင်ရာ ဘာသာရပ်များအပါအဝင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များတွဲဖက်၍ အခြေခံစစ်ပညာသင်ကြားပေးနိုင်ရေးရည်ရွယ်ချက်ဖြင့် စစ်ပညာဌာနတစ်ခုဖွင့်လှစ်ကာ ရှေးဦးစွာ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကို ၁၉၆၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီးတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ယူ၍ ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းအမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

၁၉၇၇ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ (၄/၇၇) ဖြင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥပဒေကို ထုတ်ပြန်ကာ ယင်းဥပဒေအရ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် နိုင်ငံတော်ကောင်စီ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရောက်ရှိခဲ့ပြီး ဝန်ထမ်းများ လေ့ကျင့်ပညာပေးရေးအတွက် ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းအား အဖွဲ့၏ကြီးကြပ်မှုဖြင့် ၁၉၇၇ ခုနှစ် မေလ ၅ ရက်နေ့တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် အဆင့်သို့ တိုးမြှင့်ခဲ့ပါသည်။ မူလဖွဲ့စည်းတည်ထောင်ချိန်တွင် ပေးအပ်ထားသော လုပ်ငန်းတာဝန်များအပြင် ခေတ်စနစ်ပြောင်းလဲမှုအရ တိုးချဲ့ဖွင့်လှစ်ရသော သင်တန်းများ၊ တိုးမြှင့်ခန့်ထားသော ဝန်ထမ်းအင်အားများအရ အရှိန်အဟုန်တိုးမြှင့်၍ လေ့ကျင့်သင်ကြားပေးနိုင်ရန်အတွက် ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာအနီးတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ကို တိုးချဲ့ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုအစိုးရသစ်လက်ထက်တွင် နိုင်ငံတော်အစိုးရအဖွဲ့၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအပေါ် မူတည်ပြီး ကျင့်သုံးမည့် အုပ်ချုပ်ရေး ယန္တရားစနစ်သစ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ မူလအမှတ်တံဆိပ်အစား ပြည်သူ့ဝန်ထမ်းများ စွမ်းဆောင်ရည်ပိုမိုမြင့်တင်နိုင်ရေး၊ ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အဓိကစံတန်ဖိုး (Core Value)များဖြစ်သည့် ရိုးသားခြင်း (Honesty)၊ ဖြောင့်မတ်သမာဓိရှိခြင်း (Integrity)၊ ဓမ္မဓိဋ္ဌာန်ကျခြင်း (Objectivity)၊ ဘက်မလိုက်ခြင်း (Impartiality) တို့ကို ပိုမိုခံယူကျင့်သုံးတန်ဖိုးထားတတ်စေရေးနှင့် ဝန်ထမ်းတစ်ဦး၏ စွမ်းဆောင်ရည်မူဘောင် (Competency Framework)၏ အခြေခံအုတ်မြစ်များဖြစ်သော စရိုက်လက္ခဏာ(Ethos)၊ ကိုယ်ကျင့်တရား(Ethics)၊ တန်းတူညီမျှရှိမှု (Equity)၊ စွမ်းဆောင်ရည်ပြည့်ဝမှု(Efficiency)ပိုမိုရှိစေရေးတို့ကို အသီးသီးထင်ဟပ်ဖော်ကျူးထားသော တက္ကသိုလ်၏ အမှတ်တံဆိပ်အသစ်ဖြင့် ပြင်ဆင်ပြောင်းလဲခြင်း၊ နိုင်ငံတော်မှချမှတ်ပေးထားသော မူဝါဒများအတိုင်း အဖွဲ့အစည်း၏ရည်မှန်းချက်များကို ပြည်သူနှင့်အတူ လက်တွဲ၍ အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် “နိုင်ငံတော်တည်ထောင်မှု ပြည်သူနှင့်ဝန်ထမ်း လက်တွဲပြု” "Cooperation of the Civil Service and Public Creates a Natio" ဟူသော ဆောင်ပုဒ်အသစ်ချမှတ်ခြင်းတို့ကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍ ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် စစ်ပညာဌာနအပါအဝင် ပညာဌာနခြောက်ခုဖြင့် ယခင်က ဖွင့်လှစ်သင်ကြားခဲ့သော်လည်း ယခုအခါ ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အဓိကစံတန်ဖိုးများအား ပိုမိုခံယူကျင့်သုံး တန်ဖိုးထားတတ်စေရေး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် အရည်အသွေးပြည့်မီသော ပြည်သူ့ဝန်ထမ်းကောင်းများသာမက ပုဂ္ဂလိကဆိုင်ရာလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပုဂ္ဂလိကဝန်ထမ်းများကိုပါ မွေးထုတ်ပေးနိုင်ရေး၊ ပြည်သူ့ဝန်ထမ်းများအား ပြည်သူ့ဝန်ကို ထမ်းမည့်သူ၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဝန်ဆောင်ပေးမည့်သူ ဟူသည့်စိတ်ဓာတ်မျိုးထားရှိနိုင်ရေးအတွက် ထိရောက်စွာ လေ့ကျင့်ပေးနိုင်ရေး၊ စီမံခန့်ခွဲရေးအဆင့်နှင့် ပညာရှင်အဆင့်ဝန်ထမ်းများအား အခြေခံသင်တန်းများနှင့် အဆင့်မြင့် သင်တန်းများပေးခြင်း၊ အရာထမ်းလောင်းများအတွက် ဘွဲ့လွန်ဒီပလိုမာ (Postgraduate Diploma) အပ်နှင်းခြင်း၊ အလယ်အလတ်အဆင့် အရာထမ်းများအတွက် အဆင့်မြင့်ဒီပလိုမာ (Advanced Diploma) အပ်နှင်းခြင်း၊ အဆင့်မြင့်အရာထမ်းများအတွက် မဟာဘွဲ့ (Master Degree) အပ်နှင်းခြင်းတို့ကို ဆောင်ရွက်သွားနိုင်ရန် ဗဟိုဝန်ထမ်းတက္ကသိုလ်အသီးသီး၏ ကွပ်ကဲမှုအောက်တွင် “ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA)” တစ်ခုစီကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ဖွင့်လှစ်နိုင်ရန် ရည်မှန်းချက်ချမှတ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

သို့အတွက် နိုင်ငံတကာရှိ ပြည်သူ့ဝန်ထမ်းကျောင်းများနည်းတူ မူလစီမံခန့်ခွဲမှုပညာဌာန၊ စီးပွားရေးပညာဌာန၊ နိုင်ငံရေးသိပ္ပံပညာဌာန၊ လူမှုရေးသိပ္ပံပညာဌာန၊ ဥပဒေပညာဌာန စသည့်ပညာရပ်ဌာန ငါးခုအပြင် အင်္ဂလိပ်ဘာသာပညာဌာနနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT)ဌာနတို့ကို ထပ်မံတိုးချဲ့၍ စုစုပေါင်းပညာဌာန ခုနစ်ခုဖြင့် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ တက္ကသိုလ်များတွင် သင်ကြားလျက်ရှိသော Curriculum, Syllabus များကို နိုင်ငံတကာအဆင့်မီ နောက်ဆုံးအခြေအနေနှင့်အညီဖြစ်စေရေး၊ ပြည်သူ့ဝန်ထမ်းများ အရည်အသွေးတိုးတက်စေရန် လေ့ကျင့်မှုနည်းစနစ် ပိုမိုအားကောင်းစေရေးနှင့် အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးအား ပိုမိုအထောက်အကူပြုပေးနိုင်သည့် ပြည်သူ့ဝန်ထမ်းကောင်းများ ပေါ်ပေါက်စေရေးတို့အတွက် ၂-၅-၂၀၁၆ ရက်မှ ၃-၅-၂၀၁၆ ရက်အထိ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၌ EU (GOPA) အစီအစဉ်ဖြင့် “ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချလျက်ရှိသော ပုံမှန်သင်တန်းများနှင့် ဘာသာရပ်ပို့ချချက်များအပေါ် ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲ”ကိုလည်းကောင်း၊ ၂၃-၆-၂၀၁၆ ရက်မှ ၂၄-၆-၂၀၁၆ ရက်အထိ Hanns Seidel Foundation ၏ အစီအစဉ်ဖြင့် “မြန်မာနိုင်ငံ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ တည်ထောင်ရေး အကြံပြုအလုပ်ရုံဆွေးနွေးပွဲ”ကိုလည်းကောင်း၊ ၂၅-၉-၂၀၁၆ ရက်မှ ၂၆-၉-၂၀၁၆ ရက်အထိ နေပြည်တော်၊ MICC II ၌ UNDP အစီအစဉ်ဖြင့် “ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ စီမံချက်ရေးဆွဲရေး အကြံပြုအလုပ်ရုံဆွေးနွေးပွဲ”ကိုလည်းကောင်း၊ ၂၀-၁၀-၂၀၁၆ ရက်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ နေပြည်တော် ရုံးအမှတ်(၁၇)၌ “ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲ” ကိုလည်းကောင်း၊ ၃၁-၁၀-၂၀၁၆ ရက်မှ ၁၀-၁၁-၂၀၁၆ ရက်အထိ United Nation International Training and Research (UNITAR) အစီအစဉ်ဖြင့် “ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးသတ်မှတ်ချက်မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲ” ကိုလည်းကောင်း၊ ၈-၁၁-၂၀၁၆ ရက်မှ ၉-၁၁-၂၀၁၆ ရက်အထိ နေပြည်တော်၊ ၁၁-၁၁-၂၀၁၆ ရက်တွင် ရန်ကုန်မြို့၊ ၁၅-၁၁-၂၀၁၆ ရက်တွင် မန္တလေးမြို့၊ ၁၇-၁၁-၂၀၁၆ ရက်တွင် တောင်ကြီးမြို့ အသီးသီးတို့၌ “ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေးအတွက် ပြန်လည်သုံးသပ်သည့် ဒုတိယအကြိမ်မြောက် အုပ်စုလိုက်အလုပ်ရုံဆွေးနွေးပွဲများ”ကိုလည်းကောင်း၊ ၆-၁၂-၂၀၁၆ ရက်မှ ၇-၁၂-၂၀၁၆ ရက်အထိ နေပြည်တော်တွင် “ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေးသတ်မှတ်ချက် မူဘောင်ရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲ” ကိုလည်းကောင်း၊ ၁၅-၁၂-၂၀၁၆ ရက်တွင် MICC II ၌ “ပြည်သူ့ဝန်ထမ်းများ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲရေးအတွက် ပြန်လည်သုံးသပ်သည့် တတိယအကြိမ်မြောက် အုပ်စုလိုက်အလုပ်ရုံဆွေးနွေးပွဲ” ကိုလည်းကောင်း၊ ၁၆-၁၂-၂၀၁၆ ရက်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် UNDP တို့ပူးပေါင်း၍ MICC II တွင် “ပြည်သူ့ဝန်ထမ်းကဏ္ဍတွင် ကိုယ်ကျင့်သိက္ခာ၊ အရည်အချင်းအလိုက် ချီးမြှင့်မြောက်စားမှုနှင့် တန်းတူအခွင့်အရေးရရှိမှုများကို တိုးတက်စေရန် စိတ်အားထက်သန်တက်ကြွမှုကို အားပေးခြင်းဆိုင်ရာ အသိပညာမျှဝေမှုဖိုရမ်” ကိုလည်းကောင်း၊ ၁၇-၁၂-၂၀၁၆ ရက်တွင် နေပြည်တော်၌ “အာဆီယံနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသည့် ပြည်သူ့ဝန်ထမ်းများ၏ ကျင့်ဝတ်၊ တန်းတူညီမျှအခွင့်အရေးနှင့် အရည်အချင်းအပေါ် မူတည်၍ တာဝန်ပေးအပ်ခြင်းဆိုင်ရာ အမြင်ချင်းဖလှယ်သည့် အလုပ်ရုံဆွေးနွေးပွဲ” ကိုလည်းကောင်း အသီးသီးကျင်းပပြုလုပ်ခဲ့ပါသည်။

ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA) ဖွင့်လှစ်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြည်ပအဖွဲ့အစည်းများဖြစ်သော UNDP, UN-APCICT, Hanns Seidel Foundation, EU, JICA, KOICA, World Bank စသည့် အဖွဲ့အစည်းများ၏ အကူအညီ ရယူဆောင်ရွက်ခဲ့သကဲ့သို့ ပြည်တွင်းရှိ ပညာရေးဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအတွေ့အကြုံရှိ ပြည်တွင်းပညာရှင်များ၏ အကူအညီများကိုလည်း ရယူဆောင်ရွက်ခဲ့ပါသည်။ Civil Services Academy-CSA ဖွဲ့စည်းရန်အတွက် ဥက္ကဋ္ဌက ဦးဆောင်၍ “ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် Civil Services Academy-CSA ဖွင့်လှစ်ရေးလုပ်ငန်းကော်မတီ”ကို ဖွဲ့စည်းပြီး ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲရေး၊ သင်ရိုးဇယားပြင်ဆင်ရေးဆွဲရေး၊ ဆရာ၊ ဆရာမများ ဖြည့်တင်းခန့်ထားရန်၊ ရဲတပ်ဖွဲ့ဝင်များ၊ လေ့ကျင့်ရေးသုံးလက်နက်၊ ခဲယမ်းများ ပြန်လည်အပ်နှံရေး၊ သင်ထောက်ကူပစ္စည်း၊ အဆောက်အအုံ၊ ရုံးခန်းများ ပြင်ဆင်ရေး၊ ပြင်ပပညာရှင်များ အကူအညီရရှိရေးတို့ကို နေ့၊ ညမအား သက်ဆိုင်ရာ ပါမောက္ခချုပ်များ၊ သင်ကြားစီမံဆရာ၊ ဆရာမများတို့ဖြင့် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်ခဲ့သည့်အတွက် ပြည်သူ့ဝန်ထမ်းအကယ်ဒမီအပါအဝင် တက္ကသိုလ်အသီးသီး၏ ဖွဲ့စည်းပုံအသစ်အား ၆-၁၀-၂၀၁၆ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၆)မှ သဘောတူခွင့်ပြုခဲ့ပြီး **စာမျက်နှာ ၉ သို့** ✪

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကြေညာ

နေပြည်တော် ဇန်နဝါရီ ၂

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ယနေ့မှစတင်၍ ကပ်ထားကြေညာထားပြီးဖြစ်ကြောင်း သိရှိရပါသည်-

## ပါတီ/တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှုအခြေအနေ

၇-၁၂-၂၀၁၆

| စဉ် | ပါတီ/တစ်သီးပုဂ္ဂလ | ပြည်သူ | အမျိုးသား | တိုင်း/ပြည်နယ် | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂ | ၁ | - | ၃ |
| ၂ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၂ | ၂ |
| ၃ | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | ၃ | ၁ | - | ၄ |
| ၄ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ(AMDP) | ၁ | - | - | ၁ |
| ၅ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂ | - | ၅ | ၇ |
| ၆ | ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ(Chin National Democratic Party) | - | ၁ | - | ၁ |
| ၇ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ |
| ၈ | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၁ | - | - | ၁ |
| ၉ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉ | ၃ | ၇ | ၁၉ |
| ၁၀ | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ(NATIONAL DEMOCRATIC FORCE) | ၃ | ၂ | - | ၅ |
| ၁၁ | ပြည်သူ့ဒီမိုကရေစီပါတီ(People Democracy Party) | ၁ | - | - | ၁ |
| ၁၂ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉ | ၃ | ၆ | ၁၈ |
| ၁၃ | မြန်မာအမျိုးသားကွန်ဂရက်ပါတီ(Myanmar National Congress) | ၁ | - | - | ၁ |
| ၁၄ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂ | - | ၅ | ၇ |
| ၁၅ | မွန်အမျိုးသားပါတီ | ၁ | - | - | ၁ |
| ၁၆ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ(Myanmar Farmers' Development Party) | ၁ | - | - | ၁ |
| ၁၇ | လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်) | - | - | ၁ | ၁ |
| ၁၈ | ရခိုင်အမျိုးသားပါတီ | ၂ | - | - | ၂ |
| ၁၉ | ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ | ၁ | - | - | ၁ |
| ၂၀ | လူ့ဘောင်သစ်ပါတီ | ၁ | - | - | ၁ |
| ၂၁ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ |
| ၂၂ | အမျိုးသားတိုးတက်ရေးပါတီ | ၃ | ၂ | ၁ | ၆ |
| ၂၃ | ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ | - | ၁ | - | ၁ |
| ၂၄ | 'ဝ'လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ | - | - | ၂ | ၂ |
| ၂၅ | တစ်သီးပုဂ္ဂလ | ၆ | ၁ | - | ၇ |
| | စုစုပေါင်း | ၄၉ | ၁၅ | ၃၁ | ၉၅ |

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တင်သွင်းမှုအခြေအနေ

၂၈-၁၁-၂၀၁၆ မှ ၇-၁၂-၂၀၁၆ ထိ

၁၂-၁၂-၂၀၁၆

| စဉ် | မဲဆန္ဒနယ် | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည် | | ပါတီ/တစ်သီးပုဂ္ဂလ | တင်သွင်းရက်စွဲ |
|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်း | | | | |
| ၁ | မုံရွာမဲဆန္ဒနယ် | ၁ | ဦးစိန်မောင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅-၁၂-၂၀၁၆ |
| | | ၂ | ဦးညွန့်လှိုင် | အမျိုးသားတိုးတက်ရေးပါတီ | ၇-၁၂-၂၀၁၆ |
| | | ၃ | ဦးညွန့်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁-၁၂-၂၀၁၆ |
| | | ၄ | ဒေါက်တာဝင်းမြင့်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅-၁၂-၂၀၁၆ |
| | | ၅ | ဒေါက်တာသန်းထိုက်ဦး | ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party) | ၂-၁၂-၂၀၁၆ |
| | မွန်ပြည်နယ် | | | | |
| ၂ | ချောင်းဆုံမဲဆန္ဒနယ် | ၁ | ဦးတင့်ဝေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅-၁၂-၂၀၁၆ |
| | | ၂ | နိုင်စိန်မြမောင်(ခ)နိုင်မြမောင် | မွန်အမျိုးသားပါတီ | ၆-၁၂-၂၀၁၆ |
| | | ၃ | ဦးဝင်းထွဋ်(ခ)ဦးမြဝင်း | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ (AMDP) | ၇-၁၂-၂၀၁၆ |
| | | ၄ | ဦးအေးဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇-၁၂-၂၀၁၆ |
| | | ၅ | ဦးအောင်ကြည်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅-၁၂-၂၀၁၆ |
| | ရခိုင်ပြည်နယ် | | | | |
| ၃ | အမ်းမဲဆန္ဒနယ် | ၁ | ဦးဇော်လင်းအောင် | တစ်သီးပုဂ္ဂလ | ၄-၁၂-၂၀၁၆ |
| | | ၂ | ဦးဇော်ဝင်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄-၁၂-၂၀၁၆ |
| | | ၃ | ဦးသောင်းငြိမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁-၁၂-၂၀၁၆ |
| | | ၄ | ဒေါက်တာအေးမောင် | ရခိုင်အမျိုးသားပါတီ | ၄-၁၂-၂၀၁၆ |
| | ရန်ကုန်တိုင်း | | | | |
| ၄ | လှိုင်သာယာမဲဆန္ဒနယ် | ၁ | ဦးကျားကြီး | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | ၁-၁၂-၂၀၁၆ |
| | | ၂ | ဦးကျော်သန်း | တစ်သီးပုဂ္ဂလ | ၂၉-၁၁-၂၀၁၆ |
| | | ၃ | ဦးတင်ယု | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆-၁၂-၂၀၁၆ |
| | | ၄ | ဦးနေလင်းဦး | ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ | ၅-၁၂-၂၀၁၆ |
| | | ၅ | ဦးမောင်ဝင်း | တစ်သီးပုဂ္ဂလ | ၇-၁၂-၂၀၁၆ |
| | | ၆ | ဦးဝင်းမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇-၁၂-၂၀၁၆ |
| | | ၇ | ဦးသက်ထွန်းမောင် | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NATIONAL DEMOCRATIC FORCE) | ၃၀-၁၁-၂၀၁၆ |
| | | ၈ | ဦးအေးကျော် | ရခိုင်အမျိုးသားပါတီ | ၆-၁၂-၂၀၁၆ |

(ဆက်လက်ဖော်ပြပါမည်)

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းဖွင့်လှစ်

**မော်လမြိုင် ဇန်နဝါရီ ၂**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီခွဲက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြခန်းကို ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးနှင့် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးရွှေမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြသထားသော လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဗီနိုင်း၊ ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့သည်။ အဆိုပါပြခန်းကို ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိ ပြသသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

■

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် တစ်နိုင်ငံလုံးရှိ မြို့နယ်အသီးသီး၌ အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ ပြည်ထောင်စုနယ်မြေနေပြည်တော်တွင်လည်း ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်၍ သက်ဆိုင်ရာ အားကစားနည်းများအလိုက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း/ရုံ၌ ကျင်းပခဲ့ရာ အဆိုပါပြိုင်ပွဲများသို့ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ် ကော်မတီအတွင်းရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့အားကစားပြိုင်ပွဲများအဖြစ် ဝဏ္ဏသိဒ္ဓိ(B)ရုံ၌ ကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် ဗဟိုဘဏ်အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗဟိုဘဏ်အသင်းက နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသား တတိယနေရာလုပွဲ ပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

လွန်ဆွဲပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို လေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဇန်နဝါရီ ၃ ရက် ပွဲစဉ်များအဖြစ် နံနက် ၈ နာရီမှစ၍ ဖူဆယ်ပြိုင်ပွဲ တတိယနေရာလုပွဲ ပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်တို့ကို ဖူဆယ်ပြိုင်ပွဲရုံ၌လည်းကောင်း၊ လွန်ဆွဲပြိုင်ပွဲ ဖိုင်နယ်ပွဲစဉ်များကို လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ လည်းကောင်း၊ ပိုက်ကျော်ခြင်း ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ (B)ရုံ၌လည်းကောင်း ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

# ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ဖြစ်စဉ်များနှင့်ပတ်သက်၍ မဟုတ်မမှန်သတင်းများ လုပ်ကြံဖြန့်ချိ

သတင်း - ကျောဖုံး










(သတင်းစဉ်)

## နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ မုနိန္ဒ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ကန်မိန်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒသည် သက်တော်(၈၆)နှစ် သိက္ခာတော်(၆၆)ဝါအရ ၁၃၇၈ ခုနှစ် ပြာသိုလဆန်း(၂)ရက် (၃၀-၁၂-၂၀၁၆) သောကြာနေ့ မွန်းတည့် ၁၂ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

## မောင်တောတွင် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပ

**စစ်တွေ ဇန်နဝါရီ ၂**

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (မောင်တော)၌ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုခြင်းအားဖြင့် အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းမောင်နှင့် ဆရာ၊ ဆရာမများ ဦးဆောင်ပြီး ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲများကို အဆိုပါကျောင်း အားကစားကွင်း၌ကျင်းပရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ် (မြန်/ဆက်)

✪ စာမျက်နှာ ၇ မှ

ဝန်ထမ်းများ ပြန်လည်နေရာချထားခြင်း၊ ပညာရှင်ဝန်ထမ်းများ ဖြည့်သွင်းခန့်ထားရန် စီမံဆောင်ရွက်ခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၎င်းအပြင်တက္ကသိုလ်အလိုက် ပညာရေးနှင့် လေ့ကျင့်ရေးကိစ္စရပ်များအတွက် ဝိုင်းဝန်းထောက်ပံ့ပေးနိုင်ရန် အတွေ့အကြုံရှိ ပညာရှင်များပါဝင်သော တက္ကသိုလ်အကြံပေးရေးအဖွဲ့နှင့် တက္ကသိုလ်ပညာရပ်အဖွဲ့များကိုလည်း ပြင်ဆင်သတ်မှတ်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ယခုဆိုလျှင် Civil Services Academy-CSA ကို တက္ကသိုလ်နှစ်ခုတွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သလို အစိုးရဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ ပါဝင်တက်ရောက်ခွင့်ရရှိသော ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ အမှတ်စဉ် (၁) (Postgraduate Diploma in Civil Service Management - PGDCS) ကိုလည်း စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ကြော်ငြာခေါ်ယူသော အရာရှိအဆင့် ဝင်ပေါက်ရာထူးဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်သူများအနေဖြင့် ယခင်က အခြေခံအရာထမ်းလောင်းသင်တန်း အောင်မြင်ပြီးမြောက်ခြင်းလက်မှတ် Certificate ပေးသည့် သင်တန်းကိုသာ တက်ရောက်ရပြီး ယခုဆိုလျှင် ဘွဲ့လွန်ဒီပလိုမာ (Postgraduate Diploma in Civil Service Management - PGDCS) ပေးအပ်ချီးမြှင့်နိုင်သည့် သင်တန်းကို တက်ရောက်နိုင်မည်ဖြစ်ပါသည်။ CSA တွင် လေ့ကျင့်သင်ကြားမည့် အစီအမံများတွင် အစိုးရဝန်ထမ်းများအပြင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂ္ဂလိကဆိုင်ရာလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကုမ္ပဏီဝန်ထမ်းများကိုပါ လေ့ကျင့်ပေးသွားမည်ဖြစ်ရာ သတ်မှတ်အရည်အချင်းပြည့်မီသည့် ပုဂ္ဂလိကဝန်ထမ်းများကိုပါ အစိုးရဝန်ထမ်း၊ အရာထမ်းများနှင့်အတူ တက်ရောက်သင်ကြားနိုင်ပြီဖြစ်ပါသည်။

ထို့ကဲ့သို့ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများတွင် အစိုးရဝန်ထမ်းများနှင့်အတူ ပုဂ္ဂလိကဝန်ထမ်းများကိုပါ လက်ခံလေ့ကျင့်သင်ကြားပေးခြင်းဖြင့် ဝန်ထမ်းများအကြား အတွေ့အကြုံကောင်းများ ဖလှယ်နိုင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိနိုင်ခြင်း၊ ပြည်သူများအား ဝန်ဆောင်မှုကောင်းများ ပိုမိုပေးနိုင်ရန်အတွက် ပိုမိုသစ်လွင်ကောင်းမွန်သော နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ ဆန်းသစ်မှုများကို ရရှိနိုင်ခြင်း၊ ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့အကြားတွင် လုပ်ငန်းတာဝန်ဝတ္တရားများကို ပွင့်လင်းမြင်သာစွာဖြင့် ပိုင်းခြားဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ မလွဲဧကန်ရရှိလာမည်ဖြစ်ပါသည်။

နောင်တွင်လည်း အလယ်အလတ်အဆင့် (လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးများ) အရာထမ်းများအတွက် အဆင့်မြင့်ဒီပလိုမာ (Advanced Diploma) သင်တန်းကို လည်းကောင်း၊ ညွှန်ကြားရေးမှူးအဆင့် အရာထမ်းများအတွက် မဟာဘွဲ့ (Master) သင်တန်းကိုလည်းကောင်း တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် အစိုးရပြောင်းလဲခြင်း၊ ခေါင်းဆောင်ပြောင်းလဲခြင်းတို့သည် ပါတီစုံဒီမိုကရေစီခေတ်တွင် ပုံမှန်ကိစ္စတစ်ရပ်သာဖြစ်သည့်အတွက် မည်သည့်ပါတီ၏ အစိုးရဖွဲ့စည်းသည်ဖြစ်စေ၊ ဌာနအကြီးအမှူး၊ အဆင့်မြင့်အရာထမ်းများကစ၍ အောက်ခြေအဆင့်အမှုထမ်းများအထိ ပြည်သူ့ဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံ၏စီမံအုပ်ချုပ်ရေးယန္တရားကြီး အောင်မြင်စွာလည်ပတ်နိုင်ရေး၊ ပြည်သူများကို ဝန်ဆောင်မှုပေးရေးအတွက် တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့အတွက် နိုင်ငံတော်အပေါ် သစ္စာရှိသော၊ မိမိအလုပ်အပေါ် တာဝန်ယူသော၊ လိုလားတက်ကြွစွာနဲ့ တာဝန်ထမ်းဆောင်သော ဝန်ထမ်းကောင်းများပေါ်ထွန်းလာစေရေးအတွက် အနာဂတ်တွင် နိုင်ငံတကာအဆင့်မီသင်တန်းများအား သင်ကြားပေးသွားတော့မည်ဖြစ်သည်။ ပြည်သူ့ဝန်ထမ်းအကယ်ဒမီမှ မွေးထုတ်ပေးလိုက်သော ဝန်ထမ်းများသည်လည်း သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း၏ ရည်မှန်းချက်အောင်မြင်ပြီးမြောက်အောင် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သလို ဝန်ထမ်းသက်တမ်းတစ်လျှောက် အစဉ်လေ့လာသင်ယူပြီး ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သော အုပ်ချုပ်မှုယန္တရား လည်ပတ်နိုင်ရေးအတွက် ပိုမိုအထောက်အကူပြုနိုင်တော့မည်ဖြစ်ပါသည်။

ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA) ဖွင့်လှစ်နိုင်ရေးအတွက် အစိုးရအဖွဲ့သစ်၏ လမ်းညွှန်မှုနှင့်အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ သင်ကြား/ စီမံအရာထမ်း၊ အမှုထမ်းများ၏ ကြိုးပမ်းမှု၊ မြန်မာနိုင်ငံ ပြည်သူ့ဝန်ထမ်းများ အရည်အသွေး၊ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားရေးကို လိုလားသော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ ပညာရှင်များ၏ ဝိုင်းဝန်းကူညီမှုများကြောင့် အစိုးရသစ်၏ စတင်တာဝန်ယူသည်မှ ယနေ့ထိ ရှစ်လတာ ကာလအတွင်း ၂-၁-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခု၌ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA)ကို မူလရည်ရွယ်ထားသည့်အတိုင်း အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပေတော့သည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ပုသိမ်အကျဉ်းထောင်သို့ သွားရောက်စစ်ဆေး

**ပုသိမ် ဇန်နဝါရီ ၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးသာဋ္ဌေးသည် ဒီဇင်ဘာ ၃၀ ရက် နံနက်က ပုသိမ်အကျဉ်းထောင်သို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ကြည့်ရှုစစ်ဆေးရာတွင် အကျဉ်းဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူးဦးမင်းစိုးနှင့် အကျဉ်ထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ဦးတို့က အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုအခြေအနေ၊ သောက်သုံးရေရရှိမှုအခြေအနေများနှင့် စာပေဗဟုသုတလေ့လာနိုင်ရန်နှင့် စာကြည့်တိုက်ထားရှိမှုအခြေအနေ၊ စိတ်အပန်းဖြေရေးအတွက် အားကစားနှင့် ရုပ်မြင်သံကြားစက်များထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးက အကျဉ်းထောင်လက်စွဲဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားရန် သက်ဆိုင်ရာတာဝန်ရှိသူများအား ညှိနှိုင်းဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ပြစ်ဒဏ်ကျ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အဆောင်များ၊ တိုက်ခန်းများ၊ စားဖိုကြီးများ၌ သန့်ရှင်းစွာထားရှိမှု ရှိ၊မရှိ၊ သက်သာချောင်ချိမှု ရှိ၊မရှိ၊ ဆေးဝါးကုသခွင့် ရှိ၊ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ အကျဉ်းသားများဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများနှင့်စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**

ဝဝ

## ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဧရာဝတီတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယနေ့ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် တူးချောင်းကျေးရွာအုပ်စုတွင် ကြာစွယ်စိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက ကြာစွယ်စိုက်ပျိုးထုတ်လုပ်မည့် အခြေအနေများအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ယခု ကြာစွယ်စိုက်ပျိုးရေးလုပ်ငန်းသည် pilot project ဖြစ်သည့်အတွက် အခက်အခဲများကြုံတွေ့နိုင်ကြောင်း၊ တွေ့ကြုံလာသည့် အခက်အခဲများကို အောင်မြင်အောင် တစိုက်မတ်မတ် ကြိုးပမ်းကြစေလိုကြောင်း၊ နိုင်ငံတော်ဘက်မှ ပံ့ပိုးကူညီနိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် အဆင့်မြင့် စက္ကူစက်ရုံ (သာပေါင်း) သို့ရောက်ရှိရာ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စက္ကူစက်ရုံမှ တာဝန်ရှိသူများက စက်ရုံမလည်ပတ်နိုင်သည့် အကြောင်းရင်းနှင့် စက်ရုံ၏ လက်ရှိအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လာရောက်ခြင်းသည် စက်ရုံမလည်ပတ်နိုင်ခြင်းကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေမှနှစ်စဉ်ကျခံနေရသည့်အခြေအနေ၊ နိုင်ငံခြားသုံးငွေဖြင့် ချေးငွေပေးဆပ်နေရမှု အခြေအနေ၊ ကျွမ်းကျင်ဝန်ထမ်းများ၏ လုပ်အားဆုံးရှုံးနေမှု အခြေအနေများအား ဆွေးနွေးပြောကြားပြီး စက်ရုံကို နိုင်ငံတော်ပိုင်အနေဖြင့် ဆက်လက်လည်ပတ်မည်ဆိုပါက စက်ရုံအတွက် ကုန်ကြမ်းလိုအပ်မှုနှင့် ရရှိနိုင်မှုအခြေအနေ၊ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် ပြင်ဆင်ရန်လိုအပ်ချက်များ၊ နိုင်ငံခြားမှ ထပ်မံဝယ်ယူရန် လိုအပ်သည့် စက်ပစ္စည်းများ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များ၊ ကုန်ချောထွက်ရှိလာမည်ဆိုပါက ထွက်ရှိလာမည့် ကုန်ချောများအတွက် ဖြစ်ပေါ်လာနိုင်သည့် ဈေးကွက်အခြေအနေ၊ နိုင်ငံတော်မှ အကျိုးအမြတ်ရရှိနိုင်မှု အခြေအနေများ၊ ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းပေးအပ်မည်ဆိုပါက ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

## ဖြူးမြို့ ဘိုးဘွားရိပ်သာတွင် သောက်ရေသန့်စက် ဖွင့်ပွဲကျင်းပ

**ဖြူး ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ဘိုးဘွားရိပ်သာတွင် သောက်ရေသန့်စက်ဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က ဘိုးဘွားရိပ်သာဝင်းအတွင်းရှိ မေတ္တာရေစင်သောက်ရေသန့်စက်၌ ကျင်းပရာ အဘိုးအဘွားများ၊ ဧည့်သည်များနှင့် အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ သောက်ရေသန့်စက်တည်ဆောက်နိုင်ရေးအတွက် ရပ်ဝေး၊ ရပ်နီးမှ အလှူရှင် ၅၆ ဦးတို့ လှူဒါန်းထားသည့် မတည်အလှူငွေကျပ် ၆၆၅၅၁၀၀ ဖြင့် သောက်ရေသန့်စက်ကို တည်ဆောက်ခဲ့ရာ ကျပ် ၆၉၀၂၉၂၀ ကုန်ကျခဲ့ပြီး ရေသန့်စက်တည်ဆောက်ပြီးစီးသွားသဖြင့် ဘိုးဘွားရိပ်သာတွင် နေထိုင်ကြသည့် အဘိုးအဘွား ၄၀ တို့မှာ ဒီဇင်ဘာ ၃၁ ရက်မှစတင်၍ ကျန်းမာရေးနှင့်ညီညွတ်သည့် သောက်ရေသန့်များကို စတင်သောက်သုံးနိုင်ကြမည်ဖြစ်ကြောင်း ဘိုးဘွားရိပ်သာကြီးကြပ်စောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးပုနှင့် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုမောင်တို့က ပြောပြခဲ့ကြသည်။

**(ဖြူးမြင့်ဦး)**

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ် အခမ်းအနားများကျင်းပ



(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို မွန်ပြည်နယ် ရေးမြို့ မြကန်သာကျုံး၌ ဇန်နဝါရီ ၂ ရက်မှ ၄ ရက်(လွတ်လပ်ရေးနေ့)အထိ ကျင်းပမည်ဖြစ်ရာ မြို့ ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးအသင်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအသင်းတို့က ယနေ့နံနက် ၉ နာရီခွဲက ဖွင့်ပွဲအဖြစ် ယှဉ်ပြိုင်လှော်ခတ်ကြသည်။ ပြိုင်ပွဲတွင် အမျိုးသားခုနစ်ဦးလှော်ပြိုင်ပွဲဝင်အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အုပ်စုပတ်လည် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ထွန်းထွန်း-ရေး)**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းများဖွင့်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ Telent Showပြိုင်ပွဲ၊ တစ်ခန်းရပ်ပြဇာတ်ပြိုင်ပွဲနှင့် တေးသရုပ်ဖော်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် (၆၆)လမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက “ပြည်ထောင်စုကြီးတို့မြန်မာ”အကဖြင့် ဖျော်ဖြေတင်ဆက်သည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိကြသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**





မြစ်သားမြို့နယ်တွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အတွင်းရှိ တစ်နှစ်ခွဲအောက် ကလေးငယ်များပြိုင်ပွဲ(Baby show)အား မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပရာ မွေးစမှ ခြောက်လအရွယ်၊ ခြောက်လ တစ်ရက်မှ ၁၂ လအရွယ်၊ ၁၂ လတစ်ရက်မှ ၁၈ လအရွယ် သုံးမျိုးခွဲပြိုင်ကြကာ ကလေး၏ ကိုယ်အလေးချိန်၊ အရပ်အမြင့်၊ ကျန်းမာရေးဆေးစစ်ချက်၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ အသိဉာဏ်ဖွံ့ဖြိုးမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုယ်အလေးချိန်ကတ်ပြားထားရှိမှုများကို အမှတ်ပေးယှဉ်ပြိုင်ကြကာ ဆုရရှိသည့် ကလေးများအား လွတ်လပ်ရေးနေ့တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းမြင့်က ပြောသည်။

**ရဲဝင်းထွန်း(မြစ်သား)**

**လှိုင်းဘွဲ့**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြိုင်ပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ ကျန်းမာရေးဦးစီးဌာနနှင့် မိခင်/ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကာ ကလေးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ ကလေးပြိုင်ပွဲကို ကလေးများ ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်ခန္ဓာဖွံ့ဖြိုးကာ အသိဉာဏ်ဖွံ့ဖြိုးသော ကလေးငယ်များဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ကလေးပြိုင်ပွဲတွင် ကလေးများ၏ ကျန်းမာရေး၊ အာဟာရဖြည့်စွက်စားသုံးမှု၊ ကာကွယ်ဆေး အချိန်မှန်ထိုးခြင်း၊ ကိုယ်အလေးချိန်တက်လာစေရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကလေးများ၏ ကျန်းမာကြံ့ခိုင်မှုများအား စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ပြိုင်ပွဲသို့ ကလေးငယ်ပေါင်း ၆၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး လက်ဆောင်ပစ္စည်းများပေးအပ်ကာ ဆုရရှိသည့် ကလေးငယ်များအား လွတ်လပ်ရေးနေ့ ( ဇန်နဝါရီ ၄ ရက်)တွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်တွင်းရေးရာ

## မြန်မာနိုင်ငံအလေးမအားကစား ဖွံ့ဖြိုးတိုးတက်ရေးနှီးနှောဖလှယ်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနအောက်ရှိ မြန်မာနိုင်ငံ အလေးမအားကစား ဖွံ့ဖြိုးတိုးတက်ရေးနှီးနှောဖလှယ်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းရှိ အလေးမအဖွဲ့ချုပ်ရုံးခန်း၌ ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ အလေးမအားကစားအဖွဲ့ချုပ်သစ်သည် အားကစားသမားများ၊ သက်ကြီးအလေးမ လက်ရွေးစင်အားကစားသမားဟောင်းများ၊ အလေးမအားကစားမိသားစုဝင်များ တွေ့ဆုံ၍ အလေးမအားကစားဖွံ့ဖြိုးတိုးတက်ရေး၊ အပြည်ပြည်ဆိုင်ရာနှင့် အရှေ့တောင်အာရှ အလေးမပြိုင်ပွဲများတွင် အောင်နိုင်မှုရရှိရေး၊ မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးရေး၊ အားကစားသမားဟောင်းကြီးများ၏ ကျန်းမာရေးနှင့်လူမှုရေးလုပ်ငန်းများ ကူညီပံ့ပိုးပေးရေးစသည့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်သွားရန် အဖွဲ့ချုပ်သစ်အတွင်း ဒီဇင်ဘာ ၁၁ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း အလေးမအဖွဲ့ချုပ်ရုံးခန်းတွင် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ အလေးမအားကစားအဖွဲ့ချုပ်သစ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရွေးချယ်ခဲ့ရာ ဥက္ကဋ္ဌ ဦးအောင်ချစ်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးထွန်းမြင့်၊ ဦးကျော်အောင်စိုး၊ ဦးငွေးဝင်း၊ ဦးစန်းမြင့်၊ အတွင်းရေးမှူး ဦးသီဟန်နှင့် အမှုဆောင် ၂၁ ဦးဖြင့် အသစ်ပြန်လည်ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ကော့သောင်းမြို့တွင် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒထုတ်ဖော်

**ကော့သောင်း ဇန်နဝါရီ ၂**

ဥယျာဉ်ခြံမြေများသိမ်းဆည်းခံရ၍ တရားစွဲခံနေရသော တောင်သူလယ်သမားများ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ပွဲတစ်ရပ် ယနေ့ နံနက် ၉ နာရီခွဲက ကော့သောင်းမြို့တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါဆန္ဒထုတ်ဖော်ပွဲတွင် ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ ၁၈ မိုင်တွင် ငွေတိုးစံကုမ္ပဏီမှ မိမိတို့၏ ဥယျာဉ်ခြံမြေများ သိမ်းဆည်းခံရကာ တရားစွဲခံနေရသော တောင်သူ လယ်သမား ကိုးဦးမှ ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက်၊ အဝိုင်းပတ်လမ်းဆုံမှ စတင်စုစည်းပြီး ဗိုလ်ချုပ်လမ်း၊ ကမ်းနားလမ်း၊ ရွာမလမ်း၊ နိဗ္ဗာန်လမ်းမှတစ်ဆင့် မူလနေရာ အဝိုင်းပတ်အထိ "မြေစာရင်းမြေပုံအမှန်ရေးဆွဲပေးရေး၊ ဘာတစ်ခုမှနားမလည်သည့် လွှတ်တော်ကိုယ်စားလှယ်များ နုတ်ထွက်ပေးပါ။ သက်ဆိုင်ရာဌာနများကို စောင့်ကြည့်ပေးပါ။ အရပ်ဘက်နှင့် အစိုးရ မြေယာကော်မတီဖွဲ့စည်းပေးရေး၊ အမှန်တကယ်လုပ်ကိုင်သည့်တောင်သူတွေထောင်ကျကုန်ပြီ"စသည့် စာသားများရိုက်နှိပ်ထား



သည့် ဗီနိုင်းပိုစတာများကိုင်ဆောင်ကြွေးကြော်ကာ ဒီမိုကရက်တစ်ပါတီ(မြန်မာပြည်)၏ တနင်္သာရီတိုင်းဒေသကြီး စည်းရုံးရေးမှူး ဦးသန်းထွန်းက ဦးဆောင်ကာ ခွင့်ပြုချက်ရယူ၍ ငြိမ်းချမ်း စွာ ဆန္ဒထုတ်ဖော်ကြခြင်းဖြစ်သည်။

ယခုဆန္ဒထုတ်ဖော်ပွဲသည် ၂၀၁၇ ခုနှစ် နှစ်ဦးအစတွင် ကော့သောင်းမြို့၌ ပထမဆုံး အကြိမ် စတင်ဆန္ဒထုတ်ဖော် စီတန်းလှည့်လည်သည့်ဖြစ်စဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မြန်မာမင်္ဂလာမီဒီယာနှင့် ယဉ်ကျေးမှုအနုပညာပွဲ၏ တတိယအကြိမ်မြောက် နှစ်သစ်ကူးအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာမင်္ဂလာမီဒီယာနှင့်ယဉ်ကျေးမှု အနုပညာအဖွဲ့၏ တတိယအကြိမ် နှစ်သစ်ကူး တွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် လေးထောင့်ကန်လမ်း အမှတ်(၁၆၆) ရှိ Royal Holiday Hotel ၌ ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် မင်္ဂလာမဂ္ဂဇင်း (ရန်ကုန်ရုံးခွဲတာဝန်ခံ) မြန်မာမင်္ဂလာမီဒီယာနှင့် ယဉ်ကျေးမှုအနုပညာအဖွဲ့မှ Meng Fen(ဒေါ်) ဒေါ်ကြည်လင်းနှင့် ရွှေဓနအောင်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရဒေါက်တာဦးစိုးသိန်းတို့က နှစ်သစ်ကူးအမှာစကား ပြောကြားသည်။

ယင်းနောက် ဒီမိုကရေစီတူဒေးသတင်းစာတိုက် စာတည်းမှူးချုပ် ဦးလှိုင်ဝင်း(လှိုင်ဝင်းမောင်)၊ ရောင်ပြန်မဂ္ဂဇင်းနှင့် ဘုန်းရောင်ဂျာနယ်မှ စာတည်းမှူးချုပ် ဦးမောင်မောင်မြင့်အေး၊ သတင်းစာဆရာဦးမြတ်စိုး (မြတ်စိုး-လှိုင်)၊ ပန်းချီ နီပိုဦးနှင့် ကာတွန်း မောင်မောင်အောင်တို့က နှစ်သစ်ကူးဆုတောင်းစကားများ ပြောကြားပြီး ဓာတ်ပုံပညာရှင်ထင်အောင်(အင်းစိန်)၊ ပန်းချီ နီပိုဦး၊ ပန်းချီ ပြည်ကျော်ဟန်တို့က မြန်မာမင်္ဂလာမီဒီယာနှင့် ယဉ်ကျေးမှုအနုပညာအဖွဲ့မှ Meng Fen (ဒေါ်) ဒေါ်ကြည်လင်းထံ အမှတ်တရဓာတ်ပုံနှင့် မြန်မာ့ရှုခင်းပန်းချီကားများ လက်ဆောင်ပေးအပ်ကာ နှစ်သစ်ကူး အထိမ်းအမှတ် မြန်မာ့ရိုးရာတေးသီချင်းနှင့် အကများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

မြန်မာမင်္ဂလာမီဒီယာနှင့် ယဉ်ကျေးမှု အနုပညာအဖွဲ့ကို ၂၀၁၄ ခုနှစ်မှစတင်၍ ယာယီဖွဲ့စည်းခဲ့ပြီး မြန်မာ-တရုတ်နှစ်နိုင်ငံဗုဒ္ဓဘာသာ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်မှုများ၊ ရေဘေးသင့်ဒေသများသို့ ကူညီထောက်ပံ့မှုများနှင့် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## မြစိမ်းရောင်စီမံကိန်းကျေးရွာများ ဆောင်ရွက်မှုစစ်ဆေး

**နမ့်ဆန် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သည့် ကျောက်တော်၊ မြိုင်ကျေးရွာ၊ ကယားလမ်းကျေးရွာနှင့် တောင်ကျော်ကျေးရွာများမှ ငွေစာရင်းထိန်းသိမ်းဆောင်ရွက်ထားရှိမှု ချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး အသေးစားထုတ်ကုန်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

အဆိုပါလုပ်ငန်းများ တိုးတက်နေမှုအခြေအနေကို နမ့်ဆန်မြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် ဝန်ထမ်းများက ဒီဇင်ဘာလ နောက်ဆုံးပတ်မှစတင်၍ ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြစိမ်းရောင် ငွေစာရင်းထိန်းသိမ်းထားရမည့်ပုံစံများအား ရှင်းလင်းပြောကြားခဲ့သည်။ **(သီပေါကိုလတ်)**

## အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**လွိုင်လင် ဇန်နဝါရီ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အသက်မွေးဝမ်းကျောင်းအထောက်အကူပြုကာလတို အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း နည်းပညာသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက လွိုင်လင်မြို့မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းနောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသက်နိုင်ဦးနှင့် တောင်ကြီးမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီးတို့က သင်တန်းပို့ချပေးမှုနှင့် သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းခဲ့သည်။**မိုးလွင်ဦး(လွိုင်လင်)**

## ဒီဇင်ဘာ ပဉ္စမပတ် လူထုလမ်းလျှောက်ပွဲ ကျင်းပ

**ရွှေကူ ဇန်နဝါရီ ၂**

ရွှေကူမြို့၏ ဒီဇင်ဘာ လူထုအားကစားလ ပဉ္စမပတ်လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၅ နာရီက ကျင်းပခဲ့သည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် မြို့ပေါ်လေးရပ်ကွက်မှ ဒေသခံပြည်သူအင်အား ၃၀၀ ခန့်သည် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ မြို့ပတ်လမ်းတစ်လျှောက် ဆင်နွှဲကြပြီး ပြည်သူ့အားကစားကွင်းကြီးအတွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကာ ကောက်ညှင်းပေါင်းနှင့် အကြော်များ ကျွေးမွေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

## အရန်မီးသတ်လေ့ကျင့်ရေးမွမ်းမံသင်တန်း ညောင်တုန်းမြို့၌ဖွင့်

**ညောင်တုန်း ဇန်နဝါရီ ၂**

အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ပညာရပ်များ၊ ရှာဖွေကယ်ဆယ်ရေးပညာရပ်များ ပိုမိုတတ်မြောက်နားလည်လာစေရန်၊ မီးလောင်မှုနှင့်သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ပိုမိုထိရောက်စွာ စွမ်းဆောင်နိုင်စေရန်နှင့် နိုင်ငံတော်၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းနိုင်စေရန်တို့ကို ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် အရန်မီးသတ်လေ့ကျင့်ရေးမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၆)ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ဘော်က အမှာစကားပြောကြားပြီး မြို့နယ်ရဲမှူးဦးစိုးမင်းသိမ်းက မိမိတတ်မြောက်ထားပြီဆိုသော်လည်း ယခုထက်လုပ်ငန်းစွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်၊ သဘာဝဘေးအန္တရာယ်နှင့် အခြားလူမှုရေးလုပ်ငန်းများတွင် မိမိတတ်မြောက်ထားသော ပညာရပ်များဖြင့် ပြည်သူတို့၏အကျိုးကို စွမ်းစွမ်းတမံပိုမိုဆောင်ရွက်နိုင်စေရန်အတွက် မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသန့်ဇင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သင်တန်းစည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သက်၍ ပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား ၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၂၀ ရက်အထိ ရက်ပေါင်း ၂၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၄၃၀၀၀ | - | ၈၄၃၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၄၃၀၀၀ | - | ၈၄၃၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၅ ကျပ်၊ | ၇၃၀/၇၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၆၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၅/၇၁၀ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၂ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၁. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၅. ၈၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၇. ၉၈၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၁၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၀၁၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၆၄. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၇၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၀. ၀၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၃၉. ၅၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ရိန်းရဲ့တေးအယ်လ်ဘမ်သစ်အတွက် ဓာတ်ပုံကို ထုတ်ဖော်ပြသ





သရုပ်ဆောင်တစ်ဦးအဖြစ်သာမက တေးသံရှင်တစ်ဦးအဖြစ်ပါ ကျော်ကြားတဲ့ ရိန်းဟာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်အတွက် ဓာတ်ပုံတစ်ပုံကို ဇန်နဝါရီ ၂ ရက်က ထုတ်ဖော်ပြသခဲ့ကြောင်း အမ်ဝေ့ဗ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

ရိန်းဟာ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းက တေးအယ်လ်ဘမ်သစ်ကို လာမယ့်ဇန်နဝါရီ ၁၅ ရက်မှာ ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ယခုလိုတေးအယ်လ်ဘမ်ဓာတ်ပုံကို ရိန်းကုမ္ပဏီရဲ့ တရားဝင်ဝက်ဘ်ဆိုက်ကနေတစ်ဆင့် ပထမဆုံးအကြိမ် ထုတ်ဖော်ပြသလိုက်တာ ဖြစ်ပါတယ်။

ထုတ်လုပ်မှုတစ်ခုချင်းစီရဲ့ ကွဲပြားထူးခြားတဲ့ဖျော်ဖြေတင်ဆက်မှုတွေကြောင့် ကျော်ကြားတဲ့တေးသံရှင်တစ်ဦးဖြစ်သူ ရိန်းရဲ့တေးအယ်လ်ဘမ်သစ်ကို ပရိသတ်များကလည်း အထူးမျှော်လင့်စောင့်စားလျက်ရှိပါတယ်။ ယခုထွက်ရှိမယ့် တေးအယ်လ်ဘမ်ဟာ လွန်ခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ပထမဆုံးထုတ်လုပ်ထားတဲ့ ရိန်းရဲ့တေးအယ်လ်ဘမ်ဖြစ်လာမှာဖြစ်ပြီး ရိန်းကုမ္ပဏီတည်ထောင်ပြီးနောက် ပထမဆုံးထုတ်လုပ်ခဲ့တဲ့ တေးအယ်လ်ဘမ်လည်းဖြစ်တာကြောင့် ယခုထွက်ရှိမယ့် တေးအယ်လ်ဘမ်ဟာ ရိန်းအတွက်သာမက သူ့ရဲ့ပရိသတ်တွေအတွက်ပါ ထူးခြားတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။

ယခုတေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ပြုလုပ်တဲ့ ရိန်းရဲ့ တေးဂီတဖျော်ဖြေပွဲတွေကိုလည်း လာမယ့် ဇန်နဝါရီ ၈ ရက်နဲ့ ၁၅ ရက်တွေမှာ တောင်ကိုရီးယားဒေသတွင်း မီဒီယာတစ်ခုဖြစ်တဲ့ SBS ရုပ်သံလိုင်းတစ်ခုကနေတစ်ဆင့် ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အေး ပြည့် - စု စည်း သည်

# နှစ်သစ်မှာချစ်သူသစ်နဲ့ ဘရစ်တနေစပီးယားစ်



ပေ့ါပ်နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်တဲ့ ဘရစ်တနေစပီးယားက လတ်တလော ကျရောက်ခဲ့တဲ့ နှစ်သစ်ကူးကာလအတွင်း သူနဲ့သတင်းတွေထွက်နေတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဆမ်အက်စဂါရီနဲ့ ပျော်ရွှင်စွာဖြတ်သန်းခဲ့ပြီး သူတို့နှစ်ဦး တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေကို လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အသက်(၃၅)နှစ်အရွယ် ပေ့ါပ်ကြယ်ပွင့်က နှစ်သစ်ကိုကြိုဆိုတဲ့ အထိမ်းအမှတ်ညစာစားပွဲတစ်ပွဲကို စားသောက်ဆိုင်တစ်ခုမှာ ချစ်သူသစ် ဆမ်အက်စဂါရီနဲ့ အတူကျင်းပခဲ့ကာ ဘရစ်တနေစပီးယားစ်က သူတို့နှစ်ဦးရဲ့ဓာတ်ပုံနဲ့အတူ နှစ်သစ်ဆုတောင်းကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ် စာမျက်နှာကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပါတယ်။

ဆမ်အက်စဂါရီဟာ ဘရစ်တနေစပီးယားစ်ရဲ့ "Slumber Party" တေးဗီဒီယိုမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်ပြီး သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြတယ်ဆိုတဲ့ ကောလာဟလတွေဟာ ဟောလိဝုဒ်မီဒီယာတွေအကြား ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် စက်တင်ဘာလခန့်က စတင်ပြီး ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ခရစ္စမတ်ကာလအတွင်း ဆမ်အက်စဂါရီက ဘရစ်တနေစပီးယားစ်ရဲ့ဘေးမှာရပ်ကာရိုက်ကူးထားတဲ့သူ့ရဲ့ဓာတ်ပုံကို လူမှုကွန်ရက်မီဒီယာပေါ် ယူဆောင်လာခဲ့ပေမယ့် နောက်ပိုင်းမှာ ဖျက်သိမ်းခဲ့ပါတယ်။ သူတို့နှစ်ဦးကို ဟောလိဝုဒ်လမ်းတွေပေါ်မှာ အတူတွဲတွေ့ရလေ့ရှိပေမယ့် နှစ်ဦးကြားက ဆက်ဆံရေးကိုတော့ လတ်တလောအချိန်အထိ တရားဝင် ထုတ်ဖော်ပြောကြားခြင်း မရှိသေးပါဘူး။

ဘရစ်တနေစပီးယားဟာ ဆမ်အက်စဂါရီနဲ့ မတွဲမီက ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ ချာလီအက်ဘာစောလ်နဲ့ လက်တွဲခဲ့ကာ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း လမ်းခွဲခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ဘရစ်တနေစပီးယားစ်ဟာ ဒေးဗစ်လူကာဒိုနဲ့ ချစ်သူဖြစ်ခဲ့ဖူးပြီး ဂျေဆန်ထရက်ခ်နဲ့လည်း စေ့စပ်ပွဲတွေဆင်နွှဲပြီးမှ လမ်းခွဲခဲ့သူတစ်ဦးဖြစ်ပါတယ်။

လတ်တလောမှာ ဆမ်အက်စဂါရီနဲ့အတူ ပျော်ရွှင်နေတဲ့ ဘရစ်တနေစပီးယားစ်က ပြီးခဲ့တဲ့စက်တင်ဘာလအတွင်း ပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာတော့သူ့အနေနဲ့ လတ်တလောမှာ ချစ်သူသစ်တွေ့ဖို့ ဆန္ဒမရှိကြောင်း၊ ကိုယ့်ဘဝကို ကျေနပ်ပျော်ရွှင်ကြောင်းနဲ့ ဖြစ်နေတဲ့ဘဝကိုကျေနပ်တဲ့အတွက် ဘယ်လိုအရာမျိုးကိုမှ ရှာဖွေဖို့ စိတ်ကူးမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ဖူးသူလည်း ဖြစ်ပါတယ်။


# အက်ဒ်ရှီရန်၏တေးသီချင်းသစ် ထုတ်လွှင့်မည့်ရက်ကြေညာ

ဗြိတိန်နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်သော အက်ဒ်ရှီရန်က နှစ်သစ်ကို ကြိုဆိုသည့်အနေဖြင့် ထုတ်လွှင့်သွားရန်စီစဉ်ထားသည့် တေးသီချင်းသစ်အတွက် ထုတ်လွှင့်မည့်ရက်ကို တရားဝင်ထုတ်ပြန်ကြေညာပေးခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Thinking Out Loud"တေးသီချင်းနဲ့ နာမည်ကျော်ခဲ့တဲ့တေးသံရှင် အက်ဒ်ရှီရန်ဟာ သူ့ရဲ့တေးသီချင်းသစ်တစ်ပုဒ်ကို လာမယ့်သောကြာနေ့မှာ အွန်လိုင်းမီဒီယာတွေကနေတစ်ဆင့် စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

တေးရေး၊ တေးဆိုတစ်ဦးအဖြစ်ကျော်ကြားတဲ့ အက်ဒ်ရှီရန်ဟာ လူမှုကွန်ရက် မီဒီယာတွေနဲ့ ကင်းကွာနေခဲ့တာ နှစ်နဲ့ချီနေပြီဖြစ်ကာ ယခုလို တေးသီချင်းသစ်ထုတ်လွှင့်မယ့်ရက် ကြေညာတဲ့အခါမှ လူမှုကွန်ရက်မီဒီယာပေါ် ပြန်လည်တက်လှမ်းလာခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ရှီရန်ဟာ လတ်တလောမှာ စတူဒီယိုတေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေပြုလုပ်နေပြီး သူ့ရဲ့တေးသီချင်းသစ်တွေထဲက တေးသီချင်းတစ်ပုဒ်ကိုတော့ နှစ်သစ်အတွက် သူ့ရဲ့ပထမဆုံးသောတေးသီချင်းအဖြစ် ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။ ရှီရန်ဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း "X"တေးအယ်လ်ဘမ်ကို နောက်ဆုံးထုတ်လုပ်ခဲ့တာဖြစ်ပြီး ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်တွေမှာ တေးအယ်လ်ဘမ်ထုတ်လွှင့်ခဲ့ခြင်း မရှိပါဘူး။



# ဟာသဆန်ဆန်ကူညီမှုပြုခဲ့တဲ့ ဂျွန်စတီးမို့စ်

ဟောလိဝုဒ်နာမည်ကျော် မင်းသားတစ်ဦးဖြစ်တဲ့ ဂျွန်စတီးမို့စ်ဟာ ဆေးရုံတစ်ရုံကို ရုတ်တရက်သွားရောက်လည်ပတ်ခဲ့ပြီး အဆိုပါဆေးရုံမှာတက်ရောက်ကာ ဆေးကုသမှုခံယူနေတဲ့လူနာတစ်ဦးကို သူ့ရဲ့ချစ်သူဟောင်းအပေါ် ပြန်လည်လက်စားချေခွင့်ဖန်တီးပေးခဲ့ကာ ရယ်စရာကူညီမှုတစ်ခုကို လုပ်ဆောင်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Fuller House" ရုပ်ရှင်ရဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဂျွန်ဟာ မကြာသေးမီက သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်တဲ့ မင်းသား ဂျော့ရှ်ပက်ခ်နဲ့အတူ Long Beach Memorial ဆေးရုံကို သွားရောက်လည်ပတ်ခဲ့တာဖြစ်ပါတယ်။ ဒီလိုလည်ပတ်ခဲ့ရာမှာ အဆိုပါဆေးရုံမှာ ဆေးကုသမှုခံယူနေတဲ့ သူ့ရဲ့ပရိသတ်တစ်ဦးဖြစ်တဲ့ အမန်ဒါနဲ့တွေ့ဆုံခဲ့ပြီး အမန်ဒါဟာ ချစ်သူရဲ့စွန့်ပစ်ခြင်းခံခဲ့ရကြောင်း သိရပြီးတဲ့နောက် ဂျွန်စတီးမို့စ်က အမန်ဒါကိုကူညီဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

ဂျွန်က သူနဲ့ အမန်ဒါတို့ ချစ်သူတွေဖြစ်နေကြကြောင်း အဆိုပါပရိသတ်ရဲ့ ချစ်သူဟောင်း ဂျော့ဂျ်ဆီကို ဖုန်းကနေတစ်ဆင့် အသံမက်ဆေ့ချ်ပေးပို့ပေးခဲ့ကာ ချစ်သူရဲ့ ထားခဲ့ခြင်းခံခဲ့ရတဲ့ အမန်ဒါအတွက် တုံ့ပြန်ပေးခဲ့ပါတယ်။

ဂျွန်စတီးမို့စ်က "ဂျော့ဂျ်ရေ ငါကတော့ ဂျွန်စတီးမို့စ်ပဲ ဖြစ်ပါတယ်။ ငါအခု ငါ့ရဲ့ချစ်သူသစ် အမန်ဒါနဲ့ အတူရှိနေပါတယ်။ မင်းတို့နှစ်ယောက်ကွဲသွားခဲ့တော့ ငါ့အတွက် အခွင့်အရေးရခဲ့တာပေ့ါ။ မင်းတော့ရှုံးပြီ ဂျော့ဂျ်၊ ဘာ့ကြောင့်လဲဆိုတော့ အမန်ဒါက တကယ်ကိုကောင်းမွန်တဲ့သူတစ်ဦးဖြစ်လို့ပါ"လို့ အသံမက်ဆေ့ချ်ပို့ပေးခဲ့တာဖြစ်ကြောင်း သိရပါတယ်။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၃-၁-၂၀၁၇(အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "အမှားကအမှန် အမှန်ကအမှား ပြောင်းပြန်တရား" (ဝေဖြိုး၊ ဟိန်းထွဋ်ဝင်း၊ နေသစ်ခန့်၊ ဦးစံပေါ၊ ကိုချမ်း၊ သူရ) ([ဒါရိုက်တာ- ဝေဠု(ဝသန်)] |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ် |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ် |
| ၁၁း၃၅ | မျက်မှောက်ရေးရာသုံးသပ်စရာ |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြမ္မာနှင့်ကျိန်စာ" (အပိုင်း- ၁) |
| ၁း၀၀ | "အရင်ကထက်ပိုချစ်မယ်" (စံလင်းကျော်၊ ထက်အိန္ဒြာလင်း) (ဒါရိုက်တာ- အုပ်စိုးသာ၊ စောသီရိနိုင်) |
| ၂း၁၅ | အတီးပြိုင်ပွဲ |
| ၂း၃၀ | Yes or No Talk Show |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်"(အပိုင်း- ၁) |
| ၄း၃၅ | Catch Asia News 26 |
| ၄း၄၅ | "ပြည်ထောင်စုရာထူးဝန်အဖွဲ့ပြည်သူ့ဝန်ထမ်းအကယ်ဒမီတည်ထောင်ရန် ကြိုးပမ်းဆောင်ရွက်မှုမှတ်တမ်း" |
| ၅း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း |
| ၆း၃၅ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (အကယ်ဒမီ ဇင်ဝိုင်း) |
| ၆း၄၅ | "ပြည်ထောင်စုထဲက ပအိုဝ်း" |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြမ္မာနှင့်ကျိန်စာ"(အပိုင်း-၂) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ -နိုင်ငံတကာသတင်း၊ -မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော် " (အပိုင်း- ၂) -ပြည်သူ့နီတိ "လမ်းပြကြယ်" (ထွန်းထွန်းဝင်း၊ နိုင်ဝင်း၊ ရဲမိုး၊ ဝင်းတေဇာဦး) (ဒါရိုက်တာ-မိုးဇော်ကို) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

၃-၁-၂၀၁၇(အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၀ | ဓမ္မပူဇာတေး |
| ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၇း၃၀ | မျိုးချစ်တပ်မတော် |
| ၈း၁၅ | DVD Hits |
| ၉း၁၀ | World Wide Web |
| ၉း၂၅ | မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ |
| ၉း၄၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၁၀း၀၀ | တစ်ပတ်အတွင်းမွေးမြူရေးသတင်း |
| ၁၀း၁၅ | Books Guide |
| ၁၀း၃၀ | English For Everyone |
| ၁၁း၂၅ | Sportcast |
| ၁၁း၄၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂း၀၀ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၄း၄၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၀၀ | Sport Review |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် အပိုင်း(၈၆) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရုဏ်ဦးရဲ့ ပန်းသခင် အပိုင်း(၈၇) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၀ | Taste On The Street |
| ၆း၃၅ | Fashion King |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိန်ဂျယ်ချစ်သူ အပိုင်း(၁၆) -မြဝတီရုပ်မြင်သံကြားသတင်း -မိုးလေဝသသတင်း -VOA အင်္ဂလိပ်စာသင်ခန်းစာ -ဟာသရုပ်စုံ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လက်ခုပ်ထဲကမျက်ရည် အပိုင်း(၂၅) |

## ဒီဇင်ဘာလ အကောင်းဆုံးသွင်းဂိုးအဖြစ် အမ်ခီတာယန်၏ သွင်းဂိုးရွေးချယ်ခံရ

မန်ယူနှင့် ဆန်းဒါးလန်းအသင်းတို့ ပွဲစဉ်တွင် မန်ယူကွင်းလယ်လူ အမ်ခီတာယန်သွင်းယူခဲ့သည့် သွင်းဂိုးသည် မဲအရေအတွက် ၄၀ ရာခိုင်နှုန်းနီးပါးဖြင့် ဒီဇင်ဘာ တစ်လတာအကောင်းဆုံး သွင်းဂိုးအဖြစ် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။ အဆိုပါ တစ်လတာ အကောင်းဆုံးသွင်းဂိုးဆုကို ဘီဘီစီအားကစားသတင်းဌာနစိတ်က ကမကထပြု၍ ပေးအပ်ချီးမြှင့်နေခြင်းဖြစ်ကာ ပရိသတ်များက ဆန်ခါတင်ရှစ်ဂိုးထဲမှ မိမိတို့ကြိုက်နှစ်သက်ရာ သွင်းဂိုးကို အွန်လိုင်းမှ



တစ်ဆင့် မဲပေးရွေးချယ်ရခြင်းဖြစ်သည်။

ဒီဇင်ဘာ တစ်လတာအကောင်းဆုံး သွင်းဂိုးမဲပေးမှုကို ဇန်နဝါရီ၁ရက် ဗြိတိန်စံတော်ချိန် ည ၁၁ နာရီ ၄၅ မိနစ်တွင် စာရင်းပိတ်သိမ်းခဲ့ခြင်းဖြစ်သည်။ အမ်ခီတာယန်၏ သွင်းဂိုးက ၃၉ ဒသမ ၉ ရာခိုင်နှုန်းဖြင့် အကောင်းဆုံးသွင်းဂိုးအဖြစ် ရွေးချယ်ခံခဲ့ရပြီး ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်၏ သွင်းဂိုးက ၂၉ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ ဘန်လေကစားသမား ဂျက်ဟန်းဒရစ်၏ ဘုန်းမောက်အသင်းဘက်သို့ သွင်းယူခဲ့သည့် သွင်းဂိုးက ၁၆ ဒသမ ၁ ရာခိုင်နှုန်းဖြင့် တတိယနေရာရရှိခဲ့သည်။ ဝက်စ်ဘရွန်းတိုက်စစ်မှူး ရော့ဘ်ဆန်ကနူး၊ ခရစ္စတယ်ပဲလေ့စ်တိုက်စစ်မှူး ဇာဟာ၊ ဘုန်းမောက်ကစားသမား စတိဗ်ကွတ်ခ်၊ စတုတ်တိုက်စစ်မှူး မာ့ခ်မန်နီဆာနှင့် ဆောက်သမ်တန်အသင်းမှ ဘိုဖဲလ်တို့၏ သွင်းဂိုးများမှာ ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သည့် သွင်းဂိုးများ ဖြစ်ကြသည်။ **(ရွှင်ယန်ဟောဒင်)**

## ရက်ရှ်ဖို့ဒ်ရှိနေ၍ တိုက်စစ်မှူးသစ် ထပ်ဝယ်မည်မဟုတ်ဟု မန်ယူနည်းပြ မော်ရင်ဟို အတည်ပြု



မန်ယူနည်းပြ မော်ရင်ဟိုက ရက်ရှ်ဖို့ကို ပွဲစဉ်တိုင်း ပွဲထွက်အသုံးပြုမည်မဟုတ်သော်လည်း ရက်ရှ်ဖို့ဒ်ကို လေးစားမှုပေးသည့်အနေဖြင့် ဇန်နဝါရီ ဈေးကွက်ဖွင့်လှစ်ချိန်အတွင်း တိုက်စစ်မှူးသစ်ခေါ်ယူလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ရက်ရှ်ဖို့ဒ်သည် ပြီးခဲ့သည့်ဘောလုံးရာသီ မန်ယူတိုက်စစ်ပိုင်း ဒဏ်ရာပြဿနာများကြုံတွေ့နေချိန်တွင် ပုံမှန်ပွဲထွက်ခွင့်ရရှိခဲ့ပြီးနောက် သွင်းဂိုး ရှစ်ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည်။ ယခုနှစ်ဘောလုံးရာသီအစတွင် ရက်ရှ်ဖို့ဒ် ခြေစွမ်းကောင်းပြသနိုင်ခြင်းကြောင့် နည်းပြမော်ရင်ဟိုက သူ့ကိုပုံမှန်ပွဲထွက်ခွင့်ပေးခဲ့သော်လည်း ထင်သလောက်ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့သည်ကို တွေ့ရသည်။

သို့သော် မော်ရင်ဟိုက ရက်ရှ်ဖို့ဒ်မှာ အသက်(၁၉)နှစ်သာရှိသေးပြီး သူ့အရွယ်နှင့်စာလျှင် ပွဲထွက်ခွင့်ရနေသူဖြစ်ကာ ဝက်စ်ဟမ်းနှင့် ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် အသုံးပြုလိမ့်မည်ဖြစ်ကြောင်း ဆိုခဲ့သည်။ မော်ရင်ဟိုက "အသင်းမှာ တိုက်စစ်ကစားသမားတွေအများကြီးရှိနေပါတယ်။ ဒါကြောင့် သူတို့အလှည့်ကျ ပွဲထွက် ကစားခွင့်ပဲရပါ လိမ့်မယ်။ ဒီအနေအထားကို ရက်ရှ်ဖို့ဒ်လည်းပဲ ရှင်းရှင်းလင်းလင်း သိပြီးသားပါ။ ကျွန်တော့်ဘက်ကတော့ ဆယ်ကျော်သက်အရွယ် တိုက်စစ်မှူးတစ်ဦးကို လေးစားမှုပေးတဲ့အနေနဲ့ ဒီဇန်နဝါရီဈေးကွက်မှာ တိုက်စစ်ကစားသမား ထပ်မဝယ်ဘူးဆိုတာပဲ ပြောချင်ပါတယ်" ဟု ပြောကြားခဲ့သည်။ **(ရွှင်ယန်ဟောဒင်)**


## ဂီရော့ဒ်၏ နောက်ပြန်သွင်းဂိုးမှာ အမ်းမရိတ်တွင်တွေ့ဖူးသမျှသွင်းဂိုးများအနက် အကောင်းဆုံးသွင်းဂိုးဟု အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါး ပြောကြား

အာဆင်နယ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး အိုလီဗာ ဂီရော့ဒ်သွင်းယူခဲ့သည့် နောက်ပြန်သွင်းဂိုးမှာ အမ်းမရိတ်တွင် နည်းပြ အာစင်ဝင်းဂါးဖြတ်သန်းခဲ့သည့် ကာလအတွင်း ထိပ်တန်းအဆင့်ရှိ သွင်းဂိုးငါးဂိုးအနက်တစ်ဂိုးအပါအဝင်ဖြစ်ကြောင်းနှင့် ဂီရော့ဒ်၏ သွင်းဂိုးမှာ အကောင်းဆုံးသွင်းဂိုးဖြစ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

သီယာရီအွန်နရီနှင့် ဒန်းနစ်ဘားကမ့်တို့၏ သွင်းဂိုးများသည် နည်းပြအာစင်ဝင်းဂါး၏ အကြိုက်ဆုံးသွင်းဂိုးများတွင် ပါဝင်ခဲ့သော်လည်း တိုက်စစ်မှူး ဂီရော့ဒ်၏ ယခု နောက်ပြန်သွင်းဂိုးမှာ အကောင်းဆုံးသွင်းဂိုးဖြစ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားလိုက်သည်။

နည်းပြ အာစင်ဝင်းဂါး၏ အကြိုက်ဆုံးသွင်းဂိုးများမှာ အာဆင်နယ်အသင်းနှင့် လက်စတာစီးတီးအသင်းတို့ သုံးဂိုး-သုံးဂိုးဖြင့် သရေပွဲဖြစ်ခဲ့သည့် ၁၉၉၇ ခုနှစ် ဩဂုတ် ၂၇ ရက်ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် ဘားကမ့်သွင်းယူခဲ့သည့်သွင်းဂိုး၊ ၂၀၀၂ ခုနှစ် မတ် ၂ ရက်က နယူးကာဆယ်အသင်းအား အာဆင်နယ်အသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဘားကမ့်သွင်းယူခဲ့သည့် သွင်းဂိုး၊ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်က ရီးယဲလ်မက်ဒရစ်အသင်းကို အာဆင်နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အွန်နရီသွင်းယူခဲ့သည့် သွင်းဂိုး၊ ၂၀၀၄ ခုနှစ် ဧပြီ ၄ ရက်က အာဆင်နယ်အသင်းက လီဗာပူးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အွန်နရီသွင်းယူခဲ့သည့်သွင်းဂိုးတို့ဖြစ်သည်။

သို့ရာတွင် အာဆင်နယ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဂီရော့ဒ်သွင်းယူခဲ့သည့် နောက်ပြန်သွင်းဂိုးမှာ ယခင်က တွေ့ခဲ့ဖူးသမျှသွင်းဂိုးများအနက် အကောင်းဆုံးသွင်းဂိုးဖြစ်ကြောင်း နည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။ **(ငွေကြယ်)**




## စီရိုနယ်လ်ဒိုရဲ့ လှို့ဝှက်မှတ်ချက်စကား

စီရိုနယ်လ်ဒိုရဲ့ ရီးယဲလ်မက်ဒရစ်အသင်းနှစ်သစ်ကူး ညစာစားပွဲအတွင်း ပြောခဲ့တဲ့ မှတ်ချက်စကားကြောင့် အားလုံး ခေါင်းချင်းဆိုင် ခေါင်းကုတ်ပြီး ကျန်နေရတယ်လို့ The Sun သတင်းဌာနက ဖော်ပြပါတယ်။ စီရိုနယ်လ်ဒိုက ရီးယဲလ်အသင်းဖော်တွေဖြစ်တဲ့ ပီပီ၊ ကွန်ထရာအို၊ မာဆယ်လ်လို၊ ကက်စီမီယိုတို့နဲ့ တစ်စားပွဲထဲထိုင်ပြီး အစားအသောက်များ လာမချသေးမီ အသင်းဖော်တွေက သူ့ကို လက်စွပ်တွေအများကြီး ဘာလို့ဝတ်ထားတာလဲလို့ မေးမြန်းခဲ့တာကို စီရိုနယ်လ်ဒိုက "ဒါတွေက နေမာတွေလေ" လို့ လှို့လှို့ဝှက်ဝှက်နဲ့ ပြန်ဖြေခဲ့တာပါ။

ဒီစကားရပ်က ဘာကိုဆိုလိုမှန်းမသိပေမယ့် အသင်းဖော်တွေကတော့ ဘာမှခွန်းတုံ့ပြန် ပြောကြားခြင်းမရှိခဲ့ဘူးလို့ သိရပါတယ်။ စီရိုနယ်လ်ဒိုအနေနဲ့ ယခု မှတ်ချက်စကားကို ရီးယဲလ်မက်ဒရစ်အသင်း အတွင်းစည်းစကားဝိုင်းမှာ ပြောကြားခဲ့ပေမယ့် ဒီစကားက မီဒီယာတွေရဲ့ ဖော်ထုတ်ချက်ကြောင့် ကမ္ဘာတစ်ဝန်း လျင်လျင်မြန်မြန်ပဲ ပျံ့နှံ့သွားခဲ့ပါတယ်။

နေမာ မကြာသေးခင်က ပြောကြားခဲ့တဲ့မှတ်ချက်စကားတွေက စီရိုနယ်လ်ဒိုရဲ့ မာနကို ထိခိုက်စေတာကြောင့် စီရိုနယ်လ်ဒိုက အဓိပ္ပာယ်လှို့ဝှက်တဲ့စကားတွေနဲ့ နေမာကို ပြန်ပြီး ခေါင်းကိုက်အောင် ဖန်တီးခဲ့တာလို့ ဒီသတင်းရင်းမြစ်ကပဲ ဖော်ပြပါတယ်။ နေမာက သူ့အနေနဲ့ စီရိုနယ်လ်ဒိုထက်ဆို ယခင် ဘရာဇီး ဂန္ထဝင်တိုက်စစ်မှူး ရိုနယ်လ်ဒိုနဲ့ပဲ အသင်းဖော်ဖြစ်လိုတယ်လို့ ပြောကြားခဲ့ဖူးသလို ယခုနှစ် ဘလွန်းဒီအောဆုကလည်း မက်ဆီနဲ့သာ အထိုက်တန်ဆုံးလို့ ဆိုခဲ့ဖူးသူပါ။

**(ရွှင်ယန်ဟောဒင်)**



## ၂၀၁၇ ခုနှစ် ကမ္ဘာ့အဆင့်(၁)နေရာကို ဂျိုကိုဗစ်ချ် ထိပ်ဆုံးက ခြိမ်းခြောက်နိုင်မည်ဟု အန်ဒီမာရေးမျှော်မှန်းထား

လက်ရှိ ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသူ အန်ဒီမာရေးက ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့နံပါတ်(၁)နေရာကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ခက်ခဲမှုများကြုံတွေ့ရနိုင်ပြီး အဆိုပါနေရာကို နိုဗက်ဂျိုကိုဗစ်က ထိပ်ဆုံးမှ ခြိမ်းခြောက်နိုင်သည်ဟု သူ၏ အမြင်ကို ပြောကြားလိုက်သည်။ ဗြိတိန်သား အန်ဒီမာရေးမှာ ၂၀၁၆ ခုနှစ် ဒုတိယနှစ်ဝက်တွင် အကောင်းဆုံး ပုံစံတစ်ရပ်ပြသကာ ဝင်ဘယ်လ်ဒန်ဖလား၊ အိုလံပစ်ရွှေတံဆိပ်ဆုနှင့် ATP World Tour Final ချန်ပီယံဆုများဆွတ်ခူးပြီး ကမ္ဘာ့အဆင့်(၁)နေရာကို သူ၏ ပရော်ဖက်ရှင်နယ် သက်တမ်းတစ်လျှောက် ပထမဦးဆုံး ရယူနိုင်ခဲ့သည်။ အဆိုပါအောင်မြင်မှုများကြောင့် ၂၀၁၇ ခုနှစ်သစ်အခါသမယ ဗြိတိသျှဘုရင်မကြီး၏ ဂုဏ်ပြုခံစာရင်းတွင် အန်ဒီမာရေး၏ အမည်ပါဝင်လာပြီး ဆာဘွဲ့ ပေးအပ်ချီးမြှင့်ခံခဲ့ရသည်။

မာရေးသည် ၂၀၁၆ ခုနှစ်အတွင်း ငါးလခန့် အကောင်းဆုံး ပုံစံရရှိပြီး ကမ္ဘာ့အဆင့်(၁)နေရာကို ရောက်ရှိခဲ့သော်လည်း အဆိုပါထိပ်ဆုံးနေရာကို ဆက်လက် ထိန်းသိမ်းရန် ပြင်းပြင်းထန်ထန်ကြိုးပမ်းရမည်ကို သိရှိထားကြောင်း ဆိုခဲ့သည်။ ထို့ပြင် ဆွစ်တင်းနစ် အကျော်အမော် ဖက်ဒဲရာကလည်း



၂၀၁၇ ခုနှစ် နံပါတ်(၁)နေရာကို ဂျိုကိုဗစ်ချ်သာ ပြန်လည်ရယူနိုင်မည်ဟု ဟောကိန်းထုတ်ထားခဲ့သေးသည်။

**(ရွှင်ယန်ဟောဒင်)**

■

# သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၂၃။ သက်ကြီးရွယ်အိုများဆိုင်ရာနိုင်ငံတော်၏အခန်းကဏ္ဍမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ကြီးရွယ်အိုအားလုံး၏ အခွင့်အရေးများအား ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးခြင်း၊

(ခ) မိသားစုမရှိ၍ ကြည့်ရှုစောင့်ရှောက်မှုပေးရန် လိုအပ်သည့် သက်ကြီးရွယ်အိုများအား ကိုယ်စိတ်နှစ်ပါး ကောင်းကျိုးချမ်းသာ ခံစားခွင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်း၊

(ဂ) သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် လျော်ကန်သင့်မြတ်သောနှစ်စဉ်ရန်ပုံငွေ ခွဲဝေချထားပေးခြင်း၊

(ဃ) ကြည့်ရှုစောင့်ရှောက်ရန် လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအား ရန်ပုံငွေမှ ထိုက်သင့်သော စရိတ်ထောက်ပံ့ခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်း၊

(င) လူမှုအဖွဲ့အစည်းအတွင်း သက်ကြီးရွယ်အိုများ၏ဂုဏ်သိက္ခာကို အလေးထားရေးနှင့် လုံခြုံသော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေးတို့အတွက် အခြေအနေများဖန်တီးပေးခြင်းနှင့် တွန်းအားပေးခြင်း၊

(စ) ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကိုချိုးဖောက်သော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(ဆ) ဤဥပဒေပါရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

**အခန်း(၈)**
**ဝင်ငွေပုံမှန်ရရှိရေး**

၂၄။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် အလုပ်လုပ်နိုင်စွမ်းရှိပြီး အလုပ်လုပ်ချင်စိတ်ရှိသော သက်ကြီးရွယ်အိုများအား သင့်လျော်သော အလုပ်အကိုင် ရှာဖွေပေးနိုင်ရန်အလို့ငှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး -

(က) အချိန်ပိုင်း အလုပ်အကိုင်အခွင့်အလမ်းများကိုလည်းကောင်း၊ စွမ်းဆောင်နိုင်စွမ်းရှိသောအလုပ်အကိုင်များကိုလည်းကောင်း သက်ကြီးရွယ်အိုများ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ခ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်ရန် ချေးငွေရရှိရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ဂ) သက်ကြီးရွယ်အိုများအတွက် အသက်မွေးဝမ်းကျောင်းပညာနှင့် ကျွမ်းကျင်မှုပေးနိုင်မည့် သင်တန်းများပေးရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) သက်ကြီးရွယ်အိုများအား အလုပ်အကိုင်အခွင့်အလမ်းများပေးသည့် အလုပ်ရှင်များကို သင့်လျော်သော အခွန်အခများလျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရေးအတွက် အစီအမံများချမှတ်ဆောင်ရွက်ပေးရမည်။

၂၅။ နိုင်ငံတော်သည် သက်ကြီးရွယ်အိုများအတွက် အသက်အရွယ်အပိုင်းအခြားအလိုက် သက်ကြီးရွယ်အိုခံစားခွင့်ရရှိနိုင်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

**အခန်း(၉)**
**သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှု**

၂၆။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများသက်ရှည်ကျန်းမာ၍သင့်လျော်သောနေရာတွင် နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှုများအား လက်လှမ်းမီသမျှ ဖြည့်ဆည်းနိုင်ရေး ချိတ်ဆက်ပေးရမည်။

၂၇။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားလုံးလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ဆောင်ရွက်ပေးရမည်။ ထိုသို့ဆောင်ရွက်ရာတွင် -

(က) ဆေးဘက်ဆိုင်ရာဌာနများသည် အရည်အသွေးပြည့်ဝသော၊ သင့်လျော်သော ဆေးဝါးကုသမှုများအား သက်ကြီးရွယ်အိုများ အလွယ်တကူ လက်လှမ်းမီနိုင်ရေးအတွက် အခမဲ့သော်လည်းကောင်း၊ သက်သာသည့် နှုန်းထားဖြင့်သော်လည်းကောင်း စီစဉ်ဆောင်ရွက်ရမည်။

(ခ) သက်ကြီးရွယ်အိုများအတွက် လိုအပ်မည့်ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများကို အခမဲ့သော်လည်းကောင်း၊ သက်သာသည့် နှုန်းထားဖြင့်သော်လည်းကောင်း ဖြည့်ဆည်းပေးရမည်။

(ဂ) သက်ကြီးရွယ်အိုဆိုင်ရာသုတေသနလုပ်ငန်းများအား တိုးမြှင့်ခြင်းနှင့် သက်ကြီးအထူးကုဘာသာရပ်အတွက် ကျွမ်းကျင်သူများအား လေ့ကျင့်သင်ကြားပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးရမည်။

၂၈။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် သက်ကြီးရွယ်အိုနှင့် လူငယ်လူရွယ်များအား ကျန်းမာသန်စွမ်းသော သက်ကြီးဘဝနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပညာပေးလုပ်ငန်းများနှင့် ရောဂါကြိုတင်တားဆီးကာကွယ်ခြင်းများအား နည်းမျိုးစုံဖြင့်ဆောင်ရွက်ရမည်။

၂၉။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည်အထူးစောင့်ရှောက်ရန်လိုအပ်သောသက်ကြီးရွယ်အိုများအား မိမိကိုယ်ကို ပြုစုစောင့်ရှောက်မှု၊ မိသားစုစောင့်ရှောက်မှု၊ ရပ်ရွာမှစောင့်ရှောက်မှုပေးနေသည့် အထူးကိစ္စရပ်များတွင် ပိုမိုပြည့်စုံလုံလောက်သော စောင့်ရှောက်မှုပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရမည်။ ထိုသို့စီစဉ်ဆောင်ရွက်ပေးရာတွင် -

(က) မိသားစုဝင်ဖြစ်စေ၊ စေတနာ့ဝန်ထမ်းဖြစ်စေ ပြုစုစောင့်ရှောက်မှုပေးသူများအား သင့်လျော်သော ထောက်ပံ့မှုပေးရမည်။

(ခ) အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုပေးသူများအား အားပေးခြင်းနှင့် ဖြည့်စွက်ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးရမည်။

**အခန်း(၁၀)**
**သက်ကြီးရွယ်အိုများ အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနေထိုင်နိုင်သောပတ်ဝန်းကျင်ဖြစ်ရေး**

၃၀။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများအပေါ် ခွဲခြားဆက်ဆံခြင်းမရှိစေရန်ဆောင်ရွက်ခြင်းနှင့် ရပ်ရွာအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုမဟုတ်ကြောင်း၊ လူ့အဖွဲ့အစည်းအပေါ် ကောင်းကျိုးဆောင်ရွက်ပေးလျက်ရှိသောသူများဖြစ်ကြောင်း အသိပညာပေးမှု မြှင့်တင်ပေးခြင်းဖြင့် သက်ကြီးရွယ်အိုများအတွက် ကောင်းမွန်သောပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးခြင်း၊လက်ခံခြင်းနှင့် ကြိုဆိုခြင်းများစီစဉ်ဆောင်ရွက်ရမည်။

၃၁။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများအား သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်းအစီအစဉ်၊ အခြေခံအဆောက်အအုံ၊ အမှီခိုကင်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သော ဝန်ဆောင်မှုများ၊ ဆက်စပ်ပစ္စည်းများနှင့် သက်ကြီးရွယ်အိုများ အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရေးစသည့် လိုအပ်ချက်များမြှင့်တင်ပေးနိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး အောက်ပါအတိုင်းဆောင်ရွက်ပေးရမည်-

(က) မြို့ရွာများရှိ အများပြည်သူ အသုံးပြုသည့်နေရာများနှင့် အိမ်ရာများ တည်ဆောက်သောအခါ သို့မဟုတ် ပြန်လည်ပြုပြင်သောအခါ သက်ကြီးရွယ်အိုများ၏ အထူးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်း၊ သက်ကြီးရွယ်အိုများ၏ နေ့စဉ်လှုပ်ရှားသွားလာမှုများအတွက် သင့်လျော်မည့် အသုံးအဆောင်ပစ္စည်းများ ထည့်သွင်းတပ်ဆင်ပေးခြင်း၊

(ခ) သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ဖြည့်ဆည်းသင့်သည့်အသုံးအဆောင်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး ယန္တရားများကို လွယ်ကူစွာအသုံးပြုနိုင်ရန် ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်အဖွဲ့အစည်းများအား လမ်းညွှန်မှုပေးခြင်း၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးခြင်း၊

(ဂ) သက်ကြီးရွယ်အိုများအတွက် အထူးဆေးကုသမှုခံယူရာ၌လည်းကောင်း၊ အများပြည်သူသွားရောက်လည်ပတ်ရာနေရာများအား ဝင်ရောက်ကြည့်ရှုရာ၌လည်းကောင်း၊ဝန်ဆောင်မှုများအသုံးပြုရာ၌လည်းကောင်း၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယန္တရားများ အသုံးပြုရာ၌လည်းကောင်း ဈေးနှုန်းသက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်း။

၃၂။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ယဉ်ကျေးမှုနှင့် အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ နေ့စဉ်ဘဝလှုပ်ရှားမှုအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ကွန်ရက်ဖွဲ့စည်းမှုနှင့် ရပ်ရွာဝန်ဆောင်မှုများအား တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားရမည်။

၃၃။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများ အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရေးစသည့်လိုအပ်ချက်များကို မြှင့်တင်ပေးရေးအတွက် တည်ဆဲဥပဒေများအား ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

**အခန်း(၁၁)**
**သက်ကြီးရွယ်အိုများ လူ့ဘောင်အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်မှု**

၃၄။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများ လူ့ဘောင်အဖွဲ့အစည်းအတွင်း ပါဝင်ပေါင်းစည်းဆောင်ရွက်နိုင်ရန်အလို့ငှာ လူမှုဝန်ထမ်းဆိုင်ရာဝန်ဆောင်မှုအဖွဲ့အစည်းများ တည်ထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနများ ဖွင့်လှစ်ရေးတို့အတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို အားပေးတိုက်တွန်းရမည်။

၃၅။ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများသည် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများရရှိစေရန် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးဒေသအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်းနှင့် ရပ်ရွာအတွင်း လူမှုရေးနှင့်ယဉ်ကျေးမှုအခမ်းအနားများတွင် သက်ကြီးရွယ်အိုများ၏ ပါဝင်ဆောင်ရွက်မှု မြှင့်တင်ပေးခြင်းတို့အတွက် သက်ကြီးရွယ်အိုများကိုယ်တိုင် ဦးဆောင်ပါဝင်သော အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုအဖွဲ့အစည်းများအား ငွေကြေးဖြင့်ဖြစ်စေ၊ အခြားပုံစံများဖြင့်ဖြစ်စေ ထောက်ပံ့မှုပြုရမည်။

**အခန်း(၁၂)**
**သက်ကြီးရွယ်အိုသက်သေခံကတ်ပြား ထုတ်ပေးခြင်းနှင့် ကိုင်ဆောင်အသုံးပြုခြင်း**

၃၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ -

(က) သက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ထုတ်ပေးရေးအတွက် လိုအပ်သော အစီအစဉ်များနှင့် စီမံချက်များ ချမှတ်ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပေးနိုင်ရန်နှင့် သက်ကြီးရွယ်အိုများ၏ စာရင်းဇယားများ တိကျမှန်ကန်စေရန်အလို့ငှာ သက်ကြီးရွယ်အိုသက်သေခံကတ်ပြားများ ထုတ်ပေးရန် လူမှုဝန်ထမ်းဦးစီးဌာနက ခရိုင် သို့မဟုတ် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းအရာရှိများကို တာဝန်ပေးရမည်။

၃၇။ လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးသည့်ခရိုင် သို့မဟုတ် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းအရာရှိသည် -

(က) သက်ဆိုင်ရာမြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများ၏စာရင်းကို ၎င်းတို့ဆန္ဒနှင့်အညီကောက်ယူပြီး သက်ကြီးရွယ်အို သက်သေခံကတ်ပြားများကို အခမဲ့ထုတ်ပေးရမည်။

(ခ) သက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ထုတ်ပေးရာတွင် စရိတ်ထောက်ပံ့မှုနှင့် ကြည့်ရှုစောင့်ရှောက်မှု လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများကို အမျိုးအစားခွဲခြားဖော်ပြ၍ ထုတ်ပေးရမည်။

၃၈။ သက်ကြီးရွယ်အိုများသည် -

(က) သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းထံ သက်ကြီးရွယ်အို သက်သေခံကတ်ပြားကိုပြသပြီး ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပြုရန် တောင်းဆိုခွင့်ရှိသည်။

(ခ) မိမိတို့အားထုတ်ပေးထားသော သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို အခြားသက်ကြီးရွယ်အိုတစ်ဦးဦးအား လွှဲပြောင်းပေးခြင်းမပြုရ။

၃၉။ သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သက်ကြီးရွယ်အိုတစ်ဦးဦးက ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က) အရ သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို ပြသပြီး ဤဥပဒေပါ အခွင့်အရေးများကို ခံစားခွင့်ပြုရန် တောင်းဆိုသည့်အခါ ငြင်းပယ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းမပြုရ။

**အခန်း(၁၃)**
**ဘိုးဘွားရိပ်သာ တည်ထောင်ဖွင့်လှစ်ခြင်းနှင့် သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းလုပ်ကိုင်ခြင်း**

၄၀။ ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းသည် ဘိုးဘွားရိပ်သာကိုတည်ထောင်ဖွင့်လှစ်လိုလျှင်ဖြစ်စေ၊ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း တစ်ခုခုကို လုပ်ကိုင်လိုလျှင်ဖြစ်စေ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးများမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့်သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်ကို လျှောက်ထားရမည်။

၄၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးသည် ပုဒ်မ ၄၀ အရ ဘိုးဘွားရိပ်သာတည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုမိန့် သို့မဟုတ် သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ထုတ်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ၊ မရှိစိစစ်ဆေးပြီး တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးရန်သင့်မသင့် သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက်တင်ပြရမည်။

၄၂။ လူမှုဝန်ထမ်းဦးစီးဌာနသည် -

(က) ပုဒ်မ ၄၁ အရ တင်ပြချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ထုတ်ပေးရန်ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးသည့်အခါ စီးပွားရေးအလို့ငှာ တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်ပါက သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းစေရမည်။ အကယ်၍ စေတနာ့ဝန်ထမ်းပရဟိတလုပ်ငန်းဖြစ်ပါက သတ်မှတ်ထားသော အခကြေးငွေကို ကင်းလွတ်ခွင့်ပြုရမည်။

၄၃။ လူမှုဝန်ထမ်းဦးစီးဌာနသည်-

(က) ပုဒ်မ ၄၂ အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးထားသော ဘိုးဘွားရိပ်သာများကိုလည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးထားသော သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်းကောင်း သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါကိစ္စများကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိများအား တာဝန်ပေးနိုင်သည်။

၄၄။ ဘိုးဘွားရိပ်သာတာဝန်ခံပုဂ္ဂိုလ်သည် -

(က) ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီကို သတ်မှတ်ချက်များနှင့်အညီဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည်။

(ခ) ဘိုးဘွားများအား စိစစ်လက်ခံခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်ကြီးကြပ်ရမည်။

(ဂ) ဘိုးဘွားရိပ်သာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို သတ်မှတ်ချက်များနှင့်အညီ လူမှုဝန်ထမ်းဦးစီးဌာနသို့ အစီရင်ခံရမည်။

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

**အခန်း(၁၄)**

**လူမှုရေးအသင်းအဖွဲ့များအား အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း**

၄၅။ သက်ကြီးရွယ်အိုများအား ထောက်ပံ့ကူညီရေးဆိုင်ရာ လူမှုရေးအသင်းအဖွဲ့တစ်ခုခုသည် တည်ဆဲအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့ကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိလျှင် ယင်းမှတ်ပုံတင်လက်မှတ်မိတ္တူ ပူးတွဲ၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၄၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မ ၄၅အရ လျှောက်ထားချက်ကို စိစစ်ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်။

**အခန်း(၁၅)**

**ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း**

၄၇။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများအားထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(က) ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြား၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများမှ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဂ) ပြည်တွင်းပြည်ပရှိစေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဃ) စီးပွားရေးအလို့ငှာ သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ပေးသွင်းသောငွေများ၊

(င) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေများ။

၄၈။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။

၄၉။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေးနှင့်သုံးစွဲရေးကော်မတီသည် ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ အတည်ပြုချက်ရယူပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေမှထည့်ဝင်ငွေ၊

(ခ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြား၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများမှ ထောက်ပံ့ငွေနှင့်လှူဒါန်းငွေများ၊

(ဂ) ပြည်တွင်း ပြည်ပရှိစေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဃ) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေများ။

၅၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။

၅၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ အတည်ပြုချက်ရယူပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅၃။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိသက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် လိုအပ်ပါက မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေမှ သင့်လျော်သောထောက်ပံ့ငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေသို့ ခွဲဝေပေးနိုင်သည်။

၅၄။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ နှစ်စဉ်စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၅၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍နှစ်စဉ်စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

၅၆။ ရန်ပုံငွေသို့ဖြစ်စေ၊ သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများသို့ဖြစ်စေ ထောက်ပံ့လှူဒါန်းသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝင်ငွေခွန်ပေးဆောင်ရာတွင် အဆိုပါထောက်ပံ့လှူဒါန်းသောငွေကို နုတ်ပယ်ခွင့်ရှိသည်။

**အခန်း(၁၆)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၅၇။ ဤဥပဒေအရ သက်ကြီးရွယ်အိုများ၏အခွင့်အရေးကိုပေးရမည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှတာဝန်ရှိသူ မည်သူမဆို သက်ကြီးရွယ်အိုတစ်ဦးဦးက သက်ကြီးရွယ်အို သက်သေခံကတ်ပြားကိုပြသပြီး သက်ကြီးရွယ်အိုများ၏အခွင့်အရေးကို ခံစားခွင့်ပြုရန်တောင်းဆိုခြင်းကို ငြင်းပယ်ကြောင်း သို့မဟုတ် လျစ်လျူရှုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၈။ မည်သူမဆို သက်ကြီးရွယ်အိုကို ခွဲခြားဆက်ဆံခြင်း သို့မဟုတ် မတရားပြုကျင့်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုနှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၉။ မည်သူမဆို ပုဒ်မ ၄၂ အရ တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ စီးပွားရေးအလို့ငှာ ဘိုးဘွားရိပ်သာကိုဖြစ်စေ၊ လုပ်ငန်းလုပ်ကိုင်ခွင့်မရှိဘဲ စီးပွားရေးအလို့ငှာ သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းတစ်ခုခုကိုဖြစ်စေ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

**အခန်း(၁၇)**

**အထွေထွေ**

၆၀။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ၊ ဒေသဆိုင်ရာကော်မတီ၏ နိုင်ငံ့ဝန်ထမ်းမဟုတ်သောအဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းအရာရှိများသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေသည့်အချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၆၁။ သက်ကြီးရွယ်အိုအား မတရားပြုကျင့်ခြင်းနှင့်စပ်လျဉ်း၍ မတရားပြုခံရသူကိုယ်တိုင်ဖြစ်စေ၊ မြင်တွေ့သူ မည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ သက်ဆိုင်ရာ ရဲစခန်းသို့ နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း သတင်းပေးတိုင်ကြားနိုင်သည်။

၆၂။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ၊ ဒေသဆိုင်ရာကော်မတီအဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းအရာရှိများသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ လိုအပ်ပါက အဆောက်အအုံများအတွင်းသို့ အသိပေးအကြောင်းကြားပြီး ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ သက်ဆိုင်သည့်ပုဂ္ဂိုလ်များကို ခေါ်ယူစစ်ဆေးခြင်း၊ လိုအပ်သောစာရွက်စာတမ်း အထောက်အထားများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် တင်ပြစေခြင်းတို့ ပြုနိုင်သည်။

၆၃။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၄။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၆၅။ ဤဥပဒေအရ ပေးအပ်သော သက်ကြီးရွယ်အိုဆိုင်ရာလုပ်ငန်းတာဝန်များကို သဘောရိုးဖြင့်ဆောင်ရွက်သည့် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီနှင့် ဒေသဆိုင်ရာကော်မတီ အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း အရေးယူခြင်းမပြုရ။

၆၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ပန်တိန်း-လမ်းဆုံ သစ်သားတံတား တည်ဆောက်နေမှုအား ကွင်းဆင်းကြည့်ရှု

**မယ်စဲ့ ဇန်နဝါရီ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၂၀ သန်းဖြင့် မယ်စဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် နေခြည်ဖူးပွင့်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော အလျား ၃၅ ပေ၊ အနံ ၁၄ ပေ ရှိသည့် ပန်တိန်း-လမ်းဆုံ သစ်သားတံတား တည်ဆောက်ပြီးစီးမှုများအား ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး၊ ဘောလခဲခရိုင် တာဝန်ခံအင်ဂျင်နီယာ၊ မယ်စဲ့မြို့နယ် ကျေးလက်တာဝန်ခံအင်ဂျင်နီယာ၊ ကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာတို့သည် ဒီဇင်ဘာ ၂၈ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။



အဆိုပါ သစ်သားတံတား တည်ဆောက်သည့်နေရာမှာ ယခင်က လမ်းပေါ်သို့ ရေကျော်ပြီး ကား၊ ဆိုင်ကယ်၊ ယာဉ်များ သွားလာ၍မရသဖြင့် ရေကျသွားသည်အထိ စောင့်ဆိုင်းကာ သွားလာခဲ့ရကြောင်း၊ ယခုသစ်သားတံတား တည်ဆောက်ပြီးစီးသွားပါက လယ်တောကျေးရွာ၊ ဟိုဂျစ်ကျေးရွာ၊ ဟိုစဲ့ကျေးရွာ၊ ပန်တိန်းကျေးရွာ၊ လမ်းဆုံကျေးရွာတို့၏ ပညာရေး၊ ကျန်းမာရေး၊ ကုန်ထုတ်လုပ်ငန်းတို့အတွက် များစွာအဆင်ပြေသွားမည်ဖြစ်သည်ဟု သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# ဝက်လက်မြို့နယ် ရွာတန်းကျေးရွာ သန့်ရှင်းသောသောက်သုံးရေ ရရှိတော့မည်

**ဝက်လက် ဇန်နဝါရီ ၂**

ကျေးလက်ဒေသနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရွာတန်းကျေးရွာတွင် အနက်ပေ ၇၀၀ ရှိအဝီစိစက်ရေတွင်းတူးဖော်ကာ ရေပိုက်များသွယ်တန်းပြီး ကျေးရွာအတွင်းရှိ လူနေအိမ်အရောက် ရေပေးဝေနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းနှင့် လူနေအိမ်အရောက် ရေပေးဝေနိုင်ရေးလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်မှ ငွေကျပ် ၁၈ ဒသမ ၁၅ သန်း အကုန်အကျခံပြီး ဒီဇင်ဘာ ၂ ရက်မှ စတင်တူးဖော်ခဲ့ပြီး ဒီဇင်ဘာ ၂၃ ရက်တွင်သောက်သုံးရေစတင်ရရှိပြီး ကျေးရွာသို့ ပထမအဆင့်အနေဖြင့် အမြင့်တင်ရေစင်မှ စတင်ပေးဝေလျက်ရှိကြောင်းနှင့် ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

“ကျေးရွာမှာက အရင်ကတည်းက အမြင့်တင်ရေစင်က ရှိပြီးသားပါ။ အခုက လေးလက်မအဝီစိရေတွင်း တူးပေးတယ်။ နောက်ပြီး အမြင့်တင်ရေစင်ကနေ ကျေးရွာအတွင်းရှိ လူနေအိမ်တွေအရောက် ရေပိုက်သွယ်တန်းပြီး ရေပေးဝေရေးလုပ်မှာပါ။ အခုလောလောဆယ် အမြင့်တင်ရေစင်အထိ ရေတင်ပြီး ရေပေးဝေရေး လုပ်နေပါပြီ။ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ ပြီးရင်တော့ လူနေအိမ်အရောက် ရေပေးဝေနိုင်မှာပါ။ အခုဘဏ္ဍာနှစ်အတွင်း အပြီးလုပ်ဆောင်နေပါတယ်။ လုပ်ငန်းအားလုံးကိုတော့ တင်ဒါစနစ်နဲ့ လုပ်ဆောင်တာပါ” ဟု ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်လွင်ဦးက ပြောသည်။

ဝက်လက်မြို့နယ်အတွင်းရှိ ရွာတန်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်ပြီး အိမ်ခြေ ၇၅ လုံး၊ လူဦးရေ ၃၇၅ ဦးရှိပြီး ယခင်ကသောက်သုံးရေအတွက် စိုက်ပျိုးရေအဖြစ် ဖြန့်ဝေပေးသော မူးဘောင်တူးမြောင်းအတွင်းမှရေကို အမြင့်တင်ရေစင်သို့ ရေစုပ်စက်ဖြင့်တင်ပြီး ဖြန့်ဝေသုံးစွဲလျက်ရှိပြီး ယခုအခါတွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် အနက်ပေ ၇၀၀ ရှိ လေးလက်မ အဝီစိရေတွင်းနှင့် လူနေအိမ်အရောက် ရေပိုက်လိုင်းများတည်ဆောက်ပေးသဖြင့် မြေအောက်ရေကို လူနေအိမ်များအရောက် သန့်ရှင်းသောသောက်သုံးရေအဖြစ် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# တရားဥပဒေစိုးမိုးရေး၏ အဓိကသော့ချက်ဖြစ်သည့် တရားမျှတမှုကို အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်

**မြစ်ကြီးနား ဇန်နဝါရီ ၂**
ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်၏ လုပ်ငန်းလမ်းညွှန်မှာကြားချက်များကို ကချင်ပြည်နယ်အတွင်းရှိ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများအား ထပ်ဆင့်ရှင်းလင်းပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပြည်နယ်ဥပဒေချုပ်ရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က တရားဥပဒေစိုးမိုးရေးသည် နိုင်ငံနှင့် ပြည်သူများအတွက် အခြေခံကြသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး တရားမျှတမှုရရှိခြင်းသည် တရားဥပဒေစိုးမိုးရေး၏ သော့ချက်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဥပဒေအရာရှိများအနေဖြင့် ပေးအပ်ထားသည့် တာဝန်နှင့်ဝတ္တရားများကို ထမ်းဆောင်ကြရာတွင် ဥပဒေနှင့်အညီ ပြည်သူများ၏အကျိုးကို ရှေးရှုနိုင်ကြဖို့ရန်နှင့် တရားဥပဒေစိုးမိုးရေး၏ အဓိကသော့ချက်ဖြစ်သည့် တရားမျှတမှုကို အဂတိတရားကင်းရှင်းစွာဖြင့် ပြည်သူများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးသည့် ပြည်သူ့ဘက်တော်သားအဖြစ် အသိအမှတ်ပြု ယုံကြည်အားကိုးခံရသူများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်က ပြည်ထောင်စုရှေ့နေချုပ်နှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ၏ လုပ်ငန်းလမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဥပဒေအရာရှိ ဦးဌေးအောင်က လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများက ဒေသအလိုက် လုပ်ငန်းဆောင်ရွက်မှု လိုအပ်ချက်များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို တင်ပြဆွေးနွေးရာ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဥပဒေအရာရှိတို့က ဖြည့်စွက်ရှင်းလင်းမှာကြားခဲ့ကြသည်။

**ပြည်နယ်ပြန်/ဆက်**



# တောင်သမန်အင်းနှင့် ဦးပိန်တံတားမှာ ရှေးယခင်ကအတိုင်း သုံးရာသီလှပသောနေရာအဖြစ် တည်ရှိလာ

**မန္တလေး ဇန်နဝါရီ ၂**
တောင်သမန်အင်းနှင့် ဦးပိန်တံတားမှာ ရှေးယခင်ကအတိုင်း သုံးရာသီလှပသော နေရာအဖြစ်တည်ရှိလာပြီဖြစ်သည်။ ယခင်က တောင်သမန်အင်းနှင့် ဦးပိန်တံတားမှာ ဝါဆို၊ ဝါခေါင် ရေတိုးချိန်အလှ၊ ဆောင်းတွင်းပိုင်းကိုတံငါတို့ ငါးဖမ်းချိန် လှေငယ်များနှင့်အလှ၊ နွေဦးနှင့် နွေရာသီ၌ ဦးပိန်တံတားနှင့်အနီးတွင် ရေမရှိဘဲ စိုက်ခင်းစိမ်းစိမ်းများဖြင့် လှပသော ရှုခင်းအလှများဖြင့် သုံးပန်လှအလှအဖြစ် တင်စားခဲ့ကြသည်။

နွေရာသီတွင် တောင်သမန်ရွာကိုဖြတ်ကာ ဦးပိန်တံတားတောင်ဘက် ဒေသအခေါ် ကန်မကြီးအုတ်တံတားပေါ်မှ နွားလှည်းများသွားလာနိုင်ပြီး ဦးပိန်တံတားလာရောက်သည့်ကားများမှာလည်း တံတားအောက်မှဖြတ်ကာ ကားများဖြင့် ဦးပိန်တံတားအဆုံးအဝေးရှုခင်းများ လာရောက်ရိုက်ကူးနိုင်ခဲ့သည်။ နောက်ပိုင်းကာလများတွင် သုံးရာသီအလှထဲမှ နွေရာသီ လွတ်လပ်စွာသွားလာနိုင်သည့်အခြေအနေ ပျောက်ခဲ့သည်။

ယခုအခါ ဦးပိန်တံတားကို ရှေးမူမပျက် ပြုပြင်ခြင်းနှင့်အတူ ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။ တောင်သမန်အင်းအတွင်းမှ ရေများကိုလည်း တံတားဖြူရေထွက်ပေါက်မှတစ်ဆင့် ရှေးအခါကကဲ့သို့ ရေထွက်စေသည့်အတွက် တောင်သမန်အင်းအတွင်း မုရင်းလယ်များနှင့် မြေပဲ၊ ပြောင်းဖူးများ စိုက်ပျိုးလာနိုင်ခဲ့သည်။

ယခုအခါ ဦးပိန်တံတားဘေးတွင် မုရင်းလယ်များ စတင်စိုက်နေသည့်အတွက် သုံးပန်လှ တောင်သမန်ဖြစ်နေပြီဖြစ်သည်။ လာမည့်နွေရာသီနှင့် နွေဦးရာသီများတွင်လည်း စိမ်းတစ်ခါ ဝါတစ်လှည့်နှင့် ဦးပိန်တံတားရှုခင်းများကိုကြည့်ရှုနိုင်ကာ သုံးရာသီအလှများနှင့် တောင်သမန်အင်းအဖြစ် တည်ရှိလာတော့မည်ဖြစ်သည်။

**တိမ်တမန်**



# သျှမ်းရိုးရာယဉ်ကျေးမှု ရှင်လောင်းပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ကျောက်မဲ ဇန်နဝါရီ ၂**
ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁) ရပ်ကွက် သျှမ်းကျောင်းကြီး၌ သျှမ်းရိုးရာယဉ်ကျေးမှု ရှင်သာမဏေ အပါး ၁၅၀ အလှူတော်မင်္ဂလာကို ဒီဇင်ဘာ ၂၉ ရက်မှစ၍ ကျင်းပခဲ့သည်။

ရှင်သာမဏေအပါး ၁၅၀ ရှင်ပြုခြင်းကို ရန်ကုန်မြို့နေ အလှူဒါယကာဝဏ္ဏကျော်ထင်ဦးကျော်ဝင်း၊ အလှူဒါယိကာမ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းမောက်လောဝ်ဆိုင် (ရွှေသံလွင်ကုမ္ပဏီ) မိသားစုမှ ကျောက်မဲမြို့ပေါ်ရှိ မိဘမဲ့ကလေးများနှင့် ရှင်မပြုရသေးသော ကလေးသူငယ် ၁၅၀ အား ရှစ်ပါးပရိက္ခရာ စုံလင်စွာဖြင့် ရှင်သာမဏေပြုပေးခဲ့သည်။

အဆိုပါရှင်သာမဏေအပါး ၁၅၀ ရှင်လောင်းများကို သျှမ်းရိုးရာယဉ်ကျေးမှုအရ ကျောက်မဲမြို့ပေါ်၌ ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ မြို့တွင်းသို့ စည်ကားသိုက်မြိုက်စွာ လှည့်လည်ခဲ့ကြောင်း သိရသည်။ **ကျောက်မဲခရိုင်ပြန်/ဆက်**

# မန္တလေးမြို့ဝန်းကျင်အလှ မီးပုံးပျံစီး၍ကြည့်ရှုလေ့လာ

**မန္တလေး ဇန်နဝါရီ ၂**
Golden Express Tour Co.Ltd နှင့် ဆွစ်ဇာလန်နိုင်ငံမှ မစ္စတာပီတာဘလေဇာ ဦးဆောင်သော ၂၈ ဦးပါ မီးပုံးပျံစီးအဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်က မန္တလေးမြို့အနီးဝန်းကျင် သဘာဝရှုခင်းများ ကြည့်ရှုရန် မန္တလေးခရိုင် အမရပူရမြို့နယ် ဦးပိန်တံတားအနီးမှ မီးပုံးပျံစီး၍ကြည့်ရှုလေ့လာကြသည်။

မီးပုံးပျံစီးအဖွဲ့တွင် မီးပုံးပျံမောင်းနှင်သူလေးဦးပါရှိပြီး ဆွစ်ဇာလန်၊ ဂျာမနီ၊ ဩစတြေးလျတို့မှ ကမ္ဘာလှည့်ခရီးသည် ၂၈ ဦးလိုက်ပါလာပြီး မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်းဒေသ ဘုရားစေတီများ၊ ဧရာဝတီမြစ်နှင့် စစ်ကိုင်းတံတား၊ ရတနာပုံတံတားအလှများကို ကြည့်ရှုလေ့လာကာ ဓာတ်ပုံ၊ ဗီဒီယိုများ ကောင်းကင်မှရိုက်ကူးကြသည်။ ၎င်းတို့အဖွဲ့သည် မြန်မာနိုင်ငံတွင် ဇန်နဝါရီ ၁၂ ရက် အထိနေထိုင်မည်ဖြစ်ပြီး ပုဂံ၊ အင်းလေးဒေသများသို့ သွားရောက်ကာ မီးပုံးပျံစီးနင်းကြမည်ဖြစ်သည်။ **မောင်ပြည်သူ(မန္တလေး)**

# ကျေးရွာချင်းဆက်လမ်းအား ကြည့်ရှုစစ်ဆေး

**နမ့်ဆန် ဇန်နဝါရီ ၂**
ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်တွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ခွင့်ပြုငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောင်ကြီးစိုးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုအား ဒီဇင်ဘာ ၂၉ ရက်က ဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုင်းဝင်းထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်းနှင့် တာဝန်ရှိသူများက သတ်မှတ်ထားသည့် လမ်းစံချိန်စံညွှန်းနှင့် ညီညွတ်မှု ရှိ-မရှိကို ကွင်းဆင်းစစ်ဆေးတိုင်းတာခဲ့သည်။

အဆိုပါ ကွင်းဆင်းကြည့်ရှုခဲ့သော လမ်းမှာ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၇၇ ဒသမ ၈ သန်းဖြစ်ပြီး လမ်းအရှည် မိုင်မှာ ၁၀ မိုင်ရှိ ဟိုနမ့်-မန်စပ်-ဟူးခင် ကျေးရွာတို့ကို ဆက်သွယ်ဖောက်လုပ်ထားသော မြေသားလမ်းဖြစ်သည်။

ယင်းနောက် မန်စပ်ကျေးရွာရှိ မူလတန်းလွန် ကျောင်းဆောင်သစ် ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**



## လွတ်လပ်ရေးနေ့ကြိုဆို ဂုဏ်ပြုသောအားဖြင့် စုပေါင်းအမှိုက်ကောက်

**ပေါင် ဇန်နဝါရီ ၂**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့တွင် (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇင်းကျိုက်ရေတံခွန်ဝန်းကျင် သန့်ရှင်းသာယာလှပရေး စုပေါင်းအမှိုက်ကောက်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၇ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းအမှိုက်ကောက်ပွဲသို့ ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မြို့ပေါ်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ၊ (NGO)အဖွဲ့အစည်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဇင်းကျိုက်ရေတံခွန် သန့်ရှင်းသာယာလှပရေးအတွက် ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်းရှိ အထင်ကရနေရာတစ်ခုဖြစ်သော ဇင်းကျိုက်ရေတံခွန်သည် ပြည်တွင်းမှသာမက နိုင်ငံခြားခရီးသွားပြည်သူများပါ လာရောက်လည်ပတ်သော နေရာတစ်ခုဖြစ်သောကြောင့် ရေတံခွန်သန့်ရှင်းသန့်ရပ်သာယာလှပရေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေးတို့အတွက်ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိကြောင်း ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းလှိုင်က ပြောသည်။ **ကိုဟိန်း (ပေါင်)**

## ဗေဒါတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေးအခြေခံသင်တန်းဆင်းပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်မှ ဗေဒါ၊ ကြာနှင့်ရော်ဘာ တန်ဖိုးမြှင့်ထုတ်ကုန်ဖွံ့ဖြိုးရေးစီမံကိန်းအရ ဗေဒါအချောထည်တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်ရေး ကျွမ်းကျင်မှုအခြေခံသင်တန်း အပတ်စဉ် ၁ သင်တန်းဆင်းပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပင်လုံလမ်းမကြီးပေါ်ရှိ သစ်အခြေခံ စက်မှုနည်းပညာသင်တန်းဌာန၌ ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အဆိုပါသင်တန်း၌ ဗေဒါမှ ထုတ်လုပ်ထားသော ပရိဘောဂပစ္စည်းများဖြစ်သည့် စားပွဲ၊ ဆိုဖာ၊ ထိုင်ခုံများဖြစ်သော လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းများအား သင်တန်းသား၊ သင်တန်းသူများကို စာတွေ့၊ လက်တွေ့ ပို့ချပေးခဲ့ပြီး ဗေဒါအချောထည် တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်ရေး ကျွမ်းကျင်မှုအခြေခံသင်တန်းအပတ်စဉ် (၂) အား ဇန်နဝါရီ ၁၆ ရက်တွင် ထပ်မံပို့ချဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဗေဒါ၊ ကြာနှင့် ရော်ဘာဖွံ့ဖြိုးရေးကော်မတီအတွင်းရေးမှူး ဦးကျော်သူက "ဒီသင်တန်းမှာ သင်တန်းသားများ ကြိုးစားထားတာတွေကို တွေ့ရပါတယ်။ ဗေဒါကို စခူးယူနည်း၊ အခြောက်ခံနည်း၊ အရောင်ချွတ်ပြီးပိုးသတ်နည်း၊ ကြာရှည်ခံအောင် ဆေးစိမ်နည်းများတွေအပြင် လက်မှုထည်ပစ္စည်းများ ထုတ်လုပ်နိုင်တဲ့အထိကို သင်ကြားပို့ချပေးထားတာပါ။

ထူးချွန်သင်တန်းသားများကိုလည်း မှတ်တမ်းတင်ထားပြီး နောက်အပတ်စဉ်သင်တန်းများမှာ အဆင့်မြင့်မွမ်းမံသင်တန်းများ ထပ်မံပို့ချသွားဖို့ စီစဉ်ထားပါတယ်။ ဖေဖော်ဝါရီလတွင် သင်တန်းခန်းမ၌ ပြုလုပ်မယ့်ပြပွဲနဲ့ မတ်လတွင် စင်ကာပူနိုင်ငံမှာ ပြုလုပ်မယ့် ပရိဘောဂပြပွဲများမှာ သင်တန်းသားများပြုလုပ်ထားတဲ့ ပရိဘောဂများ၊ အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် အလှဆင်ပစ္စည်းများအား ခင်းကျင်းပြသရောင်းချသွားဖို့ရှိပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် သယ်န်းဒေါင့်အုပ်စု သံတင်းချောင်ကျေးရွာမှ သင်တန်းထူးချွန်ဆုရရှိသူ မနုနုဝေက "ဒီသင်တန်းတက်ရတာ အတွေ့အကြုံအများကြီးရရှိပါတယ်။ ဗေဒါကျစ်တာကနေစပြီး ဆက်တီခုံကြီးတွေလုပ်တဲ့အထိကို အတွေ့အကြုံ အများကြီးရပါတယ်။ တန်ဖိုးမရှိတဲ့ ဗေဒါပင်လေးကနေပြီး ဆက်တီခုံကြီးတွေထိကို ထုတ်လုပ်နိုင်တာကို လက်တွေ့မြင်ရတော့အံ့ဩမိပါတယ်။ နောင်အပတ်စဉ်များမှာလည်း ဆက်လက်သင်ကြားဖို့ စီစဉ်ထားပါတယ်" ဟု ပီတိစကားဆိုလေသည်။

အဆိုပါ ဗေဒါအချောထည် တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်ရေး ကျွမ်းကျင်မှုအခြေခံသင်တန်း အပတ်စဉ်(၁)သင်တန်းဆင်းပွဲအခမ်းအနား၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကဦးတင်ဦးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှဝေခြင်းစီမံချက်အရ ကျောင်းသုံးလေ့ကျင့်ခန်းစာအုပ်များ လှူဒါန်းခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းပေးအပ်ခဲ့ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၈ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုးဝင်း(MLA)**

## ပြည်သူ့အကျိုးပြုသန့်ရှင်းရေးစုပေါင်းရှင်းလင်း

**နတ်တလင်း ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ဘုတာရုံဇရိယာအတွင်း ဒီဇင်ဘာ ၃၁ ရက် နံနက် ၇ နာရီက ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သော သန့်ရှင်းရေးများ စုပေါင်းရှင်းလင်းကြရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်၊ ရဲမှူး အောင်မိုး၊ မီးရထားဘူတာရုံပိုင် ဦးဝင်းသူ၊ မီးသတ်ဦးစီးမှူး ဦးမင်းနိုင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသနေပြည်သူများက အမှိုက်များ၊ မြက်ပင်များ၊ ချုံနွယ်များရှင်းလင်း၍ မြို့နယ်စည်ပင်သာယာရေး အမှိုက်သိမ်းယာဉ်ဖြင့် သယ်ယူစွန့်ပစ်ခြင်း၊ ပလတ်စတစ်များအား မီးရှို့ခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **ဝ၇၁**



A[efrdY, furG;t;bk;vrfa&TWifhkvWm;atmufbuf &efukbufbWom;vrfonfu0ajrmifonfhjyifarmfwmf,m0f Espkyfyfxm;rlajcuifbm;c&Donfsm; vrfom;ayrSepY0f om;vmae&ojzifh,m0ftEÅm,fukhwEÅaumifwifjy vdkf yonf "mwfjk597

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေး ရန်ပုံငွေလွှဲပြောင်းပေးအပ်



**ရန်ကုန် ဇန်နဝါရီ ၂**

အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဝင်များအား ရန်ပုံငွေပေးအပ်ပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ရေးဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ်၊ ဦးသာအောင်နှင့် တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်တို့က ပြည်သူ့ဘဏ္ဍာငွေဖြစ်သည့်အတွက် မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ငွေကြေးများသုံးစွဲရာတွင် စာရင်းဇယား မှန်မှန်ကန်ကန်ထားရှိပြီး ပြည်သူများအကျိုးအတွက် ထိထိရောက်ရောက် အကျိုးရှိရှိ ကိုင်တွယ်သုံးစွဲသွားကြရန်ပြောကြားသည်။

ဆက်လက်၍ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအေးမင်းက ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌက ရပ်ကွက်ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များသို့ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(၆၈၄)**

## ကရင်ကြီးတံတားသစ်တည်ဆောက်ခြင်းလုပ်ငန်းဆိုင်ရာများရှင်းလင်း

**ထားဝယ် ဇန်နဝါရီ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကရင်ကြီးတံတားသစ် တည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အသိပေးရှင်းလင်းမှုကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက လောင်းလုံးမြို့နယ် ကရင်ကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဘိုထွေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်စိုး၊ ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးငွေသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာသူ၊ ကျေးရွာသားများအား တံတားသစ်တည်ဆောက်ရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းဆွေးနွေးပြီး ကရင်ကြီးတံတားဟောင်းအား ကွင်းဆင်း၍ ကြည့်ရှုစစ်ဆေးခဲ့သည်။

ကရင်ကြီးတံတားသည် အရှည် ၇၈ ပေ၊ အကျယ် ၁၄ ပေ၊ ကွန်ကရစ် RC တံတားဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ် ၆၉ ဒသမ ၄၄ သန်းဖြင့် ထီးမင်းယာဉ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကရင်ကြီးတံတား တည်ဆောက်ပြီးစီးသွားပါက ကျောက်ဆင်ကျေးရွာအုပ်စုရှိ ကရင်ကြီးကျေးရွာ-မောင်းမကန်ကျေးရွာ-မျှော်ရစ်ကျေးရွာ-ပညစ်ကျေးရွာ-လောင်းလုံးကျေးရွာ လမ်းများပေါ်တွင်တည်ရှိသောကြောင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာများကို အကျိုးပြုမည့်အပြင် ထားဝယ်ဒေသသို့ နိုင်ငံအနှံ့အပြားမှ ဘုရားဖူးခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနိုင်မည့်ဖြစ်ကြောင်း သိရသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**



## ကော့သောင်းမြို့တွင် မျက်စိဝေဒနာရှင်ပြည်သူများအား ခွဲစိတ်ကုသ

**ကော့သောင်း ဇန်နဝါရီ ၂**
သန်းဒီပါ ဘက်စုံဖောင်ဒေးရှင်းနှင့် ကော့သောင်း ဂရုကုမ္ပဏီလီမိတက်မှ စေတနာရှင်များ ပူးပေါင်းကာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်ကုသရေးဦးစီးဌာန ပြည်သူ့ဆေးရုံကြီး၌ ဇန်နဝါရီ ၁ ရက်တွင် ခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင် ပြည်သူများအား စက္ခုဒါနကုသိုလ်အဖြစ် စတင် ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

မျက်စိပါရဂူ ဆရာဝန်ကြီးများနှင့် ကော့သောင်းခရိုင်ပြည်သူ့ဆေးရုံမှ ဆရာဝန်များပူးပေါင်းကာ ခရိုင်အတွင်းရှိ မျက်စိဝေဒနာသည်များအား ဒီဇင်ဘာ ၂၆ ရက်မှစတင်ကာ လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြပြီးနောက် ခွဲစိတ်ကုသရန် လိုအပ်သည့် မျက်စိဝေဒနာသည် ၁၄၉ ဦးအား ခွဲစိတ်ကုသပေးခြင်းဖြစ်သည်။

အဆိုပါ စက္ခုဒါနကုသိုလ် အစီအစဉ်တွင် သာမန်စမ်းသပ်စစ်ဆေးလူနာ ၂၇၇ ဦး၊ မျက်စိခြစ်လူနာ ၃၀၊ ခွဲစိတ်ကုသမှုခံယူမည့် လူနာ ၁၄၉ ဦး ဖြစ်ရာ မျက်စိဝေဒနာသည် စုစုပေါင်း ၄၅၆ ဦးအား စက္ခုဒါနကုသိုလ်အဖြစ် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ရေးမြို့နယ် အံဒင်ကျေးရွာရှိ ဒီရေတောစိုက်ခင်းများ စိုက်ပြီးသုံးလအကြာ ကောင်းကျိုးစတင်ခံစားရ

**ရေး ဇန်နဝါရီ ၂**
ရေးမြို့နယ် အံဒင်ကျေးရွာအနီးရှိ ဒီရေတောစိုက်ခင်းတွင် အပင်စိုက်ပြီး သုံးလအကြာ၌ လက်ရှိကောင်းကျိုးများ စတင်မြင်တွေ့နေရပြီဟု ဒီရေတောစောင့်ကြည့်ရေးတာဝန်ရှိသူ ကိုနိုင်ဟတင့်က ပြောသည်။

"အပင်တွေမစိုက်ခင်ကဆို မြေတွေခြောက်ကပ်နေတယ်။ ငါး၊ ခရု၊ ကဏန်းတွေ မတွေ့ရဘူး။ အခုအပင်စိုက်ပြီးတော့ မြေသိသိသာသာစိုလာပြီး ငါး၊ ခရု၊ ကဏန်းတွေကိုလည်း တွေ့လာတယ်။ အခုဆို ငှက်တွေတောင်နားလာပြီး။ အရင်ကဒီနေရာတွေဟာ ရေတိုက်စားလို့ မြေဧက ၄၀၀ ဝန်းကျင်လောက် ပျက်စီးဆုံးရှုံးခဲ့ပြီး အခုဒေသခံ ဘုန်းကြီးတွေ၊ ရွာလူကြီးတွေ၊ ရပ်မိ၊ ရပ်ဖတွေ၊ သစ်တောဦးစီးတွေနဲ့ စုပေါင်းပြီး ဒီရေတောကို အသစ်ပြန်လည်စိုက်ပျိုးခဲ့ပါတယ်" ဟု ရင်းမှ ဆက်လက်ပြောပြသည်။

ဒီရေတော စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာလည်း ရောက်သလို ငါးမျိုးတွေ၊ ခရု၊ ကဏန်း၊ ကြေးငှက်တွေမျိုးမတုံးအောင် ထိန်းသိမ်းရာလည်း ရောက်ကြောင်း၊ လက်ရှိအကျိုးကို ခံစားရသလို သားစဉ်မြေးအဆက်ဆက် ထိုအကျိုးကို ခံစားရမည်ဖြစ်ကြောင်း၊ သားငါးများ ရှာဖွေစားသောက်ရသည်မှာ လွယ်ကူစေမှာဖြစ်ကြောင်း ဒီရေတောစိုက်ပျိုးမှုတွင် တတ်တတ်ကြွကြွ ပါဝင်လှုပ်ရှားခဲ့သူ မင်းရာပြည့်က ပြောသည်။

အံဒင်ကျေးရွာတွင် ဒီရေတောကို ၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်တွင် စတင်စိုက်ပျိုးခဲ့ပြီး စိုက်ပျိုးမြေ ဧက ၇၀၀ ကျော်ရှိသည့်အနက် အပင် ၁၀၂၁၀ စိုက်ပျိုးကာ ၄၇၃ ပင်သေဆုံးပြီး ၉၈၄၇ပင် ရှင်သန်လျက်ရှိကြောင်း သိရသည်။

**ကိုဟိန်း (ပေါင်)**



# တောင်သူသီးနှံပိုးမွှားကာကွယ်ရေးနည်းပညာပေးသင်တန်းဖွင့်

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ ခရိုင်သီးနှံပိုးမွှားကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်သန်းမြင့်၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေနှင့် ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကြည်ကြည်ဆွေတို့အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများနှင့်အတူ ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက ကျောက်ပန်းတောင်းမြို့နယ်လွန်ပင်ကုန်းကျေးရွာသို့ သွားရောက်၍ တောင်သူ သီးနှံပိုးမွှားကာကွယ်ရေး နည်းပညာပေးသင်တန်းဖွင့်လှစ် သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်သူ သီးနှံပိုးမွှားကာကွယ်ရေး နည်းပညာပေးသင်တန်းတွင် ရှေးဦးစွာ ခရိုင်သီးနှံပိုးမွှားကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်သန်းမြင့်က တောင်သူများအား စီးပွားဖြစ်စိုက်ပျိုးထားရှိသည့် သီးနှံစိုက်ခင်းများတွင် သီးနှံဖျက်ပိုးမွှား ကျရောက်ပါက ကြိုတင်နှိမ်နင်းရမည့် နည်းလမ်းများအားလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေက မြေဆီလွှာပျက်စီးဆုံးရှုံးမှုမဖြစ်စေရန် ပြုပြင်ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကြည်ကြည်ဆွေကတောင်သူများ သီးနှံစိုက်ပျိုးရာ၌ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်နှုန်း ပိုမိုရရှိစေနိုင်သည့် နည်းလမ်းများကိုလည်းကောင်း အသီးသီး သင်ကြားပို့ချပေးခဲ့ပြီး တောင်သူများမှ သိရှိလိုသည့် မေးခွန်းများအား ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်လှစ်ရခြင်းမှာ တောင်သူများ ကိုယ်တိုင် သီးနှံစိုက်ခင်းများတွင် ပိုးမွှားရောဂါအန္တရာယ်ကို ထိရောက်စွာကာကွယ်တားဆီးနိုင်စေရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် သီးနှံထုတ်လုပ်မှုစွမ်းအားပိုမိုကောင်းမွန်လာစေရန်နှင့် မြေဆီလွှာထိန်းသိမ်းနည်းပညာများ လက်တွေ့အသုံးချဆောင်ရွက်နိုင်စေရန်တို့ကို ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရပြီး၊ အဆိုပါ သင်တန်းအား မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်သူ သီးနှံပိုးမွှားကာကွယ်ရေးနည်းပညာပေးသင်တန်းသို့ ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင် သီးနှံပိုးမွှားကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်သန်းမြင့်၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကြည်ကြည်ဆွေနှင့် ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်သီးနှံပိုးမွှားကာကွယ်ရေးတာဝန်ခံ ဦးဟိန်းမင်းမောင်၊ မြို့နယ်မြေအသုံး ချရေးတာဝန်ခံ ဒေါ်မြမြမိုးနှင့် မြို့နယ်ရှေ့တန်း တာဝန်ခံ ဦးရွှေမင်း၊ ဒေသခံတောင်သူ ၅၈ ဦးခန့် တက်ရောက်ခဲ့ကြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## သမိုင်းဝင် ဂန့်ဂေါလွတ်လပ်ရေးကျောက်တိုင်ကွင်း မွမ်းမံပြင်ဆင်

**ဂန့်ဂေါ ဇန်နဝါရီ ၂**
မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်ရှိ လွတ်လပ်ရေးကျောက်တိုင်မှာ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ယူနီယံဂျက်အလံကိုချ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို လွှင့်ထူသည့်နေရာ၌ စိုက်ထူခဲ့သည့် သမိုင်းဝင်နေရာဖြစ်ကြောင်း သိရသည်။

အဆိုပါနေ့က နိုင်ငံတော်အလံ အလံတင်အခမ်းအနားတွင် ဂန့်ဂေါမြို့နယ်၌ နယ်ပိုင်ဝန်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးသာဒန်းနှင့် ရှုံးရှိရွာတွင် နေထိုင်လျက်ရှိသည့် လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်အသက် ၉၅ နှစ်အရွယ်ရှိ အငြိမ်းစားကျောင်းဆရာကြီး ဦးရှန်းမော်တို့က ယူနီယံဂျက် အလံကိုချ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို လွှင့်တင်ခဲ့ကြကြောင်း သိရသည်။

"အဲဒီနေ့က နိုင်ငံတော်အလံတင် အခမ်းအနားမှာ နိုင်ငံတော်သီချင်းကို ကျွန်တော်ပါဝင်သီဆိုခဲ့ပါတယ်" ဟု ဆရာကြီး ဦးရှန်းမော်က ပြောဆိုသည်။

ဂန့်ဂေါမြို့နယ်တွင် လွတ်လပ်ရေးနေ့များ၌ နိုင်ငံတော်အလံ အလံတင် အခမ်းအနားကို အဆိုပါ လွတ်လပ်ရေးကျောက်တိုင်ကွင်း အနီးရှိ အားကစားကွင်းသို့ ပြောင်းရွှေ့ကျင်းပခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် လွတ်လပ်ရေးကျောက်တိုင်ကွင်းသို့ ပြန်လည်ပြောင်းရွှေ့ကျင်းပသွားမည်ဟု သိရသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်က လွတ်လပ်ရေးနေ့အခမ်းအနားဖြစ်သည့် နိုင်ငံတော်အလံ အလေးပြုအခမ်းအနားကို အဆိုပါ လွတ်လပ်ရေးကျောက်တိုင်အနီးတွင် ကျင်းပခဲ့ရာ လူထုတက်ရောက်နေရာယူခဲ့သည့် နေရာတွင် အထိမ်းအမှတ်အဖြစ် ၁၉၈၉ ခုနှစ်က ပန်းခြံတည်ဆောက်ထားခဲ့သည်။ ယခုအခါတွင် လွတ်လပ်ရေး ကျောက်တိုင်အား ပြင်ဆင်မွမ်းမံခြင်းနှင့် ပန်းခြံသာယာလှပရေးတို့ကို မြို့နယ်စည်ပင်က ဆောင်ရွက်လျက်ရှိသည်။

**(၄၆၅)**

## သဖန်းဆိပ်ရေလှောင်တမံမှ ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ စိုက်ပျိုးရေပေးဝေသွားမည်

**ရွှေဘို ဇန်နဝါရီ ၂**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် သဖန်းဆိပ်ရေလှောင်တမံမှ လာမည့်နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရေလုံလောက်စေရန် ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ စိုက်ပျိုးရေ စတင်ပေးဝေသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့များ၊ စိုက်တိုးမြှင့်အဖွဲ့များအနေဖြင့် စေ့စပ်သေချာစွာ အမှန်တကယ်စိုက်ကြမည့် တောင်သူများနှင့် ညှိနှိုင်းစည်းဝေး သဘောတူညီချက်များအရ ဖေဖော်ဝါရီ ၇ ရက်မှစ၍ စိုက်ပျိုးရေ လုံလုံလောက်လောက် ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများတွေ့ဆုံ

**သံဖြူဇရပ် ဇန်နဝါရီ ၂**
မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများတွေ့ဆုံ၍ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်အားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ထို့နောက် မြို့မိမြို့ဖကိုယ်စား လှယ်တစ်ဦးနှင့် အရပ်ဘက်ဆိုင်ရာအဖွဲ့များ ကွန်ရက်တာဝန်ခံတို့က ဆန္ဒသဘောထားများတင်ပြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်နှင့် ID တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်မြတ်သီတာထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အရပ်ဘက်အဖွဲ့အစည်းဝင်များ တက်ရောက်ကြသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# လက်တွေ့အသုံးချဆေးနည်းတိုများ(၁၇)

ကြည်လွင်မြင့်(မုဒြာ)

**ဆရာခင်ဗျား ကျွန်တော့အဖေက ဗန်းမော်မှာပါ။ အေးတဲ့အချိန်မှာ ခြေထောက်တွေကျဉ်ပြီး ခြေဆစ်လက်ဆစ်တွေ ရောင်နေပါတယ်။ လမ်းကောင်းကောင်း မလျှောက်နိုင်ဖြစ်နေပါတယ်။ ဆေးစစ်ကြည့်တော့ ဂေါက်ရောဂါရှိတယ်ဆိုပြီး ဆေးတွေစားနေရပေမယ့် အရှင်းမပျောက်ဘူး ဖြစ်နေလို့ပါ။ ဘယ်လိုလုပ်ရမယ်ဆိုတာ အကြံပေးပါဆရာ။**

အေးတဲ့ရာသီဥတုမှာ ညအိပ်ရာမဝင်ခင် ခြေနှစ်ဖက် ခြေမျက်စိမြုပ် ဆားရည်စိမ်ခိုင်းပါ။ ဆားရည်ကို ခပ်နွေးနွေး မိနစ် ၂၀ ခန့် စိမ်ရင်ရပါတယ်။ စိမ်ပြီးရင် ခြေထပ်မဆေးပါနဲ့။ မစိမ်ခင်က ခြေဆေးထားပါ။ မုန်ညင်းဆီထဲမှာ ချင်းတက်ကို ပါးပါးလှီးပြီးထည့် မီးနဲ့ဆူအောင် ချက်ထားပါ။ အဲဒီဆီနွေးနွေးကို အဆစ်တွေထဲ စိမ့်ဝင်အောင် တစ်နေ့ကို နှစ်ကြိမ်လိမ်းပေးပါ။ ဂေါက်ရောဂါရှိရင် ခြေလေးချောင်းအသား လုံးဝရှောင်ပါ။ ပဲပင်ပေါက်၊ စတော်ဘယ်ရီသီး၊ ခရမ်းချဉ်သီးအစေ့တွေကို ရှောင်စားပါ။ ရေနွေးကြမ်းသောက်ပါ။

**မင်္ဂလာပါဆရာ။ ကျွန်တော့မျက်နှာက ဆောင်းရာသီရောက်တာနဲ့ အသားခြောက်ပြီး အဖတ်လိုက်ဖြစ်နေတယ်။ ခြေထောက်တွေ၊ လက်တွေရောပဲဆရာ။ အသားအရေ မခြောက်အောင်ဆိုပြီး Lotion တွေ လိမ်းပါတယ်။ ဒါပေမယ့် ခဏပါပဲဆရာ။ ဆေးနည်းရှိရင် ညွှန်ကြားပေးပါဆရာ။ ကျေးဇူးတင်ပါတယ်ခင်ဗျ။**

ညအိပ်ရာဝင်ခါနီး ခြေနှစ်ဖက် ခြေမျက်စိမြုပ်အောင် ဆားရေနွေးစိမ်ပေးပါ။ ရှားစောင်းလက်ပပ်အနှစ်ကို ပျားရည်တစ်ဇွန်းနဲ့ ကြေအောင်ခေါက် မျက်နှာနဲ့ အသားပပ်တဲ့ ခြေလက်တွေမှာ ပွတ်လိမ်းပေးပါ။ လိမ်းပြီး တစ်နာရီကြာရင် ရေချိုးပါ။ ဓာတ်စာအနေနဲ့ ပဲစောင်းလျားသီး၊ ရုံးပတီသီး၊ မုန်လာဥနီ သုံးမျိုးရောပြီး အစိမ်းသုပ်စားပါ။ ပဲရာဇာ ဟင်းချိုသောက်ပါ။ ညအိပ်ရာဝင် မန်ကျည်းမှည့်ဖျော်ရည် ထန်းလျက်နဲ့ စိမ်သောက်ပါ။ ဝမ်းချုပ်ရင် ဆားပါထည့်သောက်ပါ။ အဲဒီနည်းအတိုင်း ပုံမှန်ပြုလုပ်ပေးရင် ကိုယ်ထဲငုပ်နေတဲ့အခိုး ဓာတ်ပြောင်းသွားပြီး အသားပပ်ရောဂါ ပျောက်သွားမှာပါ။

**ဒူးဆစ်တွေရောင်ရမ်းပြီး လမ်းမလျှောက်နိုင်လို့ အိပ်ရာထဲမှာ လဲနေသူတစ်ယောက် တွေ့ရပါတယ်။ ဒူးကြီးနာလို့လဲ ပြောကြပါတယ်။ သက်သာစေနိုင်မယ့် မြန်မာ့ဆေးနည်းရှိရင် သိလိုပါတယ်။**

အဆစ်ရောင်ရောဂါတစ်မျိုးဖြစ်တဲ့ ဒူးကြီးနာပျောက်စေတဲ့ ရှေးဆေးနည်းကို ကျမ်းမှာပါရှိတဲ့ နည်းကတော့ တရုတ်စံကားအမြစ်ကို ထန်းလျက်နဲ့ရော၊ သုံးခွက် တစ်ခွက်တင်ကျိုပြီး အကြမ်းပန်းကန် တစ်လုံးစာ တစ်နေ့ နှစ်ကြိမ်သောက်ပါ။ ၁၀ ရက်တိတိသောက်ပါ။ (ရွက်၊ ခေါက်၊ မြစ်၊ သီး ဆေးနည်း ၁၀၀၀ ကျမ်းမှ)

**ဝမ်းဗိုက်ဆူပြီး အဆီတိုးခြင်းအတွက် လိမ်းဆေးနည်းရှိရင် သိလိုပါတယ်။**

ကြိတ်မှန်ရွက် သတ္တုရည်ကို မုန်ညင်းဆီ (သို့မဟုတ်) နှမ်းဆီစစ်စစ်နဲ့ ရောစပ်ပြီး ညအိပ်ရာဝင်ချိန်တိုင်း ဝမ်းဗိုက်ကို လိမ်းကျံပေးပါ။ ခြောက်လခန့် စွဲစွဲမြဲမြဲလိမ်းကျံပေးရင် ဝမ်းဗိုက်မှာစုနေတဲ့ အဆီတွေ လျော့ကျသွားပါလိမ့်မယ်။

**ကင်းမြီးကောက် ကိုက်ရင် ဘယ်လိုဆေးနည်း အသုံးပြုရမလဲဆိုတာ ပြောပြပေးပါ။**

ကြက်သွန်နီဥကို ထုထောင်းပြီး အကိုက်ခံရသည့် နေရာပေါ်မှာအုံပြီး အဝတ်စ (သို့မဟုတ်) ပတ်တီးနဲ့ စည်းထားပေးပါ။

**သွေးဝမ်းသွားရင် ပျောက်ကင်းနိုင်တဲ့ ဆေးနည်းကို တင်ပြပေးစေလိုပါတယ်။**

ကြက်ဥအစိမ်းတစ်လုံးကို ဖောက်ပြီး အကာရော၊ အနှစ်ပါ သကြား၊ ဟင်းစားဇွန်း တစ်ဇွန်းနဲ့ သမအောင်ရောမွှေပြီး တစ်ကြိမ်တည်းနဲ့ ကုန်အောင်သောက်ချပါ။ (တစ်နည်း) ကန်စွန်းဥကို ပြုတ်ပြီး သကြားနဲ့ ယိုထိုးပြီး အဝစားပါ။ (တစ်နည်း) ဗာဒံရွက်ကိုထောင်းပြီး အရည်ညှစ်ယူ၊ သကြားနဲ့ရောစပ်၍ ဟင်းစားဇွန်း သုံးဇွန်းခန့် သောက်ပါ။

**ဆရာရှင့်၊ ကျွန်မသမီးလေးက တစ်နှစ်အရွယ်ရှိပါပြီ။ မျက်ခုံးမွေး ကောင်းကောင်းမပေါက်ပါ။ မျက်ခုံးမွေးသန်အောင် ဘာလိမ်းပေးရမလဲရှင့်။**

ထောလပတ်ရွက်ကို အခြောက်လှန်း၊ အုန်းဆီနဲ့စိမ်ထားပါ။ ကွမ်းရိုးနဲ့ အုန်းဆီကို တို့ပြီး မျက်ခုံးမွေး ဆွဲပေးပါ။ တစ်နေ့ကို သုံးကြိမ်လောက် ဆွဲပေးပါ။ မျက်ခုံးမွေးတွေ သန်လာပါလိမ့်မယ်။

**ချောင်းဆိုးပြီး သလိပ်ကပ်နေပါတယ်။ သလိပ်ထွက်ရင် ချောင်းဆိုးသက်သာပါတယ်။ သလိပ် လွယ်လွယ်နဲ့ ထွက်အောင် ဘာဆေးတွေ သုံးစွဲရမယ်ဆိုတာ ညွှန်ကြားပေးပါ။**

သလိပ်ရစေဖို့ ဖီးကြမ်းငှက်ပျောသီး ပျော့ပျော့ကို စားပေးပါ။ တိုင်းရင်းဆေးခန်းသုံးဆေး အမှတ် (၁) မက်လင်ချဉ် လျက်ဆားကို လျက်ပေးပါ။ လျက်ဆားမရှိရင် ဆားမီးဖုတ်ကို သံပရာရည်နဲ့ဖျော်ပြီး လျက်ပေးပါ။

**အူကျပြီး ဝမ်းဗိုက်အောက်နားမှာ အောင့်နေပါတယ်။ ဆရာဝန်နဲ့ပြတဲ့အခါ ခွဲစိတ်ကုသရမယ်လို့ ပြောပါတယ်။ လတ်တလောခွဲစိတ်ကုသဖို့ အခက်အခဲရှိနေလို့ သက်သာနိုင်တဲ့ဆေးနည်း ပြောပြပေးပါ။**

ကျားမနိုင်နွယ်မြစ်ကို သွေးပြီး အူကျတဲ့နေရာမှာ လိမ်းပေးပါ။ တစ်နေ့ ၃-၄ ကြိမ် သွေးလိမ်းပေးပါ။ ရုတ်တရက် အူကျရင် ရေခဲအိတ်ကပ်ပေးရင် ပြန်တက်ပါတယ်။

**နှုတ်ခမ်းကွဲပြီး ပါးစပ်ဟရင်နာပါတယ်။ ဘာဆေးလိမ်းရမယ်ဆိုတာကို ပြောပြပေးပါ။**

ထမင်းအိုး ဆူနေချိန်မှာ တက်လာတဲ့အမြှုပ်ကိုယူပြီး တို့ပေးပါ။ နှုတ်ခမ်းခြောက်ပြီးကွဲရင် ပျားရည်နဲ့ သံပရာရည်ကို ရောစပ်ပြီး တို့ပေးပါ။

**ကျွန်တော်က အပူကြောင့်လား၊ ခန္ဓာကိုယ်အတွင်းပိုင်းကြောင့်လားတော့ မပြောပြတတ်ပါဘူး။ တော်တော်ပိန်ပါတယ်။ ဆံပင်လည်းကျွတ်နေပါတယ် ဆရာရယ်။ အသက်က ၃၀ ကျော်ပဲ ရှိပါသေးတယ်ဆရာ။ ဒါကြောင့် ကျွန်တော်က ‘ဝ’ ချင်ပါတယ်။ ဘယ်လိုလုပ်ရမလဲ (ယောကျ်ား တစ်ယောက်ရှိရမည့် လက္ခဏာ) ဆံပင်ကျွတ်တာကိုကော ဆံပင်ပေါက်အောင် ဘယ်လိုလုပ်ရမလဲကူညီဖေးမပေးပါဆရာ။**

အပူများပြီး ပိန်၊ ဆံပင်ကျွတ်တဲ့အတွက် မနက် ဦးခေါင်း၊ ညဒူးခေါင်း၊ ဦးပေါင်းထမင်းရည်ဆိုတဲ့ လင်္ကာနဲ့အညီ မနက်စောစော ဦးခေါင်းမှ ရေလောင်းချိုးပါ။ ညအိပ်ရာဝင်ခါနီးအချိန်မှာ ဒူးခေါင်းမှ အောက်ရေလောင်း ခြေဆေးပါ။ ကြက်ဥ (သို့မဟုတ်) ဘဲဥကို ထမင်းဦးပေါင်းမှာ ထည့်၍ ပေါင်းစားပါ။ ထမင်းကျက်ခါနီးမှာ ကြက်ဥကို ထည့်မြှုပ်ရင် ပေါင်းပြီးသား ဖြစ်သည်။ ထမင်းကို အရည်ငှဲ့ချက်ပြီး ထမင်းရည်ကိုသောက်ပါ။ (ထမင်းရည်သည် လူကို ဝစေပါသည်)

**ဆရာကြီးရှင့် ညက မီးချောင်းနားကပိုးကောင် မျက်စိထဲဝင်သွားတာ ဖယ်ထုတ်ပြီးတော့ မျက်စိအတွင်းသားတွေ ရဲနေပါတယ်။ ဘယ်လိုလုပ်ရမလဲ ဖြေပေးပါရှင့်။**

လတ်ဆတ်တဲ့ သံပရာသီးကို လှီးပြီး မျက်စိထဲ တစ်စက်၊ နှစ်စက် ညှစ်ထည့်ပါ။ ရဲရဲပြုလုပ်ပါ။ မျက်စိကို မပွတ်ပါနဲ့။ ဝါဂွမ်း (သို့မဟုတ်) ပတ်တီးစနဲ့အုပ်ပြီး အနားထားပေးထားပါ။

**နှာရည် အမြဲယိုနေသူအတွက် ဆေးနည်းလေး ညွှန်ကြားပေးပါဆရာ။ အင်္ဂလိပ်ဆေးလည်း သောက်နေပါတယ်။ Alergic ကြောင့် ဖြစ်တာလို့ ပြောပါတယ်။ မြန်မာဆေးနည်းရှိရင် သိလိုပါတယ်။**

ရေရှူပါ။ မျက်နှာသစ်တိုင်း ရေကို လက်ခုပ်နဲ့ ရှူသွင်းပါ။ ညအိပ်ခါနီး ခြေဖဝါးဆားပွတ်၊ ဒူးအထက်မှ အောက်သို့ ရေလောင်းခြေဆေးပါ။ အပူတွေ အောက်ကို ဆင်းသွားရင် နှာစေးသက်သာပါတယ်။ ရှူဆေးအဖြစ် နလင်ကျော်အမှုန့်ကို မီးခဲပေါ်မှာ မှိုင်းရှူပေးပါ။

**မင်္ဂလာပါဆရာ။ ကျွန်မ အသက် ၃၃ နှစ်။ အိမ်ထောင်ကျတာ ငါးလရှိပါပြီ။ သားဥအိမ်မှာ ရေအိတ်တည်လို့ ခွဲထုတ်ထားတာ တစ်လပြည့်ပြီ သားသမီးလည်း တော်တော်လိုချင်တာပါ။ သားသမီးမရသေးလို့ သားအိမ်တော့ မထုတ်ထားဘူး။ သင့်တော်မယ့် (သားသမီးရနိုင်တဲ့) ဆေးနည်းတွေ ရလိုပါတယ်။ အားကိုးတကြီးနဲ့ အကူအညီတောင်းပါတယ်ဆရာ။**

နလင်ကျော် အသားတုံး(အဟောင်း မသုံးပါနဲ့) အသစ်လတ်တာဝယ်ပါ။ ပရဆေးဆိုင်တွေမှာ မေးဝယ်ပါ။ နလင်ကျော်ကိုသွေး ဟင်းစားဇွန်းတစ်ဇွန်းစာကို ပျားရည်တစ်ဇွန်းစပ်ပြီး မနက်၊ ည တစ်နေ့ နှစ်ကြိမ်သောက်ပါ။ ၁၄ ရက် သောက်ပြီးနောက် တစ်ရက်ခြား၊ တစ်လပြည့်အောင်သောက်ပါ။ (လက်တွေ့ ပျောက်ဖူးသူရှိပါသည်။) နလင်ကျော် အခေါက်ပြုတ်ပြီး အင်တုံကြီးမှာထည့် ထိုင်လျက် ဖန်စိမ်ပေးရင် မိန်းမကိုယ်တွင်း အနာပျောက်တယ်လို့ ရှေးဆေးကျမ်းတွေမှာ ပါပါတယ်။

**ကျွန်တော်ရဲ့ နှုတ်ခမ်းထောင့်မှာ အဖုလေးပေါက်ပြီး ပွားလာပါတယ်။ ပါးစပ်ဟရင်လည်း နာပါတယ်။ သူများတွေပြောတော့ ရေယုန်လို့ ပြောပါတယ်။ မန်းရင်ပျောက်တယ်ဆိုလို့ မန်းပြီးပါပြီ။ မပျောက်သေးပါ။ ဆေးနည်း သိလိုပါတယ်။**

ရေယုန်ပေါက်ရင် ကင်းပုံရွက်အရည်ညှစ် မကြာခဏတို့ပေးပါ။ ပျောက်နိုင်ပါတယ်။ (တစ်နည်း) ကွမ်းရွက်ကို ဝါးပြီး ကပ်ပေးပါ။ အဖတ်များ ကပ်နေပါလိမ့်မယ်။ ကွာကျတဲ့အထိ စောင့်ပါ။ ရေယုန်ပျောက်သွားပါလိမ့်မယ်။ (တစ်နည်း) ရေသဖန်းရွက်ကို ပြာချပြီး အုန်းဆီနဲ့ ဖျော်စပ်လိမ်းပါ။ (တစ်နည်း) ကျွန်းသားမီးသွေးကို ထမင်းရည်နဲ့ သွေးလိမ်းပါ။ (တစ်နည်း) ကုက္ကိုခေါက်အမှုန့်ကို ထောပတ်နဲ့ ဖျော်လိမ်းပါ။ (တစ်နည်း) လေးညှင်းပွင့်ကို သွေးလိမ်းပါ။

**ကြို့ထိုးနေပါတယ်။ အစားစားမရ ခံရခက်ပါတယ်။ ကြို့ထိုးပျောက်နိုင်မယ့် ဆေးနည်း သိလိုပါတယ်။**

သနပ်ခါးအမြစ်ကို ရေသန့်နဲ့ ကျောက်ပျဉ်မှာ သွေးပြီး မကြာခဏလျက်ပေးပါ။ ကြို့ထိုး ပျောက်ပါတယ်။ (တစ်နည်း) သစ်ကြံပိုးခေါက်ကို ဆားနဲ့ရောသွေးပြီး ဟင်းစားဇွန်း တစ်ဇွန်းလောက် သောက်ပေးပါ။ (တစ်နည်း) ဖီးကြမ်းငှက်ပျောသီးကို အပြင်ခွံမည်းအောင် မီးဖုတ်ပြီး အတွင်းမှ အသားကို ဇွန်းနဲ့ကော်၍ ပူပူနွေးနွေး စားပေးပါ။

**ဆရာရှင့် သွေးဆုံးခါနီးလာလို့လား မသိပါ။ မျက်နှာမှာ တင်းတိပ်တွေ ထွက်လာပါတယ်။ ဆေးနည်းတွေရှိရင် ပေးပါရှင့်။**

ဒန္တသုခပင်ရဲ့ အရွက်ကို အရည်ညှစ်ယူ၊ သနပ်ခါးနဲ့ ရောစပ်လိမ်းပါ။ (တစ်နည်း) ဂုံမင်းသီး၊ နှမ်းလုံးကြိုင်သီးနှစ်မျိုးကို အလေးချိန် ဆတူယူ ကျွမ်းအောင်မီးဖုတ်ပြီး နှမ်းဆီစစ်စစ်နဲ့ဖျော်၍ လိမ်းပါ။ (တစ်နည်း) ပဒုမ္မာကြာအရိုးကို အခြောက်လှန်း ပြာချ၊ ရေနဲ့ဖျော်လိမ်းပါ။

**ဆရာရှင့် သမီး ဘယ်ဘက်နှုတ်ခမ်းအောက်နားမှာ အဖြူကွက်လေးဖြစ်နေတာ တစ်လကျော်လောက်ရှိတာ သတိထားမိလို့ပါ။ သမင်ဖြူတွေဘာတွေ ဖြစ်လာမှာ စိုးရိမ်လို့ပါ။ နဂိုအသားအရောင်အတိုင်း ပြန်ဖြစ်အောင် ဘယ်လိုလုပ်ရမလဲရှင့်။**

သံပရာသီးစိတ်နဲ့ ပွတ်ပေးပါ။ စန္ဒကူးနီခေါက် (ပရဆေးဆိုင် မေးဝယ်ပါ) ကို သွေးလိမ်းပါ။ မရသေးရင် ကွမ်းသီးခြမ်း သွေးလိမ်းပါ။

ဆရာရှင့် ခေါင်းမှာ ယားပြီး ကုတ်လိုက်ရင် ဗောက်တွေ ထွက်ပါတယ်။ ခေါင်းလျှော်ရည် သုံးရင်လည်း ဆံပင်တွေ ကျွတ်ပါတယ်။ ဗောက်ပျောက်မယ့် ဆေးနည်းပြောပြပါ။

ဒန္တသုခပင် (အလေ့ကျပေါက်ပင်ဖြစ်သည်။ အရွက်မှာ သေး၍ ထိပ်ချွန်ပြီး ခွေးသွားစိတ်များ ပါရှိသည်။ အမြင့်ပေ တစ်ပေမှ သုံးပေအထိရှိသည်။) အရွက်တွေကို ခူးပြီး အရည်ညှစ်ယူပါ။ အရည်နှစ်ဇွန်းကို သံပရာရည် တစ်ဇွန်း+ပျားရည် တစ်ဇွန်းရောစပ် ဦးခေါင်းအတွင်းကို စိမ့်ဝင်အောင်လိမ်းပါ။ နာရီဝက်လောက်လိမ်းထားပြီး တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်ပစ်ပါ။ ဒန္တသုခပင်ဟာ သွားနာ၊ သွားကိုက်တာတွေအတွက်လည်း ပြုတ်ပြီး ငုံပေးရင် အလွန်ကောင်းပါတယ်။

**ဆောင်းတွင်းရောက်ရင် အမြဲနှာစေးလေ့ရှိပါတယ်။ နှာစေးရောဂါ သက်သာစေမယ့်ဆေးနည်း၊ ဓာတ်စာ သိလိုပါတယ်။**

မျက်နှာသစ်တဲ့အခါတိုင်း ရေကို လက်ခုပ်နဲ့ယူပြီး နှာခေါင်းအတွင်းသို့ ရှူသွင်းပေးပါ။ အကျင့်မရသေးမီ မွန်ပေမယ့် အလေ့အကျင့်ဖြစ်သွားရင် မခဲယဉ်းပါ။ ပုံမှန်ရေရှူပေးရင် နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာတွေ သက်သာစေပါတယ်။ ဓာတ်စာမှာ ဟင်းနုနယ်ပင်ကို ကြော်စားပါ။ ဟင်းနုနယ်ပင်ရဲ့ အစွမ်းသတ္တိမှာ သွေးကို စင်ကြယ်စေပြီး ဦးနှောက်ကို ကြည်လင်စေပါတယ်။ နှာစေးတာ၊ နှာရည်ပူကျတာတွေကို သက်သာစေပါတယ်။







# ကုန်သည်ကြီးများက စေတနာသန့်သန့်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်

**မကွေး ဇန်နဝါရီ ၂**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက မကွေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် စိုက်ပျိုးထုတ်လုပ်သူများ၊ ကူးသန်းရောင်းဝယ်သူများ၏ အခက်အခဲများကို သိရှိရန်အတွက် လာရောက် ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ပို့ကုန်သွင်းကုန်များကို အလေးထားဆောင်ရွက်ရန်နှင့် နိုင်ငံခြားငွေရရှိရန်အတွက် ပို့ကုန်လုပ်ငန်းအဓိက အလေးထားဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများ၊ ဈေးကွက်များတွင် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် မြန်မာနိုင်ငံအတွက် ရှေ့ကနေ ဦးဆောင်သွားနေမည့် ကုန်သည်ကြီးများက စေတနာသန့်သန့်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက လက်ရှိအခြေအနေများကို တင်ပြဆွေးနွေးခဲ့သည်။ ဆက်လက်ပြီး တက်ရောက်လာသည့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များက ၎င်းတို့ တွေ့ကြုံရသည့် အခက်အခဲများနှင့် သိရှိလိုသည်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းနာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခင်မာလာ(မကွေး)

## တိုင်းရင်းသားလူမျိုးအချင်းချင်း ကြီးသည်ငယ်သည် မခွဲခြားဘဲ လူသားများဖြစ်သည်ဟုခံယူ

**စစ်တွေ ဇန်နဝါရီ ၂**
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်တိုင်းရင်းသားများ၊ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများနှင့် အခြားတိုင်းရင်းသားများ၏ ရိုးရာဓလေ့၊ စာပေနှင့်ယဉ်ကျေးမှုများကိုသိရှိ လေ့လာနိုင်ရန်နှင့် တိုင်းရင်းသားလူမျိုးများရေးရာ ရုံးဖွင့်လှစ်နိုင်ရန် မြေနေရာကိုကြည့် ရှုပြီး ပြည်နယ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများနှင့် မျိုးနွယ်စုများအနေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဖွဲ့စည်းပြီး တိုင်းရင်းသားများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ခြင်းသည် အခွင့်အရေးတစ်ခုပင်ဖြစ်ကြောင်း၊ တိုင်းရင်းသား များအချင်းချင်း လူမျိုးကြီးသည် ငယ်သည် မခွဲခြားဘဲ အားလုံးသည် လူသားများဖြစ်သည်ဟု ခံယူကာ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ငြိမ်းချမ်းရေးကိုရှေးရှုပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးစားသွားကြရန် အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း ချင်းတိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှုအခြေအနေများကို ဆွေးနွေးပြောကြားပြီး တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအကြောင်းနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွဲ့စည်းနိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် ရခိုင်၊ ချင်း၊ မြိုခမီ၊ သက်နှင့် ဒိုင်းနက်စသည့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စားလှယ်များက စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ၊ တိုင်းရင်းသားများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးတင်ပြကြသည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် စစ်တွေမြို့၊ မြို့မိ၊ မြို့ဖများကလည်း တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများ၏ လုံခြုံရေးနှင့် စီးပွားရေး အခွင့်အလမ်းများ ဖန်တီးပေးရေးတို့ကို ဆွေးနွေးပြောကြားကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးချက်များကို ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

ယနေ့တွေ့ဆုံပွဲသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်၊ ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စစ်တွေမြို့၊ မြို့မိ၊ မြို့ဖများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



## ညောင်တုန်းမြို့၌ မူခင်းအသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ညောင်တုန်း ဇန်နဝါရီ ၂**
မူခင်းပညာပေးယာဉ်ဖြင့် မူခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် လှည့်လည်ပြသလျက်ရှိရာ ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ညောင်တုန်းမြို့နယ် ဗိုလ်ချုပ်လမ်း (၈)လမ်းဆုံတွင် လုပ်သားပြည်သူ စုစုပေါင်း ၃၀၀ အားပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပြသခဲ့သည်။

မူခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးလုပ်ငန်းများကို မူခင်းပညာပေးယာဉ်များဖြင့် လှည့်လည်ပြသ ပညာပေးဆောင်ရွက်နိုင်ခဲ့ပြီး တပ်ဖွဲ့ဝင်များက မူခင်းအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ထီးချိုင့်မြို့အမှတ် ၃ ရပ်ကွက် သရက်မှော်၌ ကွန်ကရစ်လမ်းဖွင့်

**ထီးချိုင့် ဇန်နဝါရီ ၂**
(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့အမှတ် (၃) ရပ်ကွက် သရက်မှော်ရပ်၌ ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက အဆိုပါလမ်း၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်က လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရပ်မိရပ်ဖ ဦးကျော်သိန်းက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၂၀၊ မိဘပြည်သူများထည့်ဝင်ငွေ ကျပ် ၃၅၀၀၀၀၊ မစကမှ ထည့်ဝင်ငွေ ၅၀၀၀၀၀ဖြင့် လမ်းအရှည်ပေ ၂၆၉ ပေ၊ အကျယ်ရှစ်ပေ၊ အမြင့် လေးလက်မရှိ ကွန်ကရစ်လမ်းကိုလည်းကောင်း၊ အလားတူ အဆိုပါရပ်ကွက်ရှိ လက်ျာပွင့်ရပ်တွင်လည်း ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ် သိန်း ၂၀၊ မိဘပြည်သူထည့်ဝင်ငွေကျပ် ၄၀၁၀၀၀ ဖြင့် အလျားပေ ၂၄၀၊ ကွန်ကရစ်လမ်းခင်းလုပ်ငန်းများ ဆောက်ရွက်ထားကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

မြို့နယ် ပြန်/ဆက်

## မြင်းခြံဒေသ၌ ပဲစင်းငုံအထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရ

**မြင်းခြံ ဇန်နဝါရီ ၂**
မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအဓိက အားထားလုပ်ကိုင်သောနိုင်ငံဖြစ်သောကြောင့် သီးနှံစိုက်ပျိုးမှုသည် အရေးကြီးသောကဏ္ဍတစ်ရပ်အဖြစ် တည်ရှိနေသည်။ မန္တလေးတိုင်းဒေသကြီး မြင်းခြံဒေသရှိ ပဲစင်းငုံစိုက်ခင်းများ စတင်ခုတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းမရသောကြောင့် ပဲစင်းငုံစိုက်တောင်သူများ အဆင်မပြေကြောင်းသိရသည်။

"ကျွန်တော်တို့ဒေသက ပဲစင်းငုံစိုက်ခင်းတွေ အခုမှစတင်ခုတ်သိမ်းနေတာပါ။ တစ်ဧကကို ၂၀၊ ၂၅ တင်းလောက်ထွက်တယ်။ တချို့ဆို တင်း ၃၀ ထိထွက်တယ်။ ဈေးမကောင်းတော့အဆင်မပြေဘူး။ ရှုံးတော့မရှုံးဘူးပေါ့။ မျိုးဖိုးနဲ့ စိုက်ပျိုးစရိတ်နဲ့ဆိုတော့ သိပ်မကိုက်ဘူး။ မြင်းခြံမြို့ပေါ်မှ တစ်တင်းကို ၂၆၀၀၀ ကျော် ဈေးပေါက်နေတော့ အဆင်မပြေဘူး။ မနှစ်က ၄၀၀၀၀ ကျော် ဈေးပေါက်တာ။ ထားနိုင်တဲ့သူကတော့ ဈေးစောင့်ရောင်းကြမှာ၊ ငွေပေါ်ချင်တဲ့သူကတော့ မြင်းခြံမြို့သို့ တင်ပို့ရောင်းချတယ်။ ပဲစင်းငုံ အမှော်က နွားစာအတွက်တော့အဆင်ပြေတယ်။ အခုခုတ်ချိန်ကျတော့ တစ်ဧကကို အခုတ်အရိုက် လူ ၂၀ လောက်ငှားရတယ်။ လူတစ်ဦးကို တစ်မနက် ၃၀၀၀ ကျပ်ပေးရတာ၊ အချို့စိုက်တာများတဲ့သူတွေက စက်နဲ့မှုတ်ကြတာ၊ တစ်ရိုင်ကို စက်ငှားရမ်းခ ပဲစင်းငုံ နှစ်ပြည်ပေးရတာ၊ တစ်ဧကကို နှစ်ရိုင်ထွက်တော့ လေးပြည်ပေါ့၊ ဒီဘက်ဒေသက ရသာ၊ ဖက်ရင်း၊ လေးတန်း၊ ကုက္ကဲ၊ တိုက်ရွာ၊ သညစ်ကန်၊ လယ်ကျင်းဦး အစရှိသောကျေးရွာတွေက ပဲစင်းငုံစိုက်တောင်သူတွေ ယခုနှစ် မိုးလေဝသမှန်တော့ အထွက်နှုန်းကောင်းပေမယ့် ဈေးမကောင်းတော့ အဆင်မပြေကြဘူး" ဖက်ရင်းကျေးရွာမှ ပဲစင်းငုံစိုက်တောင်သူ ဦးငွေကြိုင်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိပြီး စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်စိုက်ပျိုးကာ ပဲ၊ ပြောင်း၊ နှမ်း၊ဝါ၊ ပဲစင်းငုံ၊ ဖရဲ၊ မြေပဲ အစရှိသော သီးနှံများ အဓိကထား စိုက်ပျိုးလျက်ရှိရာ ပဲစင်းငုံစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရ၍ အဆင်မပြေကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

## လမ်းလုပ်ငန်းများစံချိန်စံညွှန်းနှင့်အညီပြည့်ဝစွာဆောင်ရွက်နိုင်ရေးကွင်းဆင်းဆောင်ရွက်



**ကျောက်တံခါး ဇန်နဝါရီ ၂**
၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မူလခွင့်ပြုရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ လမ်းအရှည် ၁ မိုင် ၅ ဖာလုံ၊ လမ်းအကျယ် ၁၀ ပေ၊ လမ်းထုကိုးလက်မရှိ ပဲနွယ်ကုန်း-ကြိမ်ခါးကုန်း-အင်ကုန်းလမ်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို တင်ဒါရ ထွန်းလင်းမြန်မာကုမ္ပဏီမှ ဆောင်ရွက်နေကြောင်း သိရသည်။

ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာသို့ ဒီဇင်ဘာ ၃၀ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် လမ်းကော်မတီဝင်များ၊ ထွန်းလင်းမြန်မာကုမ္ပဏီမှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးရာ လမ်းစံချိန်စံညွှန်းနှင့်အညီ ပြည့်မီစွာဆောင်ရွက်နိုင်ရေးနှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ အဆိုပါကျောက်ချောလမ်း ပြီးစီးသွားပါက ကျေးရွာ ခုနစ်ရွာမှ အိမ်ခြေ ၈၉၈ အိမ်၊ လူဦးရေပေါင်း ၄၀၀၀ အတွက်အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)



1.1 L MINI TRUCK

"Leading your business with Dongfeng Motor"

နယ်အရောင်း ကိုယ်စားလှယ်အနေဖြင့် လုပ်ကိုင်လိုတဲ့
လုပ်ငန်းရှင်များကို ဖိတ်ခေါ်လျက်ရှိပါသည်။
၀၉-၂၅၀၁၀၅၁၄၄ သို့ အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

PRICE US$ 4,999+

● လစဉ်ပေးသွင်းငွေဖြင့် ဝယ်လိုသူများကို AYA Bank နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

DONGFENG MOTOR DRIVING SUCCESS | 24 ROAD ASSISTANCE | WARRANTY 2 YEARS

YANGON SHOWROOM
No. 19, Baho Road, Sanchaung Township, Yangon, Myanmar.
Tel : +95-1-2304802, 2304801

www.Dongfeng-Myanmar.com
DFM-Myanmar

DFM



CHINDWIN COLLEGE



University of Portsmouth | psb Academy PEARSON

January 2017
အတန်းသစ်အတွက်
ကျောင်းအပ်နိုင်ပါပြီ

"(၁၀) တန်းမြေဖြေဆိုပြီးရုံနဲ့ Pearson Level 3 ကိုတက်ရောက်နိုင်ပြီး Level 3 ပြီးလျှင် HND ကိုတက်ရောက်နိုင်ပါသည်။ HND အောင်မြင်ပြီးလျှင် ဆက်လက်၍ ချင်းတွင်းမှာပဲ UK University of Portsmouth, BEng (Hons) ဘွဲ့ကိုရယူနိုင်ပါပြီ။"

Engineering | Business | Hospitality

| | | |
|---|---|---|
| Yangon | Thein Phyu Campus | No. (75), Thein Phyu Road, (Lower Block),Botahtaung Township,Yangon. |
| | Sin Ma Lite Campus | 1st Floor, New Sin Ma Lite Market, Corner of Kyi Myin Taing Kanar & Hantharwaddy Road. |
| Mandalay | | Corner of (77x78)st & (31x32)st, Sebai Building,Greatwall Condo Complex. |
| Taunggyi | | No.57/16 ,Myat Yadanar Street ,Yae Aye Kwin Quarter. |

Yangon - 01 297673, 298137
Mandalay - 02 72179, 74179
Taunggyi - 09 784038995, 784038996



# ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Belle RESORT SIMPLY CHAUNG THA

ကျွန်တော်၊ ကျွန်မတို့၏ BELLE RESORT CHAUNG THA HOTEL
ရန်ကုန်ရုံးကို (၁-၁-၂၀၁၇) ရက်နေ့မှစ၍ အောက်ပါလိပ်စာသို့
ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်း။

No.35, 37, 39, Rm.104, TWIN CENTRO Condo,
Baho Road, Sanchaung Township, Yangon.
Ph : 01-510117, 09-422514514, 09-8568996.
E-mail: sale.belleresort@gmail.com
Website: www.belleresorts.com



မီဿားစု အိမ်ခြံမြေ
စက်မှုဇုန် – လုံးချင်း (ရောင်း/ငှား)

| | | |
|---|---|---|
| 1.ရွှေပေါက်ကံစက်မှုဇုန် | မြေ(220×100)ဂိုဒေါင်,315KVA | 7500L |
| 2.ရန်ကုန်စက်မှုဇုန် | (4ဧက) | 1ဧက-5000L |
| 3.လှိုင်သာယာစက်မှုဇုန် | (1ဧက)ထောင့်ကွက် | 6000L |
| 4.သီလဝါစက်မှုဇုန် | (1.8ဧက) | 5000L |
| 5.သာကေတစက်မှုဇုန် | (35×100) | 4500L |
| 6.အရှေ့ဒဂုံစက်မှုဇုန် | (2.2ဧက)အုတ်ခတ် | 1ဧက-3500L |
| 7.သာဓုကန်စက်မှုဇုန် | (3ဧက) | 1ဧက-3500L |
| 8.အရှေ့ဒဂုံစက်မှုဇုန် | (1.5ဧက)ဂို(100×150)315KVA | 98L |
| 9.လှိုင်သာယာစက်မှုဇုန် | ဂို(150×200)150KVA | 50L |
| 10.ဘုရင့်နောင်လမ်းမ | (150×65)ဂိုဒေါင်,Lighting | 40L |
| 11.ဒဂုံဆိပ်ကမ်းစက်မှုဇုန် | (1ဧက)ဂို(60×150)100KVA | 25L |

☎ - 0973054542, 0973494343, 0973161672



## လယ်မြေရောင်းမည်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၉စရပ်ကွက်၊ ဂရန်ကွင်း၊ ပဲခူးမြစ်ပတ်လမ်း၊ ကွန်ကရစ်လမ်းမကြီး၊ မေးတင်၊ ပုံစံ(၁၀၅)ကျပြီး လယ်မြေ(၃၈)ဧက ရောင်းမည်။ အကျိုးဆောင်များ ဆက်သွယ်နိုင်သည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၉၆၇၈၅၈၆



စာ အုပ် စာ ပေ လူ့ မိတ် ဆွေ

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

AYA Bank မှ
ရာဇာတိဘဏ်

ဘဏ်ခွဲပေါင်း **200** တိတိအား အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့် **Always Smile** သင်္ကေတနှင့်အတူ **AYA Bank** မိသားစုနှင့် ထပ်တူထပ်မျှဝမ်းမြောက်ပါကြောင်း နှစ်သစ်မင်္ဂလာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

SKB

ဦးမောင်မောင်+ဒေါ်အေးတင်
ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ
ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေး လီမိတက်



ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကက-၁၃/၀၁/၂၂၁

## ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုများ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၀၁၄-၁၅/၂၀၁၅-၁၆) ပညာသင်နှစ်တွင် ၂-နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံး မြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း

**၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကြိုအပ်လက်ခံပါပြီ**

**၅–တန်း မှ ၁၀–တန်း အထိ**
**ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ**

- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
- ၈/၉/၁၀ တန်းများအတွက်စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ
  **နေ့ကျောင်း၊ ဘော်ဒါ၊ တဝက်ဘော်ဒါ**
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
- လူဦးရေသန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်။

မိဘများသို့-

စည်းကမ်းစနစ်ကျနမှု၊ သင်ကြားရေးကောင်းမွန်မှု၊ အချိန်ယူသင်ကြားပေးမှု၊ လိုအပ်ပါက အချိန်ပိုများဖြင့်သင်ကြားပေးမှု၊ တက္ကသိုလ်ဝင်တန်းမှလွဲ၍ ကျောင်းစာအပြင် Computer, Language, Speaking, Music ဘာသာရပ်များကိုအမှန်တကယ် တက်မြောက်အောင်သင်ကြားပေးမှုကျောင်းတစ်ကျောင်း၏ ရှိသင့်ရှိထိုက်သော အင်္ဂါရပ်များဖြင့်ပြည့်စုံပြီး ကျောင်းသားတစ်ယောက်၏ ရသင့်ရထိုက်သော အခွင့်အရေးများအပြည့်အဝရရှိစေမှု ......... စသည်တို့ကို လိုအပ်သောမိဘတိုင်း မြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်းသို့အပ်နှံကြသည်။

**ကျောင်းကြို/ပို့ ဖယ်ရီရှိသည်။**

**အလုပ်သင်/ကျွမ်းကျင်Guide (ဘွဲ့ရ)အလိုရှိသည်။(ကျား)**

အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ 09 259258407, 09 965800961, 09 445340077,09 73004720, 01 8562830


## ပဲခူးမြို့ အထက(၆) သတ္တမအကြိမ်မြောက်
## အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဲခူးမြို့၊ အထက(၆) အာစရိယပူဇော်ပွဲကို ယခုနှစ်တွင်လည်း စည်ကားသိုက်မြိုက်စွာ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများနှင့် တပည့်ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၅-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈း၀၀နာရီမှ ၁၁း၀၀နာရီအထိ
ကျင်းပမည့်နေရာ - ရွှေရတုခန်းမဆောင်၊ အထက(၆)၊ ပဲခူးမြို့

အာစရိယပူဇော်ပွဲသို့ ငွေကြေးပစ္စည်းများ လှူဒါန်းလိုပါလျှင် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**Ph: 09-49744717, 09-972797168, 09-428143874, 09-428044442, 09-421010816**

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**


ဗုဒ္ဓံ ဓမ္မံ သံဃံ

**YAR ZAR TUN EXPRESS**

# ရာဇာထွန်း




**အထူးအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးမှ ၂၀၁၇ - နှစ်သစ်အထူးအစီအစဉ်**

**Scania Touring VIP Bus ကားသစ်ကြီးများဖြင့်**
**ရန်ကုန် ⇌ မန္တလေးခရီးစဉ် ပြေးဆွဲပေးနေပါပြီ**

- အဆင်ပြေသက်သာ စိတ်ချမ်းသာ အန္တရာယ်ကင်းဖို့ ရာဇာထွန်းကို စီးကြစို့။
- Scania Marcopolo ဖြင့် မန္တလေး-ရန်ကုန်ခရီးစဉ်ကို OK$(မြန်မာငွေ) ဒ်/-ကျပ်ဖြင့် စီးနိုင်ပါပြီ။
- Promotion ကာလ (၁-၁-၂၀၁၇) မှ (၁၀-၁-၂၀၁၇)ရက်အထိ ရာဇာထွန်း App မှ (online ticket) လက်မှတ်ဝယ်ယူပြီး OK$ နှင့် ငွေပေးချေရပါမည်။
- တစ်ရက်လျှင် ဦးရေလူ(၂၀)ယောက်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ခရီးသွားသူကိုယ်တိုင် မှတ်ပုံတင် ဖုန်းနံပါတ် တူညီရမည် ဖြစ်သည်။
- OK$ အကောင့်တစ်ခုလျှင် (၁)ဦးနှုန်းသာ လက်ခံပါမည်။ တစ်ရက်ကြိုတင်ပြီး လက်မှတ်ဖြတ်ပေးရမည်။
- Promotion ကာလအတွင်း online မှ လက်မှတ်ဝယ်ယူအားပေးသူများကို Yar Zar Tun Member Discount Card ပြုလုပ်ပေးပါမည်။

OK$
INTERNET WALLET

**မန္တလေးမှ ➡ ရန်ကုန်သို့**
**၁ ကျပ်ဖြင့် ခရီးသွားနိုင်ပြီ . .**
**ရာဇာထွန်း** အထူးအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး




ဇန်နဝါရီ
၁ ရက်မှ ၁၀ ရက်
နေ့အထိ

ရာဇာထွန်း ဆက်သွယ်ရန်ဖုန်း 09 977906609 / OK$ အကောင့်ဖုန်းနံပါတ် - 09 977906610  OK$ ဖုန်း 01-37788809

## ကြော်ငြာ

### ကိုးဘွဲ့ရဝိပဿနာ တရားစခန်းရိပ်သာ
### စုပေါင်းရေစက်ချအလှူတော် မင်္ဂလာ ဖိတ်ကြားလွှာ

ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်းရိပ်သာအတွင်း၌ ကောင်းမှုရှင်အသီးသီးတို့က စုပေါင်း၍ လှူဒါန်းထားကြသော ရွှေစည်းခုံ၊ ရွှေစေတီ၊ အာရုံခံတန်ဆောင်း၊ လေးထပ်သိမ်ကျောင်း၊ မြတ်ဘုရားနှင့် တရားပလ္လင်၊ ပရိဘောဂအစုံအလင်နှင့်တကွ ကမ္မဋ္ဌာန်းကျောင်းဆောင်ပေါင်း အဆောင်(၁၀)တို့ကို စုပေါင်း ရေစက်ချအလှူတော်မင်္ဂလာကျင်းပမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (၁၃၇၈ခုနှစ်၊ ပြာသိုလဆန်း ၇ရက်) ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၉နာရီ အရောက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကိုးဘွဲ့ရဝိပဿနာတရားစခန်းရိပ်သာ၊ ၄၂ မြောက်ဒဂုံ၊ (၀၉-၇၈၇၈၇၇၉၆၉၊ ၀၉-၉၆၄၄၄၉၀၃၀)**









## " ၂၀၁၇ ခုနှစ်" လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုခြင်းနှင့် နှစ်သစ်မင်္ဂလာဆုမွန်ကောင်းပို့သခြင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသော နိုင်ငံသူ ၊ နိုင်ငံသား အပေါင်းတို့သည် နှစ်သစ်နှင့်အတူကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ရွှင်လန်းချမ်းမြေ့ စွာဖြင့်ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေးအတူ ပူအမျှ အတူတကွလက်တွဲဆောင်ရွက်နိုင်ပါစေကြောင်း လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုခြင်းနှင့် နှစ်သစ်မင်္ဂလာဆုမွန်ကောင်းတောင်းအပ်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာနှင့်ဒါရိုက်တာအဖွဲ့ဝင်များ

ဝန်ထမ်းမိသားစုများ

ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေးလီမိတက်။

ကျေးဇူးကြီးလှ မိ နှင့် ဖ။ ဘယ်အရာနှင့်မျှ နှိုင်းမရ။

မိဘဂုဏ် ကိုထွေး

အဆင့်မြင့်စတီးဘလိတ်ခါးသွားဆူးကြိုးတပ်ဆင်ဖြန့်ချိရေး

အဆင့်မြင့် Steel ဘလိတ်ခါးသွား ဆူးကြိုးများကို သံချေးမတက် (၁၅)နှစ် အာမခံ၍ တပ်ဆင်ပေးရာတွင် Steel တန်းကြိုး၊ Steel တုတ်ကြိုး အသုံးပြုလျက် ဈေးနှုန်းချိုသာစွာဖြင့် နေရာဒေသမရွေး လက်ခမဲ့တိုက်ရိုက်ရောင်းချတပ်ဆင်ပေးနေပါပြီ။

ရန်ကုန်အရောင်းဆိုင်ခန်း(၁)- အမှတ်(၁၂)အခန်း(၄/၅)မင်းနန္ဒာလမ်းမကြီး၊ KBZဘဏ်ရှေ့(Capital Hyper Market)အနီး၊ဒေါကေတမြို့နယ်။

ရန်ကုန်အရောင်းဆိုင်ခန်း(၂)- အမှတ်(၁၂/၈၈၄)မင်းလုံလမ်းမကြီး၃၄/ရပ်ကွက်၊(AYB)ဘဏ်ဘေးချင်းကပ်၊(Capital super market)အနီး မြောက်ဒဂုံမြို့နယ်။

မှတ်ချက်-သံချေးမတက်ပါဟု ပြောဆိုကာ ပြည်တွင်းဖြစ် ပစ္စည်းများကို နိုင်ငံခြားဖြစ် ပစ္စည်းများဟု ပြောဆိုရောင်းချခြင်းမျိုးကို ကျွန်ုပ်တို့ လုံးဝ(လုံးဝ) မပြုလုပ်ပါ။

Ph : 09 - 5064145, 09-445064145,09-250058416,09-49276627,09-420707316

အခမဲ့လက်ဆောင်ရယူလိုက်ပါ။

CLEAR VISION မျက်မှန်ဆိုင်တွင် စမ်းသပ်ခ (၄၀၀၀) ကျပ် ပေးရုံနဲ့ မျက်မှန်ကိုင်း လှလှလေးများကို မှန်နှင့်တကွ အခမဲ့ရယူ ပိုင်ဆိုင်လိုက်ပါ။

အစီအစဉ်ပြီးဆုံးမည့်ရက် (၁၇-၁-၂၀၁၆)

No. (196/198), Shwe Bon Thar Road (Middle Block), Pabedan Township, Yangon.
Ph : 01-253214, 09-445465430, 09-250640694




Vietjet ၏ ၅နှစ်ပြည့်အထိမ်းအမှတ်ပွဲအနေဖြင့် လက်မှတ်ပေါင်း ၅သန်းကို မြန်မာကျပ် ၂၈၇ကျပ် မှစတင်၍ www.vietjetair.com တွင် ၂၀၁၆ ဒီဇင်ဘာလ ၂၈ရက်နေ့မှ ၂၀၁၇ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ နံနက် ၁၁:၃၀ မှ မွန်းလွဲ ၁:၃၀ အတွင်း ရရှိနိုင်ပါပြီ။
ထိုပရိုမိုးရှင်းသည် ရန်ကုန် -> ဟိုချီမင်း ခရီးစဉ် နှင့် Vietjet ၏ အခြားခရီးစဉ်များအတွက် အကျုံးဝင်ပါသည်။

ထိုပရိုမိုးရှင်းကာလအတွင်း နံနက်၁၁း၃၀ မှ မွန်းလွဲ ၁း၃၀ အတွင်း လက်မှတ်ဝယ်ယူသူများသည် "1KG ရွှေသားလေယာဉ်ပျံကိုရယူနိုင်ခွင့်၊ ပျော်ရွှင်စရာ အနာဂတ်ဆီသို့ ပျံသန်းနိုင်ခွင့်" နှင့်အတူ အခြားသော ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ လက်ဆောင်များဖြစ်တဲ့

အမြင့်ဆုံးဆု : 1KG ရွှေသားလေယာဉ်ပျံ
အပတ်စဉ်ဆု : ၃.၇၅ ဂရမ် ရှိရွှေသား
နေ့စဉ်ဆုမဲ : အခမဲ့ လေယာဉ် လက်မှတ်များ

Vietjet နှင့် "ပျော်ရွှင်စွာပျံသန်း" ရင်း ကျွန်ုပ်တို့ရဲ့ အံ့သြဖွယ်ရာ နေ့စဉ် ပရိုမိုးရှင်းကို www.vietjetair.com တွင် နံနက် ၁၁:၃၀ မှ မွန်းလွဲ ၁:၃၀ အတွင်းရယူလိုက်ပါ။

လက်မှတ်အရောင်းဌာနများ
www.vietjetair.com
https://m.vietjetair.com
www.facebook.com/vietjetglobal Tab "Booking

AVIAREPS MYANMAR
အခန်းနံပါတ် ၀၁-၀၆ ၊ Yuzana Business Tower အမှတ် ၂၅ ၊
မဗ္ဗစေတီလမ်း၊ မြေနီကုန်းမြို့နယ် ရန်ကုန်၊ မြန်မာ။
ဖုန်း - ၀၁ ၅၃၉ ၄၈၄
ဖက်စ် - ၀၁ ၅၃၉ ၄၈၄
Hotline - ၀၉ ၇၈၉ ၃၂၃၈၂၈

Hotline
၀၉ ၇၈၉ ၃၂၃၈၂၈

# ကြော်ငြာ

**Myanmar Shwe Sin Moe (New Star) Travel & Tour (Car Rental)**

မြဝတီ – မဲစောက် – ဘားအံ (၄ရက်)
မန်း–မုံ–ဓမ (၄ရက်)
ပုဂံ–ညောင်ဦး (၂ရက်)
အပတ်စဉ်သောကြာနေ့တိုင်း
ကျိုက်ထီးရိုး ချောင်းသာ ငွေဆောင် နေ့စဉ်
09-5139002, 09-253352517, 01-255942

**Modern Myanmar Travels** ကားမျိုးစုံစီးလုံးငှား အထူးစီစဉ်ပေးပါသည်။

ဖေဖော်ဝါရီလအတွက် ကြိုတင်လက်မှတ်ရောင်းပြီ Hotel Package

| | | | |
|---|---|---|---|
| ✦ တောင်ကြီး၊ အင်းလေး၊ မွေတော်ကက္ကူ | 140000 | ကျိုက်ထီးရိုး(နေ့စဉ်) | 10000 |
| ✦ မန္တလေး၊ ပြင်ဦးလွင်၊ ဂျေပြာအိုင်၊ ကျောက်စိမ်းစေတီ | 99000 | ချောင်းသာ(နေ့စဉ်) Guest | 33000 |
| ✦ ပုဂံ၊ ပုပ္ပါး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ | 99000/140000 | Hotel | 43000 |
| ✦ ဘားအံ၊ မြဝတီ၊ မဲဆောက် လေ့လာရေးခရီးစဉ် | 120000 | ငွေဆောင်(နေ့စဉ်) Hotel | 40000 |
| | | Jan 13, 20, 27 | |

၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင် B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၃တွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဇန်နဝါရီ (၃/၇/၉)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
ဓမ္မ - Essay, Letter လက်ခံပြီ။
၂၂၄၊ ပန်းဆိုးတန်း(ထပ်)ဂိုးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

ကိုယ်ပိုင် **ဒေါင်းမင်း** 09425355758,09255913926,09-252990976
အလောင်းတော်ကဿပ Dec 30 ထွက်မည်
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော (၄)ရက်၊ ဆက်၍-လွိုင်ကော် ပါ(၅)ရက်။
▲ မော်လမြိုင်၊ ကျိုက္ကမီ၊ ဇက်စဲ၊ ထားဝယ်၊ မောင်းမကန်၊ ရှင်ကိုးရှင် (၅)ရက်။
▲ ဘားအံ၊ မြဝတီ၊ မဲဆောက် ခရီးစဉ် (၃)ရက်။ Guest- 75000
▲ ပုဂံ၊ ပုပ္ပါး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ (၃)ရက်။ Hotel- 75000
▲ မန္တလေး၊ ပြင်ဦးလွင်၊ ဂျေပြာအိုင်၊ ကျောက်စိမ်းဘုရား(၃)ရက်။ Hotel- 65000
ကားမျိုးစုံစီးလုံးငှား

**GOLDEN CITY**
ချောင်းသာ (နေ့စဉ်)
(စား+တည်း+ကား-ငြိမ်း)
၃၅၀၀၀/- ၊ ၄၅၀၀၀/-
(ကားစီးလုံးငှားနိုင်သည်။)
09-450765726, 09-454466958

**မျိုး** 380164, 09 5017088, 09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**စည်းစိမ်မင်း** 09-444450446, 09-250144709
✦ အလောင်းတော်ကဿပ(သီးသန့်)၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
✦ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ (ရွှယ်တောလေးဆူ)၊ သီဟိုဠ်ရှင်
✦ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ အောင်ပန်း၊ ထမ်ဝမ်း၊ ကက္ကူ
✦ ထားဝယ်(ရှင်ကိုးရှင်)၊ မော်လမြိုင်၊ ကျိုက္ကမီ၊ ဇက်စဲ
✦ ဘားအံ၊ တောင်ဝိုင်းတောင်၊ လွမ်းညရေပြာအိုင်၊ ချစ်သူမြိုင်၊ ကျောက်ကလပ် Jan-7
Jan-6 နှင့် အာဟိုင်(ဒေသကြ)


**ချမ်းငိုသား** ကျိုက်ထီးရိုး၊ ချောင်းသာ(နေ့စဉ်)
ကျိုက်(၅)ကျိုက်-မွန်ပြည်နယ်ဘုရားစုံ ဇက်စဲ၊ ဇင်းကျိုက်ရေတံခွန် (1/2)Package(35000)
လိုက်ဂူ(၅)ဂူ-ကရင်ပြည်နယ်ဘုရားစုံ ဂွကပင်၊ လုမ္ဗနီဥယျာဉ်၊ ကျောက်ကလပ်(နေ့ချင်းပြန်)(35000)
ပြည်(၅)ပြည်-ပုပ္ပါးပုဂံ(ရွှယ်တော်လေးဆူ)၊ ပခုက္ကူ(သီဟိုဠ်ရှင်)ဘုရားစုံ Package(55000)
(15000)
Ph:09425334456,09252606649,0949323965

ပွဲတော်အုပ်ဆန်ဆိုင်
ဖျာပုံပေါ် ဆန်းမွှေး
(အပေါင်းကျန်သေးသည်)
☎ :01512443, 0973017656, 0973076733, 095055574, 09785055574

**နိုင်ငံခြားသားများနေထိုင်ရန်**
အဆင့်မြင့်Condoနှင့် လုံးချင်းအိမ်များ ငှားလိုပါ သဖြင့်ပိုင်ရှင်များဆက်သွယ်အပ်နှံနိုင်ပါသည်။
09 420139326 , 09-402726983

မြန်မာလူငယ်များအတွက် စီးပွားရေးဘာသာရပ်များအပါအဝင် **“ MBA အကြောင်းဆွေးနွေးပွဲ ”**

> MBA ကို ဘယ်လိုလူမျိုးတွေ၊ ဘယ်လိုအသက်အရွယ်မှာ သင်ယူသင့်သလဲ / ဘယ်လိုအသုံးချမလဲ
> MBA ကို အင်ဂျင်နီယာ၊ ဒိုင်တီ၊ ဆရာဝန်တွေအတွက် သင်ယူရင် ဘယ်လို အကျိုးရှိနိုင်မလဲ
> ဩစတြေးလျ MBA / အင်္ဂလန် MBA နဲ့ အမေရိကန် MBA တွေ ဘာတွေကွာခြားပါသလဲ၊ ဘယ်ဟာအကောင်းဆုံးလဲ
> MBA တက်ဖို့ GMAT တွေ GRE တွေ ပြင်ဆင်ထားဖို့ လိုပါသလား
> MBA ကို ပြည်တွင်းမှာ တက်တာနဲ့ ပြည်ပမှာ တက်တာ ဘယ်ဟာပိုအကျိုးရှိပါသလဲ




psb Academy · edutrust SINGAPORE
Speaker : DR HUONG HA
Monash University, Australia / LKY School of Public Policy, National University of Singapore

CROWN EDUCATION
Award Winning Company

Jan 7th (Sat)
2:00 PM - 4:00 PM
NOVOTEL HOTEL,
(Eureka Room)

Register Now : 01 527 838 - 09 450 200 040 - 09 732 732 77

ရေ၊ မြေ
ထာဝစဉ်
သန့်ရှင်းစေဖို့
ကြွပ်ကြွပ်အိတ်
သုံးစွဲမှု
ရပ်ကြစို့

PRO1 HOME CENTER
“One Place, Get All”

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အကြီးမားဆုံး အိမ်ဆောက်ပစ္စည်းအရောင်းစင်တာ

**East Dagon Branch**

# NOW OPEN




www.facebook.com/pro1myanmar

အမှတ်(ဝ/က)၊ အမှတ်(၂)လမ်းမကြီး(၁၅)ရပ်ကွက်၊ သုနာပြန်နှင့်သားဖွားသင်တန်းကျောင်းအနီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၂၅၈၅၁၅၈၊ ၀၁-၂၅၈၅၁၅၉


စွယ်တော်စီးတီး အိမ်ရာ
မင်္ဂလာဒုံမြို့နယ်
SWE TAW CITY
ROYAL MINGALARDON GOLF COURSE
MINGALADON TOWNSHIP
AUNG MINGALAR HIGHWAY COMPLEX
KHAYAE PIN ROAD
THIRIYADANAR WHOLESALE MARKET
NO.1 HIGHWAY ROAD
NO.3 HIGHWAY ROAD
YANGON INTERNATIONAL AIRPORT
■ ရန်ကုန်မြို့တော်၏ မြောက်ဘက်အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ် ၊သီရိရတနာလက်လီလက်ကားဈေး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင်တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အချာကျသောနေရာ ဖြစ်သည်။
■ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေဧက (၃၀)ပေါ်တွင်တည်ဆောက်နေသည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ခိုင်မာစွာ ရရှိနိုင်မည့် စုပေါင်းအိမ်ရာဖြစ်သည်။
■ ထိုင်းနိုင်ငံ G4 Architect မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ Pile - Foundation၊ ခေတ်မီ Post -Tensioned စံနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်မည့် (၇)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦးတိုင်းတွင် 2500 sq-ftခန့် ကျယ်ဝန်းသော Lobby ပါရှိပါသည်။
■ အဆောက်အဦးတိုင်းတွင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး၊ Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး စုပေါင်းအိမ်ရာဝင်း တစ်ခုလုံးအတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။
900 sq-ft for 2 Bedrooms
1260 sq-ft for 3 Bedrooms
■ ရေကူးကန်များ ၊ စားသောက်ဆိုင်၊ Fitness Center , SPA, Steam, Sauna , Jacuzzi, Convenience Store၊ ကလေးကစားကွင်း နှင့် လူ (၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမကျယ်များ ပါဝင်သည့် Clubhouse တစ်ခု ပါရှိပါသည်။
■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများ၊ အဆောက်အဦး ပတ်လည်တွင်သာယာလှပသော ပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် Car Parking နေရာများ ပြည့်စုံလုံလောက်စွာ ပါဝင်ပါသည်။
CLUBHOUSE
အထူးအစီအစဉ်အနေဖြင့် ပထမပုဂ္ဂလိကဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်များနှင့် ချိတ်ဆက်၍ အရစ်ကျ ငွေပေးချေမှုစနစ်များဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
တစ်ပေပတ်လည်လျှင် ၉၀၀၀၀ိ /- နှုန်းမှစတင်၍ ရောင်းချပေးနေပါပြီ
DEVELOPER-
GRAND STYLE CO.,LTD.၊ အမှတ်(၂၄၅)၊ ဗားကရာလမ်း (မြေနီကုန်းဂမုန်းပွင့်)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
TEL: 09-799-332211,09-799-221133,
09-797-221133

# ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ဖြစ်စဉ်များနှင့်ပတ်သက်၍ မဟုတ်မမှန်သတင်းများ လုပ်ကြံဖြန့်ချိ


**နေပြည်တော်　ဇန်နဝါရီ　၂**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီးနောက် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် သတင်းအမှားများ ဖြန့်ချိခြင်း၊ အခြားနိုင်ငံများမှ ဖြစ်စဉ်များကို မြန်မာနိုင်ငံတွင် ဖြစ်နေသယောင် လုပ်ကြံဖန်တီးဖော်ပြခြင်း စသည်တို့ ဆောင်ရွက်ခဲ့သည်။

ထိုဆောင်ရွက်ချက်များ၊ မဟုတ်မမှန်လုပ်ကြံဖန်တီးထားခြင်းများကို နိုင်ငံတကာသတင်းမီဒီယာများ၊ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများထံ ပေးပို့ဖြန့်ချိခဲ့ပြီး အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ထိုသို့ ဖြန့်ချိခြင်းများကြောင့် သတင်းမီဒီယာအချို့က ချဲ့ကားရေးသားခြင်းများ ပြုလုပ်ခဲ့ကြပြီး နိုင်ငံတကာမှ နားလည်မှုလွဲမှားခြင်းများ ဖြစ်ပေါ်စေခဲ့ကြောင်းနှင့် ထိုသို့ဆောင်ရွက်ခဲ့သော မဟုတ်မမှန် လုပ်ကြံဖန်တီးထားသည့် သတင်းအချို့မှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရသည်-




# မောင်တောမြို့နယ်၌ လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပချိန်နှင့် မကျင်းပမီကာလအတွင်း လုံခြုံရေး အထူးတိုးမြှင့်ဆောင်ရွက်မည်

**မောင်တော　ဇန်နဝါရီ　၂**

မောင်တောမြို့နယ်၌ လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပချိန်နှင့် မကျင်းပမီကာလအတွင်း လုံခြုံရေးအထူးတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့ကျင်းပသည့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားအောင်မြင်စွာကျင်းပရေး အစည်းအဝေးအပြီးတွင် ခရိုင်ရဲတပ်ဖွဲ့မှူးက ပြောသည်။

"အခမ်းအနားတွေ ကျင်းပတဲ့အချိန်မှာ လုံခြုံရေးအတွက် လူအင်အား ၅၀၀ လောက်အထိ ခန့်မှန်းပြီးတော့ လုံခြုံရေးအစီအမံတွေချထားပါတယ်။ နောက်ပြီးတော့ အားကစားပြိုင်ပွဲတွေ ကျင်းပဖို့အတွက် အားကစားကွင်းတွေ၊ အခမ်းအနားကျင်းပမယ့် နေရာတွေကိုလည်း နေ့/ည လုံခြုံရေးအတွက် အထူးအစီအမံတွေ ချမှတ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ အထူးသဖြင့်ကတော့ ဒီဒေသမှာ လုံခြုံရေးကိစ္စပါပဲ။ ညပွဲဆိုတော့ လုံခြုံရေးကိစ္စအတွက် ပိုပြီးတော့ ဂရုစိုက်ရမှာတွေရှိပါတယ်။ နေ့ဘက်ဆိုရင်လည်း လျော့တွက်လို့တော့ မရပါဘူး။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❐



# ကမ္ဘောဇဘဏ် လီမိတက် အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

KBZ BANK

## "ပထမ" နေရာတွင် (၅)နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော အခွန်ထမ်း "ကမ္ဘောဇဘဏ် လီမိတက်" အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး ထမ်းဆောင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံအကျိုးပြုလုပ်ငန်းများ နိုင်ငံသားများတွက် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအတွက် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း နှင့် ဒါရိုက်တာ အဖွဲ့ဝင်များ၊ ဘဏ်ဝန်ထမ်းများအား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး လုပ်ငန်းများ တိုးတက်အောင်မြင်၍ နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း နှစ်သစ်မင်္ဂလာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

SKB

ဦးမောင်မောင် + ဒေါ်အေးတင်
ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ
ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေး လီမိတက်



We must work together! We must build our Nation!
MYANMAR'S LAND
SUCCESS, MOTIVATION AND MANAGEMENT INSTITUTE
Certificate in Modern Marketing
ခေတ်သစ်မာကတ်တင်း စီမံခန့်ခွဲမှုသင်တန်း
လူတိုင်းဟာ မာကတ်တင်းနဲ့ တစ်နည်းနည်း ပတ်သက်နေပါတယ်။ သင်ဟာ ... မာကတ်တင်းပညာနဲ့ တစ်နည်းနည်းပတ်သက်နေသူဆိုရင် ဒီသင်တန်းကို မဖြစ်မနေတက် ရောက်လိုက်ပါ။ အခြေခံမာကတ်တင်း စီမံခန့်ခွဲမှုပညာ၊ မာကတ်တင်းမဟာဗျူဟာများ၊ ခေတ်သစ်မာကတ်တင်း သဘောတရားများ၊ E-commerce အခြေခံ၊ အွန်လိုင်းမာကတ်တင်း၊ Facebook Marketing, Marketing Idea စသည်တို့ကို သင်ကြားပေးပါမည်။
အပတ်စဉ်-စနေနေ့ (2 pm to 5 pm)
၂-လသင်တန်း (၇-၁-၂၀၁၇)နေ့ စမည်။

တော်ဝင်စင်တာ New Campus တွင် သင်ကြားပါမည်။
ABE (UK)၏ ကမ္ဘာ့အမှတ်အများဆုံးဆု (World First) ရရှိထားသော ဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ) ကိုယ်တိုင် သင်ကြားပေးပါမည်။
Campus - Taw Win Centre (3rd Floor). website : www.lynnthaiknyunt.com
Contact : 503172, 09259290273, 09259290274, 0943121060, 09254114537, 095010014



ရွှေ
စိန်ရွှေရတနာဆိုင်
Christmas & New Year မှာ
ရွှေဝယ်ရင်း ထိုင်း တီရှပ်လှလှလေးနဲ့
အခြားလက်ဆောင်ပစ္စည်းလေးတွေရယူကြပါစို့။
(25.12.2016) မှ (26.1.2017)ထိ

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆ (Ext.) ၈၀၁၊ ၈၀၂၊ ၈၀၃



Yaung Chi Thit Lin Moving Service Co.,Ltd
YCL ရောင်ခြည်သစ် (လင်း)
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ
(မြို့တွင်း / နယ်ဝေး)
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၆-လမ်း၊ အမှတ်(၉)၊ ၄-လွှာ (ခေါင်းရင်းခန်း)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးခင်မောင်လတ်[၁၂/ပဘတ(နိုင်)၀၂၀၇၁၆] မှတစ်ဆင့် ဒေါ်ဝင်းဝင်းဟန်[၁၂/သကတ(နိုင်)၁၂၄၆၈၇]မှ ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ဒေါ်ဝင်းဝင်းဟန်ထံမှတစ်ဆင့် ဒေါ်နီနီမွန်[၁၀/မဒန(နိုင်)၀၆၆၃၄၄]က ဝယ်ယူပိုင်ဆိုင်ထားပြီး ဒေါ်နီနီမွန်ထံမှတစ်ဆင့် ဒေါ်ခင်သီတာထွန်း[၆/ထဝန(နိုင်)၀၀၀၂၈၇]က ဝယ်ယူမည်ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ဤသတ်မှတ်ရက်ကျော်လွန်သွားသည်အထိ ကန့်ကွက်ခြင်းမရှိပါက ထိုတိုက်ခန်းရောင်းဝယ်ခြင်းအား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ဒေါ်ခင်သီတာထွန်း**
**အမှတ်(၉)၊ ၁၄၆-လမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊နည်းဥပဒေ-၂၂)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၂၆နှင့်ဆက်သွယ်သည့် ၂၀၁၆ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇၀**

**ဦးမြင့်ထွန်း** (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသူရဝင်းဇော်) **တရားနိုင်**
နှင့်
**ဦးသန့်ဇင်ထွန်း** (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအေးမင်း) **တရားရှုံး**

တရားရှုံး ဦးသန့်ဇင်ထွန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအေးမင်း) အမှတ်-၉၃/၉၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၂၆တွင် ရရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးမြင့်ထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စား လှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ရက် (၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မောင်လတ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်"အဆင့်မြင့်"၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈/U-9)၊ မြေကွက်အမှတ်(၂၆၇)၊ ဧရိယာ(၀. ၁၁၀)ဧက ကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေကွက်သက်သက်ကို မြေကွက်အမည်ပေါက်ပိုင်ရှင် နော်မရီးနာ[၁၂/ကမတ(နိုင်)၀၀၆၂၉၄]ထံမှ ဝယ်ယူရန် ၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ နော်မေမေခင်[၁၂/လမန(နိုင်)၀၂၀၇၅၂]အား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူ ရင်းများနှင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါမြေကွက်ကို တရားဥပဒေနည်းလမ်းတကျ ဆက်လက်၍ စာချုပ်ချုပ်ဆို ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဦးသိန်းညွန့်** |
| **B.Sc, D.A, H.G.P, R.L, D.B.L, D.M.L, D.I.L** | **B.A, H.G.P, R.L, D.B.L, D.M.L, D.I.L** |
| **အထက်တန်းရှေ့နေ(စဉ်-၃၁၀၅၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |
| **ဖုန်း-၀၉-၇၃၀၈၅၀၉၀** | **ဖုန်း-၀၉-၅၀၅၃၁၀၇** |

**အမှတ်(၁၂၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**


MPT
ရှေ့သို့လှမ်းချီမြန်မာပြည်
၆၉
နှစ်မြောက်
လွတ်လပ်ရေးနေ့ကို
ဂုဏ်ပြုကြိုဆိုသောအားဖြင့်
MPT မှငွေဖြည့်လက်ဆောင်
များပေးအပ်လိုက်ပါပြီ . . .
( ၆၉ ) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုပါ၏
ဇန်နဝါရီလ ( ၁ ) ရက်နေ့မှ ( ၄ ) ရက်နေ့အတွင်း ဖုန်းငွေဖြည့်ပြီး ငွေဖြည့်လက်ဆောင်များကို ရယူလိုက်ပါ။
ငွေဖြည့်ပမာဏ (ကျပ်)
ငွေဖြည့်လက်ဆောင် (ကျပ်)
၁,၀၀၀
၂၀၀
၃,၀၀၀
၆၀၀
၅,၀၀၀
၂,၀၀၀
၁၀,၀၀၀
၅,၀၀၀
MPT GSM/WCDMA/CDMA အသုံးပြုသူများအားလုံး ပရိုမိုးရှင်းတွင် အကျုံးဝင်ပါသည်။
ရရှိထားသော ငွေဖြည့်လက်ဆောင်များကို MPT အချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း၊ သုံးသလောက်သာ ကျသင့်မည့် အင်တာနက် တို့အတွက် ရရှိသည့်နေ့မှစ၍ ( ၅ ) ရက်အတွင်း အသုံးပြုနိုင်ပါသည်။
ပိုမိုသိရှိလိုပါက
www.mpt.com.mm
facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

